ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင်ပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 27 May 2019 ၉၆၆၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီးစ်၏ ဖိတ်ကြားချက်အရ ချက်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

ချက်သမ္မတနိုင်ငံခရီးစဉ်အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟန်ဂေရီနိုင်ငံသို့ အလုပ်သဘောခရီးစဉ် ဆက်လက်သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု လုံးဝမရှိအောင် စွမ်းဆောင်ခဲ့သူများအား မှတ်တမ်းတင်ဂုဏ်ပြု
စာမျက်နှာ » ၄

................

အကြိမ်(၆၀) မြောက် နိုင်ငံတကာသချ်ာ အိုလံပစ်ပြိုင်ပွဲ မြန်မာနိုင်ငံ သွားရောက်ယှဉ်ပြိုင်မည်
စာမျက်နှာ » ၅

................

ညွှေသည်ကို ဦးစားပေးသော လူမျိုးပါ
စာမျက်နှာ » ၆

................

စစ်ကိုင်းတိုင်းဒေသကြီးတွင် နမ့်ပဂွန်ချောင်းတံတားနှင့် နမ့်စပိချောင်းတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ
စာမျက်နှာ » ၇



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီနှင့် တာဝန်ရှိသူများ ရှမ်းစု-ချောင်းစောက်-လှည်းဆိပ်- မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# ရှမ်းစု-ချောင်းစောက်-လှည်းဆိပ်- မိုးကြိုးပစ် ကျေးလက်လမ်းဖွင့်ပွဲ ကျုံပျော်မြို့နယ်၌ ကျင်းပ

နေပြည်တော် မေ ၂၆

ကျေးလက်လမ်း၊ တံတားများဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း၏ "ရှမ်းစု-ချောင်းစောက်- လှည်းဆိပ်- မိုးကြိုးပစ်ကျေးလက်ကတ္တရာလမ်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါလမ်းအပိုင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



## ကြေးမုံ

# သန့်ရှင်းသပ်ရပ်သည့်နိုင်ငံတည်ဆောက်

နေ့စဉ်နှင့်အမျှ ပတ်ဝန်းကျင်ကို အကျည်းတန်အရုပ်ဆိုးပြီး ကျန်းမာရေး ထိခိုက်စေသောအရာမှာ အမှိုက်ဖြစ်သည်။ ရန်ကုန်မြို့တွင် မြို့နေလူထု စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမှာ ၈၀ ရာခိုင်နှုန်းမျှရှိပြီး စည်းကမ်းတကျအမှိုက် စွန့်ပစ်မှုမှာ ၂၀ ရာခိုင်နှုန်းမျှသာရှိသည်။ စည်းကမ်းတကျ အမှိုက်စွန့်သည် ဖြစ်စေ၊ မစွန့်သည်ဖြစ်စေ သက်ဆိုင်ရာစည်ပင်အဖွဲ့များက နေ့စဉ် သိမ်းဆည်းပေးနေသည်။

မြို့ပြဒေသနေပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေးကို မည်သို့ပင်ဆောင်ရွက်သော်လည်း အသိတရား လက်ကိုင်မထားသရွေ့ ဖြေရှင်းရခက်သော ပြဿနာတစ်ရပ်ဖြစ်နေသည်။ အကယ်၍သာ အမှိုက်စို၊ အမှိုက်ခြောက်တို့ကို စနစ်တကျစွန့်ပစ်နိုင်ပါက အမှိုက်ပြဿနာ ကိုဖြေရှင်းနိုင်ကာ သန့်ရှင်းသပ်ရပ်သော မြို့ပြများဖြစ်လာပြီး နိုင်ငံတကာ အလယ်တွင် ဂုဏ်ယူဖွယ် ရပ်တည်နိုင်မည်ဖြစ်သည်။

ဒေသဆိုင်ရာအစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများက အမှိုက်ပြဿနာ ကိုအဖြေရှာ၍ တတ်နိုင်သမျှ ဖြေရှင်းပေးနေသော်လည်း ရှေ့ကရှင်း၊ နောက်ကရှုပ်ဖြင့် ဖြေရှင်း၍မဆုံးဖြစ်နေသည်။ မြန်မာနိုင်ငံ၏စီးပွားရေး မြို့တော်လည်းဖြစ်၊ လူဦးရေအထူထပ်ဆုံးလည်းဖြစ်သည့် ရန်ကုန်မြို့တွင် နေ့စဉ် အမှိုက်တန် ၂၀၀၀ ကျော်ထွက်ရှိပြီး အခြားမြို့ကြီးများတွင် တစ်နေ့လျှင် အမှိုက်တန် ၆၀ ကျော်ထွက်ရှိနေသည်။ အဆိုပါအမှိုက်များကို နိုင်နင်းအောင် သိမ်းဆည်းနိုင်ရေးအလုပ်မှာ အခက်အခဲများစွာရှိနေသည်။

ယင်းကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းရှာကြံဆောင်ရွက်လျက် ရှိရာ ဂျပန်နိုင်ငံ၏ နည်းပညာဖြင့် မြန်မာနှင့်ဂျပန်နိုင်ငံတို့ ပူးပေါင်းတည် ဆောက်သော စွန့်ပစ်အမှိုက်မီးရှို့စက်များ အကောင်အထည်ဖော်ရေး စီမံ ကိန်းသည် အမှိုက်ပြဿနာဖြေရှင်းနည်းတစ်ခုပင်ဖြစ်သည်။ နေ့စဉ်ထွက်ရှိ သော အမှိုက်တန် ၆၀ ကိုမီးရှို့၍ ထွက်ပေါ်လာသော အပူရှိန်ကိုအသုံးပြုကာ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၆၀ ထုတ်လုပ်နိုင်သည့် ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်သဖြင့် လျှပ်စစ်မီးလည်းရ၊ အမှိုက်လည်းရှင်းသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်၍ ကြိုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အပေါ်များဆုံးအရာမှာ အမှိုက်ဖြစ်ပြီး အဆိုပါအမှိုက် များကို စည်းကမ်းတကျစွန့်ပစ်ခြင်း၊ စနစ်တကျသိမ်းဆည်းခြင်း၊ ခေတ်မီ နည်းစနစ်ဖြင့် ဖျက်ဆီးခြင်း၊ လူအများအတွက် အကျိုးရှိအောင် အသုံးချခြင်း စသည်တို့ကို အလေးထားဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းသာယာလှပသည့် အမှိုက်ကင်းစင်သောမြို့များ ပေါ်ထွက်လာမည်ဖြစ်သည်။ အဆိုပါလုပ်ငန်း စဉ်သည် လျော်ကန်သင့်မြတ်ကောင်းမွန်သော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်ဆောင်ရွက်နိုင်မှုအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ရမည် ဖြစ်သည်။

ယခုအခါ မြို့ကြီးအချို့တွင် စတင်စမ်းသပ်ဆောင်ရွက်နေပြီး ရေရှည် စီမံကိန်းဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရေးကို ဆက်လက်လေ့လာဆန်းစစ် လုပ်ကိုင်နေပြီဖြစ်သည်။ အမှိုက်စွန့်ထုတ်မှုအများဆုံးနှင့် အမှိုက်စွန့်ရန် အခက်အခဲရှိသော ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအတွက် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုမဟာဗျူဟာစီမံချက်အတိုင်း ဆောင်ရွက်သွားခြင်းဖြင့် အောင်မြင် မှုရရှိနိုင်ပြီး အခြားမြို့များတွင် ဘဏ္ဍာရေးအခြေအနေနှင့်အညီ ရေရှည် စီမံချက်များဖြင့် တွက်ချက်ဆောင်ရွက်ပြီး သန့်ရှင်းကောင်းမွန်သော မြို့ရွာများပေါ်ထွန်းအောင် တီထွင်ကြံဆ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအစီအစဉ်ကို "အမှိုက်ထဲမှရွှေ" ဟူသောဆိုစကားအတိုင်း ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ပြည်သူများ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ရာ အမှိုက်စွန့်ပစ်သော ပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အထဖြစ်ထွန်းလာအောင် ထူထောင်ပေးရမည်ဖြစ်သည်။ ထိုအလုပ်ကို မြို့နယ်စည်ပင်သာယာတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ရနိုင် မည်မဟုတ်ပေ။ အမှိုက်ပစ်ခြင်း၊ အမှိုက်သိမ်းခြင်းတို့ကို လူမှုရေးအဖွဲ့ အစည်းများ၊ စေတနာရှင် ကုသိုလ်ရှင်များ၊ ရပ်ရွာပြည်သူများကပါ ဝိုင်းဝန်း ပူးပေါင်းလက်တွဲဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ တစ်ဆက် တည်းတွင် အသိပညာပေးခြင်း၊ စည်းကမ်းမလိုက်နာသူများကို အရေးယူ ဆောင်ရွက်ခြင်းတို့ စဉ်ဆက်မပြတ်လုပ်ဆောင်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ သန့်ရှင်းသောမြို့ရွာ၊ သန့်ရှင်းသောနိုင်ငံတော် ဖြစ်ပေါ်လာ ရေးအတွက် အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်သိမ်းခြင်း၊ အမှိုက်ဖျက်ဆီးခြင်းတို့ကို နည်းလမ်းအသွယ်သွယ်ဖြင့်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် ပြည်သူလူထု လက်တွဲပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို Industry 4.0 in Myanmar: Leapfrogging across sectors ညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဂျာမန် စက်မှုနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ (AHK Myanmar)က ဦးဆောင်၍ ရန်ကုန်မြို့ရှိ ဂျာမနီသံရုံး၊ GIZ အဖွဲ့ အစည်းနှင့် ဂျာမနီနိုင်ငံ စီးပွားရေးရာနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ Novotel Hotel ၌ မေ ၂၄ ရက်က ကျင်းပသော Industry 4.0 in Myanmar: Leapfrogging across sectors ညီလာခံသို့ တက်ရောက် အဖွင့်အမှာ စကားပြောကြားပြီး ပြခန်းများကို လှည့်လည် ကြည့်ရှုသည်။

အဆိုပါညီလာခံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Ms. Dorothee Janetzke-Wenzel၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်တို့ အပါအဝင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ Decision Maker များ၊ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေးအသိုက်အဝန်းမှ ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂၄) အကြီးစားစက်ရုံ (ဒဂုံ)သို့ ရောက်ရှိကာ ပြည်ပအတွေ့အကြုံရှိ မြန်မာပညာရှင်များနှင့် ပူးပေါင်းပြီး စင်ကာပူနိုင်ငံ စမ်းသပ်ခန်းတွင် LNG/ CNG/ LPG/ Biogas နှင့် ဒီဇယ်အသုံးပြု Multi-Fuel Engine များအဖြစ် ပြောင်းလဲအောင်မြင်ပြီးဖြစ်၍ Generator နှင့် တွဲဖက်ကာ Silent Type Gen set အဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ထားသော 220 kW နှင့် 140 kW Gen set များ စမ်းသပ်မောင်းနှင်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ယခု Gen set များကို လက်တွေ့ကျကျ အသုံးချရန်အတွက် အမြန်ဆုံး ကြိုးစား ဆောင်ရွက်ကြရန်လိုကြောင်း၊ ဤစမ်းသပ်အောင်မြင်မှုမှသည် ဈေးကွက်ဝင် အဆင့်မြင့်ဓာတ်ငွေ့ အင်ဂျင်များအဖြစ် ဆက်လက်ပြောင်းလဲပြီး မီးစက်၊ သင်္ဘော၊ မီးရထားသုံးအင်ဂျင်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသော အခြားလုပ်ငန်းသုံး ဈေးကွက်ဝင် အင်ဂျင်များ ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ ရရှိလာမည့် နည်းပညာအသစ်များအား ဆင့်ပွားသင်တန်းများပေး၍ လက်တွေ့အကျိုးပြုနိုင်သည်အထိ ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သုတေသနနှင့် စမ်းသပ်တီထွင်မှုများကို အမြဲမပြတ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို Daewoo Bus များ တပ်ဆင်ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထောက်ကြန့်ရှိ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo Bus Myanmar Co., Ltd. မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် ကနဦး တပ်ဆင်ထုတ်လုပ်မည့် Daewoo Lestar Mini Bus နှင့် BS 106 Bus များအား ကိုရီးယားနိုင်ငံတွင် လက်တွေ့သင်တန်းတက်ပြီးဖြစ်သော မြန်မာအင်ဂျင်နီယာများနှင့် ကိုရီးယားပညာရှင်များ ပူးပေါင်း၍ စတင်တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့အဆင့်မီ အရည်အသွေးကောင်းမွန်၍ စီးပွားဖြစ်ထုတ်လုပ်သည့်အဆင့်သို့ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင်လည်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တိကျစွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ After Sale Service ပေးနိုင်ရေးအတွက် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းမှု Workshop များကို တစ်ပြိုင်တည်း ထူထောင်ကြရန် လိုကြောင်း၊ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများ ရရှိစေရေး ဆင့်ပွားသင်တန်းများပေးရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

Daewoo Bus Myanmar စက်ရုံမှ ၂၀၁၉ ခုနှစ်အတွင်း အရည်အသွေးပြည့်မီသော ၁၆ ယောက်စီး Lestar Mini Bus များနှင့် ၄၅ ယောက်စီး BS 106 Bus များ စသည့် ကမ္ဘာ့အဆင့်မီ အရည်အသွေးကောင်းမွန်သည့် ဘေးအန္တရာယ်ကင်းသော မော်တော်ယာဉ်များကို ဈေးကွက်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းထွက်သူပပျောက်ရေး မိဘများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်

**ဝါးခယ်မ မေ ၂၆**

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ပြီး ဝါးခယ်မမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးလုပ်ငန်းများအား မေ ၂၅ ရက် နံနက်ပိုင်းမှစတင်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ပညာရေးဝန်ကြီးဌာနက ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူနိုင်စေဖို့ အခမဲ့ပညာသင်ကြားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ မိဘများအနေနဲ့ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ယူခွင့်ရရှိစေဖို့ သက်ဆိုင်ရာကျောင်းတွေမှာ ကျောင်းအပ်နှံပေးကြဖို့ လိုအပ်ပါတယ်၊ အလားတူ ကျောင်းထွက်သူ ပပျောက်ရေးအနေနဲ့ မည်သည့်အကြောင်းနှင့်ဖြစ်စေ ကလေးငယ်တွေ ပညာရေးကို ဆုံးခန်းတိုင် သင်ယူနိုင်စေဖို့ မိဘတွေပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဦးစဝင်းသန်းက ပြောသည်။

"မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ် ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ မိဘအုပ်ထိန်းသူများက အခြေခံပညာကျောင်းများအရောက် ကျောင်းအပ်နှံပေးကြရန် လိုအပ်ကြောင်း၊ ငါးနှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်၊ ခြောက်နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန် အရေးကြီးပါကြောင်း၊ ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမျိုး မပြုဘဲ ကျောင်းအပ်နှံရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ၁၉၅၇ ခုနှစ် ဇွန် ၁၆ ရက်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

❖ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း/ခရိုင်/ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ Representative of Country Management, Mr. Mark Austin နှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားပထမပိုင်းကို လမ်းမုခ်ဦးရှေ့၌ကျင်းပရာ "ရှမ်းစု-ချောင်းစောက်-လှည်းဆိပ်-မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်း" ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် မန်းဂျော်နီ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်၊ ကမ္ဘာ့ဘဏ်မှ Representative of Country Management, Mr. Mark Austinနှင့် Task Team Lead, Ms. Hinerike Brecht တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင်ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံအတွင်းရှိ ကျေးရွာအားလုံး၏ ၅၀ ရာခိုင်နှုန်းသည် ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီး ကျေးရွာအားလုံး၏ ၃၆ ရာခိုင်နှုန်းသည် နွေရာသီ၌သာ ဆက်သွယ်သွားလာနိုင်ကြသဖြင့် လမ်းမပေါက်သေးသည့် ကျေးရွာများမှာ နိုင်ငံအတွင်းရှိ ကျေးရွာအားလုံး၏ ၁၄ ရာခိုင်နှုန်း ရှိပါကြောင်း။

ကျေးလက်လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ရေရှည်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ဘတ်ဂျက်တစ်ခုတည်းသာမက ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၏ အထောက်အပံ့၊ ချေးငွေအကူအညီယူပြီး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်ကဏ္ဍကလည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ရန်ပုံငွေရရှိရေးကို အထောက်အကူပြုပေးသွားမည်ဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေအကူအညီဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အမေရိကန်ဒေါ်လာသန်း ၇၀ ဖြင့် မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်မည်ဖြစ်သည့်အတွက် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီသော သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော လမ်း၊ တံတားများအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ရေရှည်တည်တံ့အောင် ထိန်းသိမ်း**

ယခုကျေးလက်လမ်းသည် ကမ္ဘာ့ဘဏ်အကူအညီဖြင့်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများကလည်း ယခုကျေးလက်လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရန် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လက်ရှိနိုင်ငံအတွင်း၌ ကျေးရွာပေါင်း ၆၃၈၈၉ ရွာရှိပြီး




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီ၊ ကမ္ဘာ့ဘဏ်မှ Representative of Country Management, Mr. Mark Austin၊ Task Team Lead , Ms.Hinerike Brecht၊ လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများ လမ်းမုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

ကျေးလက်လမ်းမိုင်အရှည်စုစုပေါင်း ၅၅၅၀၇ မိုင်နှင့် ကျေးလက်တံတား ၂၄၁၈၃ စင်းကို တာဝန်ယူတည်ဆောက်ထိန်းသိမ်းလျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၂၅ ဘီလီယံဖြင့် စုစုပေါင်းကျေးလက်လမ်းအရှည် ၂၈၃၈ မိုင်ကို ကွန်ကရစ် ၃၀၆ မိုင်၊ ကတ္တရာလမ်း ၃၂၈ မိုင်၊ ကျောက်ချောလမ်း ၄၂၅ မိုင်၊ ဝဝ်/ဂျင်းလမ်း ၁၀၈၅ မိုင်၊ မြေသားလမ်း ၆၉၄ မိုင်နှင့် စုစုပေါင်း ကျေးလက်တံတား ၁၄၉၈ စင်းကို ကွန်ကရစ်တံတားအစင်း ၄၇၀၊ Box Culvert ၉၀၈ စင်း၊ ရေကျော်/အခြားအစင်း ၈၀ နှင့် ဘေလီ/ကြိုးတံတား ၃၇ စင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း ကျေးလက်လမ်း၊ တံတားတည်ဆောက်ပြုပြင်ရေး လုပ်ငန်းပမာဏများပြားသည့်အတွက် ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခု ရေကြီး၊ ရေလျှံနှင့်မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည် ထူထောင်ရေးစီမံကိန်းသည် ၂၀၁၅ ခုနှစ်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ရေလျှံနှင့်မြေပြိုမှုများခံစားခဲ့ရသည့် ကျေးလက်လမ်းများပြန်လည်ပြုပြင် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၇၀ အတိုးမဲ့ ချေးငွေအကူအညီဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်ပေါင်း ၄၃ မြို့နယ်ရှိ ကျေးလက်လမ်းအရှည် ၁၈၉ မိုင် လေးဖာလုံနှင့် တံတား ၂၉ စင်း ပြန်လည်ပြုပြင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း။

**နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တည်ဆောက်**

ကျုံပျော်မြို့နယ် ရှမ်းစု- ချောင်းစောက်- လှည်းဆိပ်- မိုးကြိုးပစ်ကျေးရွာချင်းဆက် ကတ္တရာလမ်း ၁၄ ကီလိုမီတာကို အသုံးပြုခြင်းအားဖြင့် ပြည်သူများအတွက် အချိန်နာရီဝက်ခန့် သက်သာသွားပြီး သယ်ယူပို့ဆောင်စရိတ် သက်သာသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများက စနစ်တကျ သုံးစွဲပြုပြင်ထိန်းသိမ်းပေးစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်ဘက်မှ Representative of Country Management, Mr. Mark Austin က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ဘဏ်ဘက်မှ Task Team Lead , Ms. Hinerike Brecht က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက "ရှမ်းစု-ချောင်းစောက်-လှည်းဆိပ်-မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်း" ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် ကတ္တရာလမ်းကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရှမ်းစု-ချောင်းစောက်-လှည်းဆိပ်-မိုးကြိုးပစ်ကျေးလက်ကတ္တရာလမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သည့် "ရှမ်းစု-ချောင်းစောက်- လှည်းဆိပ်- မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်း" သည် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ ပတ်ဝန်းကျင်ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၄၈၇ အိမ်၊ လူဦးရေ ၁၀၆၂၇ ဦးတို့ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အညီ ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်း-မက်မန်း တောင်ပေါ်ကားလမ်း ရာသီမရွေးသွားလာနိုင်

**ရန်ကုန် မေ ၂၆**


ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ မိုင်းပျဉ်း-မက်မန်းတောင်ပေါ်ကားလမ်းသည် ၇၅ ဒသမ ၄၃၃ ကီလိုမီတာရှိပြီး ခရိုင်နှင့်မြို့နယ်၊ ကျေးရွာများအား ဆက်သွယ်နိုင်ရန် ဖောက်လုပ်ထားသော ပြည်နယ်အစိုးရက စီမံခန့်ခွဲသည့် လမ်းဖြစ်သည်။

မိုင်းပျဉ်း- မက်မန်းလမ်းသည် မိုင်းပျဉ်းမြို့ ၀/၀ မိုင်မှစတင်၍ မက်မန်းမြို့ အထိ ၇၃/၀ မိုင်အရှည်ရှိပြီး လမ်းအခြေအနေမှာ မိုင် ၀/၀ မှ ၀/၃ အထိ ကတ္တရာလမ်း ၀/၃ မိုင်နှင့် ကျန် ၇၂/၅ မိုင်မှာ မြေသားလမ်းဖြစ်သည်။ တပ်မတော်စစ်အင်ဂျင်နီယာ တပ်ရင်းမှ ဖောက်လုပ်ခဲ့သော နွေရာသီတွင်သာ သွားလာနိုင်သည့် လမ်းဖြစ်ပြီး ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အထိ နယ်မြေခံအင်ဂျင်နီယာတပ်ရင်းမှ ပြုပြင်ထိန်းသိမ်းလျက်ရှိသော လမ်းဖြစ်သည်။

အဆိုပါ မိုင်းပျဉ်း-မက်မန်းလမ်း၏ မိုင်းပျဉ်း-ဝမ်းတာခက်လမ်းအပိုင်း ၂၄ မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုအခါ (၀/၀)မိုင်မှ ၂၀/၇ အထိ မိုင်အား မက်မန်းခရိုင် လမ်းဦးစီးဌာနမှ လည်းကောင်း၊ ၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာနှစ်အထိ ရရှိသည့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈၉၈ ဒသမ ၂၂၆ သန်း သုံးစွဲ၍ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု လုံးဝမရှိအောင် စွမ်းဆောင်ခဲ့သူများအား မှတ်တမ်းတင် ဂုဏ်ပြု

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ တောဆင်ရိုင်းသတ်ဖြတ်ခံရမှုလုံးဝမရှိအောင် စွမ်းဆောင်ခဲ့သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို မေ ၂၅ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ Pullman ဟိုတယ်တွင် ပြုလုပ်သည်။

**အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မိမိတို့အနေဖြင့် အဓိက ဆင်မျိုးဆက်များကို ထိန်းသိမ်းရန် ကြိုးပမ်းနေကြောင်း၊ ဆင်များအား ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုနိုင်ရန် ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ပြီး ယင်းသို့ ထိန်းသိမ်းထားနိုင်ခြင်းအားဖြင့် တောများကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း၊ တောကောင်များကို ထိန်းသိမ်းထားခြင်းဖြင့် နောင်မျိုးဆက်များအား ရေမြေတောတောင်များကို သိမြင်နိုင်မည်ဖြစ်ပြီး သဘာဝအလျောက် ကြီးပြင်းနေသည့် မျိုးစေ့များကို သိနိုင်မည်ဖြစ်ကြောင်း၊ ထိုအမွေအနှစ်များကို ထိန်းသိမ်းထားရန်လိုအပ်ပြီး ထိုတာဝန်ကို ထိန်းသိမ်းစောင့်ရှောက်နေကြသူများအား အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဂုဏ်ပြုခြင်းသည် တစ်နှစ်တာအတွက် မဟုတ်ဘဲ နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ထည့်သွင်းပြောကြားသည်။

**ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်**

ထို့နောက် တောဆင်ရိုင်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များကို ပရိုဂျက်တာဖြင့် ပြသခဲ့ပြီး ဝန်ကြီးချုပ်က နေဒဏ် မိုးဒဏ်များကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး တောဆင်ရိုင်း ထိန်းသိမ်းရေးလုပ်ငန်းကို ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ခဲ့ကြသော တာဝန်ရှိပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တရားမဝင်တောဆင်ရိုင်း သတ်ဖြတ်ခြင်းလုံးဝမရှိတာဟာ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ တရားမဝင် ဆင်တွေ သတ်ဖြတ်ခံနေရတာတွေ မရှိအောင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေ၊ ဆက်စပ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဆင်ကောင်ရေ သတ်ဖြတ်ခံရမှုတွေ လျော့နည်းလာစေရေးနဲ့ ဆင်တွေ ကျက်စားရာ သဘာဝနယ်မြေတွေ ထိန်းသိမ်းဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးလှအေး၊ ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ ကောက်ယူရရှိသော စာရင်းများအရ တရားမဝင်သတ်ဖြတ်ခံရခြင်းကြောင့်လည်းကောင်း၊ သဘာဝအလျောက် သေဆုံးခြင်းကြောင့်လည်းကောင်း ဆင်ကောင်ရေ ၂၂၇ ကောင်သေဆုံးခဲ့ပြီး ထိုအထဲတွင် ၁၂၄ ကောင်မှာ တရားမဝင်သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။ **သီသီမင်း**



# စေတုတ္တရာမြို့နယ်၌ ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ရေရရှိရေးအောင်ပွဲအခမ်းအနား ဖွင့်လှစ်




**စေတုတ္တရာ မေ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်မှုဖြင့် ဖွင့်လှစ်သော ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ရေရရှိရေးအောင်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက စေတုတ္တရာမြို့နယ် မုန်ညှင်းကျေးရွာအုပ်စု ခဲပြစ်ကျေးရွာတွင် ပြုလုပ်ခဲ့သည်။

**အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ရှေးဦးစွာ ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ရေရရှိရေးအောင်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်တို့က ၎င်းတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီးကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ကျေးရွာရေရရှိရေးအတွက် ဆောင်ရွက်မှုပြုလုပ်ထားသော တွင်းနက်တူးဖော်ထားခြင်းနှင့် ရေမြှုပ်ပန့်တပ်ဆင်ထားမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးတွင် အခြေခံပညာကျောင်းပေါင်း ၅၁၁ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိ

**မိတ္ထီလာ မေ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၁၁ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန၏ ယခုနှစ်ကျောင်းအဆင့်တိုးစာရင်းများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းပေါင်း ၅၁၁ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရာတွင် အမက(ခွဲ) ၂၄ ကျောင်း၊ အမက ၂၄ ကျောင်း၊ မူလွန်ကျောင်း ၈၀၊ အလက(ခွဲ) ၉၈ ကျောင်း၊ အလက ၁၁၄ ကျောင်း၊ အထက(ခွဲ ) ၁၅၂ ကျောင်း၊ အထက ၁၉ ကျောင်းတို့ ပါဝင်သည်။

ထိုသို့ကျောင်းအဆင့်တိုးရာတွင် မန္တလေးခရိုင်၌ အထက လေးကျောင်း၊ အထက(ခွဲ) လေးကျောင်း၊ အလက သုံးကျောင်း၊ အလက(ခွဲ) တစ်ကျောင်း၊ မိတ္ထီလာခရိုင်၌ အထက လေးကျောင်း၊ အထက(ခွဲ) ၃၂ ကျောင်း၊ အလက ၂၃ ကျောင်း၊ အလက(ခွဲ) ၁၄ ကျောင်း၊ မူလွန်ကျောင်း ၁၇ ကျောင်း၊ အမက ခြောက်ကျောင်း၊ အမက(ခွဲ) ငါးကျောင်း၊ ညောင်ဦးခရိုင်၌ အထက နှစ်ကျောင်း၊ အထက(ခွဲ) ၄၀၊ အလက ၁၉ ကျောင်း၊ အလက(ခွဲ) ၁၈ ကျောင်း၊ မူလွန်ကိုးကျောင်း၊ အမကတစ်ကျောင်း၊ အမက(ခွဲ) တစ်ကျောင်း၊ ရမည်းသင်းခရိုင်၌ အထက သုံးကျောင်း၊ အထက(ခွဲ) ၁၄ ကျောင်း၊ အလက ၂၀၊ အလက(ခွဲ) ၁၇ ကျောင်း၊ မူလွန် ၁၆ ကျောင်း၊ အမက ရှစ်ကျောင်း၊ အမက(ခွဲ) ကိုးကျောင်း၊ မြင်းခြံခရိုင်၌ အထက(ခွဲ) ၂၅ ကျောင်း၊ အလက ၁၅ ကျောင်း၊ အလက(ခွဲ) ၁၂ ကျောင်း၊ မူလွန် ခြောက်ကျောင်း၊ အမက တစ်ကျောင်း၊ အမက(ခွဲ) နှစ်ကျောင်း၊ ပြင်ဦးလွင်ခရိုင်၌ အထက ငါးကျောင်း၊ အထက(ခွဲ) ၂၈ ကျောင်း၊ အလက ၂၆ ကျောင်း၊ အလက(ခွဲ) ၂၇ ကျောင်း၊ မူလွန်ကျောင်း ၂၀၊ အမက ခုနစ်ကျောင်း၊ အမက(ခွဲ) လေးကျောင်း၊ ကျောက်ဆည်ခရိုင်၌ အထက တစ်ကျောင်း၊ အထက(ခွဲ) ကိုးကျောင်း၊ အလကရှစ်ကျောင်း၊ အလက (ခွဲ) ကိုးကျောင်း၊ မူလွန် ၁၂ ကျောင်း၊ အမကတစ်ကျောင်း၊ အမက(ခွဲ) သုံးကျောင်းတို့ ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ဗန်းမောက်မြို့နယ် နန့်အော့ကျေးရွာတွင် မူးယစ်ဆေးဝါး မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြော

**ဗန်းမောက် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နန့်အော့ကျေးရွာတွင် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်းထွန်း ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ဗန်းမောက်မြို့နယ် နန့်အော့ကျေးရွာ အလယ်တန်းကျောင်းရှိ အစည်းအဝေးခန်းမတွင် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုအန္တရာယ်နှင့် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မံစီကြီးနယ်မြေရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ နန့်အော့ကျေးရွာပြည်သူများနှင့် လာရောက်လေ့လာသူများ စုစုပေါင်းအင်အား ၁၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အကြိမ်(၆၀) မြောက် နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲ မြန်မာနိုင်ငံ သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၆**

ကျောင်းသား ကျောင်းသူများ၏ သင်္ချာအတွေးအခေါ်များ တိုးတက်လာစေရန်၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်သင်္ချာပညာရှင်များ ပေါ်ထွန်းလာစေရန်၊ မြန်မာနိုင်ငံ၏ သင်္ချာအဆင့်အတန်းမြင့်မားလာစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်္ချာဘာသာရပ်ကို ပိုမိုအသုံးပြုလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံသင်္ချာအသင်းက ကြီးမှူးကျင်းပသည့် ဗဟိုအဆင့်သင်္ချာအိုလံပစ် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဒဂုံ)ရှိ ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်ခဲ့**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက International Mathematical Olympiad(IMO) (နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲ)များကို နှစ်စဉ်ကျင်းပလျက်ရှိရာတွင် ၂၀၁၆ ခုနှစ် ဟောင်ကောင်၌ ကျင်းပသည့် (၅၇) ကြိမ်မြောက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင် ၁၀၉ နိုင်ငံတွင် အဆင့် ၉၆ ရရှိခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပသည့် (၅၈) ကြိမ်မြောက် နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲတွင် Honourable Mention ဆုလက်မှတ်နှင့် ၂၀၁၈ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ ကျင်းပသည့် (၅၉) ကြိမ်မြောက် နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲတွင် Honourable Mention ဆုလက်မှတ်များ ရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀၉ နိုင်ငံတွင် အဆင့် ၈၅ သို့ တိုးတက်လာခဲ့ပါကြောင်း။



**သင်ကြားပို့ချသွားမည်**

ယခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ကျင်းပမည့်အကြိမ် (၆၀) မြောက် နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သင်္ချာထူးချွန်စာမေးပွဲများကို ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဗဟိုအဆင့် သင်္ချာထူးချွန်စာမေးပွဲများကို ကျင်းပခဲ့ပါကြောင်း၊ ဗဟိုအဆင့်တွင် ရွေးချယ်ထားသော နဝမတန်းကျောင်းသား ၂၀ နှင့် ဒသမတန်းကျောင်းသား ၂၀ တို့ကို Team Selection Test ဖြင့် ထပ်မံစစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ကျောင်းသားခြောက်ဦးကို ရွေးချယ်သည်ဟု သိရှိရပါကြောင်း၊ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများကို မေ ၂ ရက်မှစ၍ ဇူလိုင် ၆ ရက်အထိ ရန်ကုန်တက္ကသိုလ် သင်္ချာဌာနတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံသင်္ချာအသင်းဥက္ကဋ္ဌ ဒေါက်တာညွန့်ဆွေက အသင်း၏လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံသင်္ချာအသင်းဥက္ကဋ္ဌ ဒေါက်တာညွန့်ဆွေက အလှူရှင်များမှ မြန်မာနိုင်ငံသင်္ချာအသင်းသို့ ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ဆုရရှိကြသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံသင်္ချာအသင်းအတွင်းရေးမှူး ဒေါက်တာစောဝင်းမောင်က မြန်မာနိုင်ငံသင်္ချာအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အင်္ဂလန်နိုင်ငံ၌ ဇူလိုင် ၁၁ ရက်မှ ၂၄ ရက် အထိ ကျင်းပသွားမည့် အကြိမ် (၆၀) မြောက် နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးပြည်သူ့ဆေးရုံကြီး နှစ်ထပ်လူနာဆောင်သစ် လွှဲအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၆**

သုဓမ္မမဏိဇောတဓရဦးထွန်းဖေ - သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွှန့်ညွှန့် "နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှဆောက်လုပ်လှူဒါန်းသော လှည်းကူးပြည်သူ့ဆေးရုံကြီး နှစ်ထပ်လူနာဆောင်သစ် လွှဲအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ**

ရှေးဦးစွာ အလှူရှင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ သုဓမ္မမဏိဇောတဓရဦးထွန်းဖေ-သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွှန့်ညွှန့်တို့က လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံကြီးနှစ်ထပ်လူနာဆောင်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနကိုယ်စား ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးနိုင်ငံလင်းနှင့်သုဓမ္မမဏိဇောတဓရဦးထွန်းဖေ-သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွှန့်ညွှန့်တို့က နှစ်ထပ်လူနာဆောင်ဆေးရုံသစ်ကြီးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာလူနာဆောင်သစ်အား လှည့်လည်ကြည့်ရှုသည်။

**ယာဉ်မတော်တဆမှု များပြား**

အဆိုပါနှစ်ထပ်လူနာဆောင်ဆေးရုံသစ်ကြီးကို ၂၀၁၇ ခုနှစ် မေ ၂၃ ရက်က စတင်ဆောက်လုပ်ခဲ့ရာ



၂၀၁၉ ခုနှစ် မေ ၂၃ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး တန်ဖိုးငွေကျပ် (သိန်းခြောက်ထောင်ခန့်)ကုန်ကျခဲ့သည်။ အရေးပေါ်လူနာကုသခန်းနှစ်ခန်း၊ ခွဲစိတ်ကုသခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများပါရှိရာ အတွင်းလူနာ အယောက်သုံးဆယ်ခန့် တက်ရောက်ကုသနိုင်မည်ဖြစ်ပြီး လှည်းကူးမြို့နယ်သည် ရန်ကုန်-မန္တလေးအမြန်လမ်းသစ်နှင့် လမ်းဟောင်းဆုံရာ (၀)မိုင်တွင်ရှိကာ ယာဉ်မတော်တဆမှုနှင့် အရေးပေါ်လူနာများ များပြားပြီး ပဲခူး-မော်လမြိုင်-ထားဝယ်- မြိတ်မှ လွှဲပြောင်းလိုက်သော အရေးပေါ်လူနာများ လမ်းခရီးတွင်လိုအပ်သောကုသမှု ဝင်ရောက်ဆောင်ရွက်လေ့ရှိသော ဆေးရုံဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနား၌ လီဆူအတန်းပညာ ဆရာ ဆရာမများ ဆင့်ပွားသင်တန်းဆင်း



**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့် လီဆူအတန်းပညာ ဆရာဆရာမများ ဆင့်ပွားသင်တန်းဆင်းပွဲကို မေ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ လီဆူတိုင်းရင်းသားရိုးရာကွင်း ခန်းမဆောင်၌ ကျင်းပရာ သိက္ခာတော်ရဆရာ ဦးဆီးထွယ်က အခမ်းအနားဖွင့် ဝက်ပြုဆုတောင်းခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖူရိလီမီက လီဆူစာပေသမိုင်းနှင့်လီဆူတိုင်းရင်းသားစာပေ ယဉ်ကျေးမှုများကို သင်ကြားနိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စာသင်ကျောင်းပေါင်း ၂၄၅ ကျောင်း၌ ဆရာ ဆရာမပေါင်း ၃၈၇ ဦးတို့က သင်ကြားပို့ချနိုင်ရေး မွေးထုတ်ထားနိုင်ပြီဖြစ်ပါကြောင်း၊ သင်တန်းဆင်းဆရာ ဆရာမများအနေဖြင့် မိမိတို့စာပေအား မိမိတို့တိုင်းရင်းသားရင်သွေးငယ်များ တတ်မြောက်စေရေး စေတနာထား သင်ကြားပေးရန်လိုပါကြောင်း သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာမ ငွါးမတားက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

**လက်ခံရယူခဲ့**

ဆက်လက်၍ လီဆူတိုင်းရင်းသား သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာ အကများ၊ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး မြို့နယ်လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးလားပေါ်ဟူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြလေးဦးက လီဆူအတန်းစာပေ Grade-1 နှင့် Grade-2 ဘာသာရပ်များကို မေ ၁၅ ရက်မှ ၂၅ ရက်အထိ သင်ကြားဆွေးနွေးပေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဧည့်သည်ကို ဦးစားပေးသောလူမျိုးပါ

နိုင်ဦး(DOCA)

မနေ့က နိုင်ငံခြားဇာတ်လမ်းတိုလေးတစ်ခု ကြည့်ဖြစ်သည်။ ဇာတ်လမ်း၏နာမည်က မန်နေဂျာရွေးပွဲတဲ့။ ဇာတ်လမ်းအကျဉ်းက နာမည်ကြီး ကမ္ဘာကျော်ကုမ္ပဏီတစ်ခုက လစာကောင်းသော မန်နေဂျာတစ်ဦး လိုအပ်နေ၍ ယခင်အလုပ်လျှောက်လွှာများထဲမှ ကျန်ရှိသောသူ ၁၂ ဦးကို လူတွေ့မေးမြန်းဖို့ တစ်နာရီအတွင်း ရုံးချုပ်သို့လာရောက်ရန် ဖုန်းဆက်ခေါ်သတဲ့။ ခေါ်တဲ့အချိန်ကိုလည်း တစ်ဦးချင်းသတ်မှတ်ထားသတဲ့။ ၁၂ ဦးထဲမှ ခုနစ်ဦးသာ သတ်မှတ်ချိန်အတွင်းရောက်သတဲ့။ သတ်မှတ်ချိန်အတွင်းရောက်တဲ့ ခုနစ်ဦးကို ခုံတန်းရှည်တွင် ထိုင်ခိုင်းထားပြီး ခုံတန်းရှည်အောက်မှာ စက္ကူစုတ်နှစ်ခု ချထားသတဲ့။ မကြာမီ အင်တာဗျူးမယ့် ဘုတ်အဖွဲ့ဝင်တွေ လာသတဲ့။

## ကိုယ်ပိုင်ဆင်ခြင်တုံတရား

ပထမဆုံးမိန်းကလေး လေးဦးကိုမေးတော့ နိုင်ငံတကာ တက္ကသိုလ်ဘွဲ့တွေတသီကြီးနဲ့ပေါ့။ ယောကျ်ားလေးနှစ်ဦးကို မေးတော့လည်း ထိတ်ထိတ်ကြဲနိုင်ငံတကာတက္ကသိုလ်များမှ ဘွဲ့လက်မှတ်တွေတသီကြီးနဲ့ပေါ့။ သူတို့ကို ဘုတ်အဖွဲ့ဝင်တွေက အလုပ်ခေါ်စာကို စောင့်နေကြရန်ပြောသတဲ့။ သူတို့ မေးသံ၊ ပြောသံတွေကြားနေရတဲ့ နောက်ဆုံးကျန်တဲ့ လူငယ်လေးကတော့ သာမန်ဘွဲ့လက်မှတ်ပဲရှိတော့ စိတ်ညစ်ပြီး အင်တာဗျူးမဖြေဘဲ အခန်းထဲကထွက်ဖို့ ပြင်တုန်း သူထိုင်နေတဲ့ခုံတန်းရှည်အောက်မှာ လုံးခြေထားတဲ့ စက္ကူစုတ်နှစ်ခုတွေ့တော့ ဖြန့်ပြီးဖတ်ကြည့်လိုက်သည်။ တစ်ခုကဘာမျှမရေးထားတဲ့ လက်သုတ် စက္ကူဖြစ်တော့ အမှိုက်ပုံးထဲထည့်လိုက်သည်။ ကျန်တစ်ခုကို ဖြန့်ကြည့်လိုက်တော့ ကုမ္ပဏီရဲ့မန်နေဂျာခန့်အပ်လွှာဖြစ်နေလို့ ဘုတ်အဖွဲ့ဝင်တွေထံသွားပြီး စာရွက်ကို တရိုတသေနဲ့ ကိုင်ပြီး "ဒီမှာလူကြီးမင်းတို့ရဲ့အရေး ကြီးစာရွက်စာတမ်းပါ ခင်ဗျာ"လို့ပြောပြီး စာရွက်ကိုပေးကာ အခန်းအပြင်ဘက်ကို ထွက်သွားသတဲ့။ တံခါးပေါက်အပြင်ဘက်ရောက်ခါနီးမှာ ဘုတ်အဖွဲ့ဥက္ကဋ္ဌက "ဒီမှာ လူကြီးမင်းလေး ကုမ္ပဏီမန်နေဂျာ ခန့်အပ်လွှာမှာ လက်မှတ်မထိုးတော့ဘူးလား"လို့ လှမ်းပြောတယ်။ ထိုအခါ အလုပ်လျှောက်တဲ့လူငယ်က ကျွန်တော်နဲ့ ဘာဆိုင်လို့လဲပြန်ပြောတယ်။ ကုမ္ပဏီဥက္ကဋ္ဌက "ငါတို့ ကုမ္ပဏီမှာ ဘွဲ့လက်မှတ်တွေထက် ကိုယ်ပိုင်ဆင်ခြင်တုံတရားနဲ့ ရိုးသားစွာ စေတနာပါပါ ဝေဖန်ပိုင်းခြားဆုံးဖြတ်တတ်တဲ့ မန်နေဂျာကိုသာ အလိုရှိတာကြောင့် အခုလို စက္ကူစုတ်နှစ်ခုကို ဆောင်ရွက်ထားတာဖြစ်ကြောင်း၊ မင်းကို ငါတို့ မန်နေဂျာအဖြစ် ရွေးချယ်လိုက်ပြီ။ နောက်နေ့ကစပြီး မန်နေဂျာတာဝန်ထမ်းဆောင်ဖို့ ဖိတ်ခေါ်ကြောင်း" ပြောခဲ့သည်။ ဇာတ်လမ်းတိုလေးကတော့ ဒါပါပဲ။ ဘွဲ့လက်မှတ်အထောက်အထားတွေထက် ပင်ကိုရိုးသားစွာ ဆုံးဖြတ်လုပ်ဆောင်မှုသည်သာ လုပ်ငန်းများအတွက် အရေးကြီးကြောင်း ဆိုလိုဟန်ရှိသည်။ ဘာပဲလုပ်လုပ် ကုန်သွယ်တာ၊ စျေးရောင်းတာ စတာတွေလို ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် ဆောင်ရွက်မှုသာ ကောင်းမွန်သော ဆုလာဘ်ကို ရရှိမည်ဖြစ်ပါသည်။ ရေတိုအကျိုးအမြတ် ရရှိရေးထက် ရေရှည်တိုးတက်ကြီးပွားရေးအတွက်သာ မှန်ကန်သောစေတနာဖြင့် ဆောင်ရွက်သင့်သည်။

ကျွန်တော်ငယ်ငယ်တုန်းက အဘိုးပြောခဲ့ဖူးသော "ငါတို့လူမျိုးက ဧည့်သည်ကိုဦးစားပေးတဲ့လူမျိုးပါ" ဆိုတဲ့ စကားလေးကိုလည်း အမှတ်ရမိသည်။ ပြောခဲ့တဲ့အချိန်က ကုန်သွယ်ရေး (၁) ခေတ်ကလို့ထင်တာပဲ။ အခုတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပေါ့လေ။ လယ်သမားတွေ အခက်အခဲဖြစ်မှာစိုးလို့ ကုန်သွယ်ရေးက အမတော်ကြေးငွေတွေကြိုပေးပြီး စပါးပေါ်ချိန်မှာ သတ်မှတ်စျေးနှုန်းနဲ့ဝယ်ချိန်ပေါ့။ အဘိုးက ရွာသူကြီးလည်းဖြစ်တော့ ခွဲတမ်းသွင်းရမယ့်စပါးတွေကို သေသေချာချာပြာ၊ ဖုန်၊ သဲ၊ အမှိုက်မပါစေနဲ့။ ငါတို့သွင်းတဲ့စပါးတွေကို ကြိတ်ခွဲပြီးစားမယ့် နိုင်ငံ့ဝန်ထမ်းတွေ တစ်နည်းအားဖြင့် ဧည့်သည်တွေ ထမင်းကောင်းကောင်း စားနိုင်ကြဖို့ စေတနာထားကြ။ ဧည့်သည်ကိုအိမ်ဦးခန်းမှာထား ဧည့်ဝတ်ပြု ဦးစားပေးတဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းကြတဲ့။ ငယ်စဉ်တုန်းကတော့ ကျွန်တော် သိပ်နားမလည်၊ သေသေချာချာစဉ်းစားကြည့်မှ အဘိုးရဲ့စကားတွေဟာ မှန်နေတာပဲ။ ဘုန်းကြီးကျောင်း ထွက်၊ သေစာရှင်စာ လောက်သာတတ်တဲ့ အဘိုးရဲ့ အမြော်အမြင်ကြီးမှုတွေကို တဖြည်းဖြည်း နားလည်ခဲ့သည်။

## ရောင့်ရဲတင်းတိမ်တတ်

မြန်မာတို့၏စိတ်ရင်းသည် အများအားဖြင့် ဖြူစင်ရိုးသားကြသည်။ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်တတ်သည်။ မိမိအိမ်ကို ဧည့်သည်လာလျှင်ပျော်သည်။ ကောင်းပေ့ညွှန့်ပေ့ဆိုသည့် အစားအစာများနှင့် ဧည့်ခံလိုသည်။ အငတ်ခံ၍ ကျွေးမွေးလိုသည်။ ဧည့်ဝတ်ကျေပွန်မှုကို အထူးဂရုစိုက်သည်။ အစစအရာရာ ဧည့်သည်ကိုဦးစားပေးသည့် ဓလေ့ထုံးစံသည် ယနေ့အထိ တည်ရှိနေသည်။

ကုန်သွယ်မှုပြုလုပ်ရာတွင်လည်း အလားတူပင်ဖြစ်သည်။ ပြည်ပနိုင်ငံသားဧည့်သည်များ မြန်မာ့လယ်ယာထွက်ကုန် သီးနှံတွေကို အရသာရှိစွာ၊ စျေးနှုန်းချိုသာစွာ

**မြန်မာတို့၏စိတ်ရင်းသည် အများအားဖြင့် ဖြူစင်ရိုးသားကြသည်။ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်တတ်သည်။ မိမိအိမ်ကို ဧည့်သည် လာလျှင်ပျော်သည်။ ကောင်းပေ့ညွှန့်ပေ့ဆိုသည့် အစားအစာများနှင့် ဧည့်ခံလိုသည်။ အငတ်ခံ၍ ကျွေးမွေးလိုသည်။ ဧည့်ဝတ်ကျေပွန်မှုကို အထူးဂရုစိုက်သည်။ အစစအရာရာ ဧည့်သည်ကို ဦးစားပေးသည့် ဓလေ့ထုံးစံသည် ယနေ့အထိ တည်ရှိနေ**

ဝယ်ယူစားသုံးနိုင်ရေးအတွက် သူတို့၏ တောင်းဆိုသော စံချိန်၊ စံညွှန်းသတ်မှတ်ချက်များနှင့်အညီ စေတနာထား ဦးစားပေးကာ ဂရုတစိုက် ထုတ်လုပ်တင်ပို့ပေးလျက်ရှိပါသည်။ အများအားဖြင့် ပြည်ပနိုင်ငံများကို စေတနာအရင်းခံထားကာ တင်ပို့လျက်ရှိကြသည်။ သို့သော် ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသလို လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် မသမာသော စီးပွားရေးလုပ်ငန်းရှင်အချို့၏ ပဲထဲကျောက်ခဲထည့်၊ ဆန်ကွဲထဲသဲရောရောင်းချခဲ့၍ မြန်မာ့လယ်ယာထွက်ကုန် ပို့ကုန်ပုံရိပ်ကျဆင်းခဲ့ဖူးသည်။ မကြာမီကလည်း အာဖရိကနိုင်ငံတစ်နိုင်ငံတွင် မြန်မာနိုင်ငံမှ တင်ပို့သောဆန်များကို စားသုံးရန်မသင့်ဟုဆိုကာ ဖျက်ဆီးမှုပုံရိပ်များသည် မီဒီယာများတွင် ကျယ်ပြန့်စွာပါဝင်လာနေသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။

## အာရှ၏ စပါးကျီ

တစ်ချိန်က ဒုတိယကမ္ဘာစစ်ကြီးကြောင့် ဝမ်းရေးအတွက် ဒုက္ခရောက်ချိန်တွင် မြန်မာ့မြေမှ အလျှံအပယ်ထွက်ရှိသော ဆန်စပါးများကို လှူဒါန်းခဲ့သည်။ စျေးနှုန်းချိုသာစွာဖြင့် တင်ပို့ရောင်းချခဲ့သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံကို အာရှ၏စပါးကျီအဖြစ် တင်စားခေါ်ဝေါ်ကြသည်။ နှစ်စဉ်ဆန်တန်ချိန် သန်း ၃၀ မှ ၅၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည့် သက်သေများရှိခဲ့သည်။ ယခုမူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၀၃ က ဆန်တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၃၅၉ သန်းသာ တင်ပို့နိုင်တော့သည့် အခြေအနေရှိရာ ယခုက ရင်ကော့၊ ခေါင်းမော့ပန်းပန်ကာ ဟန်တစ်ခွဲသားနှင့် မာနကြီးစွာနေခဲ့သော မြန်မာ့ဆန်ပုံရိပ်သည် ကျဆင်းလုနီးပါးဖြစ်ခဲ့သည်။ သို့သော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆန်စပါးနှင့် ကုန်သွယ်မှုပြုသူများ၏ လျင်မြန်စွာဖြင့် လက်ဦးမှုရယူဖြေရှင်းဆောင်ရွက်မှုများကြောင့် ယခုအခါ ပုံမှန်ဖြစ်သွားပြီး မြန်မာ့ဆန်များကို ပုံမှန်ကုန်သွယ်မှုများ ဆောင်ရွက်နေသည်ကို တွေ့ရှိရ၍ ဝမ်းသာရသည်။

## မြှင့်တင်ရာရောက်

သို့သော် ပွဲပြီးမီးသေသဘောမထားသင့်ပေ။ မျက်ခြည်မပျက်စောင့်ကြည့်၍ ကုန်သွယ်မှုဆိုင်ရာစိန်ခေါ်မှုများ၊ အရည်အသွေးသတ်မှတ်ချက်များ၊ ကြုံတွေ့ရနိုင်သည့် အခက်အခဲများ၊ အလေးချိန်ကွာခြားချက်များ၊ သက်ဆိုင်ရာ နိုင်ငံများ၏လိုလားချက်များ၊ ဆန်တင်ပို့သော အခြားနိုင်ငံများ၏ယှဉ်ပြိုင်မှုများ စသည်တို့ကို လေ့လာထားသင့်သည်။ သို့မှသာ နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို မြှင့်တင်ရာရောက်သည်။ မိမိနိုင်ငံရှိလုပ်ငန်းရှင်များ၏ အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ပေးရာရောက်သည်။ မိမိနိုင်ငံဖွံ့ဖြိုးရေး၊ တိုးတက်ရေး၊ ခေတ်မီရေးအတွက် တစ်ဖက်တစ်လမ်းမှ အားပေးကူညီရာရောက်သည်။ မြန်မာ့ဆန်သည် ကမ္ဘာ့ဆန်စျေးကွက်တွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စျေးနှုန်းချိုသာသည်။ စေတနာထားဆောင်ရွက်ထားခြင်းကြောင့် ကမ္ဘာ့ဆန်စားသုံးသူများ တွက်ခြေကိုက်သည်။ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ဆန်စျေးကွက်တွင် မျက်နှာပန်းလှနေသည်။ အခြားနိုင်ငံများမှဆန်ထက် စျေးနှုန်း သုံးချိုးတစ်ချိုးခန့်သာ ရှိသည်။ ထို့ကြောင့်ပင် မြန်မာ့ဆန်သည် ကမ္ဘာ့ဆန်စျေးကွက်တွင် ကိုယ်ပိုင်အရည်အချင်းများဖြင့် ထာဝစဉ်ရပ်တည်နေမည်မှာ မလွဲကေန်ဖြစ်ပေမည်။

## ဆောင်ရွက်ထားသင့်

ကမ္ဘာ့ဆန်စျေးကွက်တွင် မြန်မာ့ဆန်၏ ကောင်းမွန်သောပုံရိပ်များ မကျဆင်းစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဆန်တင်ပို့မှုစနစ် ဖြစ်စေရေး၊ ဆန်စပါး သိုလှောင်ကြိတ်ခွဲမှု အရည်အသွေးပြည့်မီရေး၊ အလေအလွင့်နည်းပါးရေး၊ အလေးချိန်မှန်ကန်တိကျမှုရှိစေရေး၊ သယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်ရေး၊ ပြည်ပသို့တင်ပို့ရာတွင် လိုအပ်သည့်စနစ်နှင့် အဖွဲ့အစည်းများထားရှိနိုင်ရေး၊ အရည်အသွေး စစ်ဆေးအဖွဲ့များထားရှိရေး စသည်ဖြင့် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ထားသင့်သည်။ မြန်မာ့ဆန်၏ စိုက်ပျိုး၊ ဝယ်ယူ၊ သယ်ဆောင်၊ သိုလှောင်၊ ကြိတ်ခွဲ၊ သယ်ယူဖြန့်ဖြူးရောင်းချ၊ ပြည်တွင်း၊ ပြည်ပစားသုံးသူထံအရောက် လုပ်ငန်းစဉ်တိုင်း အရေးကြီးသည်။ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဓာတ်ခွဲစစ်ဆေးကိရိယာတွေ ရှိဖို့လိုသည်။ ထိုပစ္စည်းများကို ကိုင်တွယ်အသုံးပြုမည့် ကျွမ်းကျင်သူများလိုသည်။ တင်ပို့ရာတွင်လည်း မိမိဆန်၏ ကောင်းသောပုံရိပ်များကို ကာကွယ်ရန်လိုအပ်မည့် အချက်အလက်များပါဝင်အောင် စာချုပ်ချုပ်ဆိုရန်လိုသည်။ မိမိနိုင်ငံ၏ စစ်ဆေးလက်မှတ်များကို ဆန်တင်သွင်းမည့်နိုင်ငံများက အသိအမှတ်ပြုပေးရန်လိုသည်။ စိုက်ပျိုးချိန်မှ သင်္ဘောပေါ်ရောက်သည့် အဆင့်အထိသာမက ဆန်တင်သွင်းမည့်နိုင်ငံ ဆိပ်ကမ်းသို့ ရောက်ချိန်အထိ အဆင့်တိုင်း၊ လုပ်ငန်းစဉ်တိုင်းတွင် စနစ်တကျရှိရန်လိုသည်။ နိုင်ငံတကာ ကုန်သွယ်ရေး အခေါ်အဝေါ်များ၊ အသုံးအနှုန်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို ကျေကျေညက်ညက် သိရှိရန်လိုသည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲသော ကုန်သွယ်မှုဖြစ်လာပေမည်။

ယေဘုယျအားဖြင့် ရောင်းသူသည် စာချုပ်တွင် ဖော်ပြထားသည့် လိုအပ်ချက်များအတိုင်း ပြုလုပ်ပေးရမည်။ ဝယ်သူသည် ကုန်ရောင်းစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း ကုန်ဖိုးငွေကိုပေးချေရန် တာဝန်ရှိသည်။ ဤတွင် လူသားတို့၏ သဘောသဘာဝအတိုင်း ရောင်းသူနှင့် ဝယ်သူတို့သည် မသိစိတ်တွင် ကွဲပြားခြားနားကြသည်။ ရောင်းသူသည် အမြင့်ဆုံးစျေးနှုန်းဖြင့် ရောင်းချလိုသည်။ ရောင်းသူသည် နည်းလမ်းကုန်ဆုံးသည်အထိ အန္တရာယ်အနည်းဆုံး၊ အခက်အခဲအနည်းဆုံးနှင့် ရောင်းချလိုကြသည်။ ဝယ်သူများကလည်း ကုန်ကျစရိတ်အနည်းဆုံး၊ အနိမ့်ဆုံးစျေးနှုန်းနှင့် ဝယ်ယူပြီး အမြတ်များများရရှိရေးအတွက် ဝယ်သူအသစ်ကို ရောင်းချလိုကြသည်။ လောဘများ၊ အတ္တများကိုအခြေခံကာ ဆောင်ရွက်ကြသဖြင့် တစ်ခါတစ်ရံတွင် တစ်ဖက်ဖက်၌ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရလေ့ရှိသည်။ အဆင်ပြေနေပါက မည်သို့မျှမဖြစ်သော်လည်း အခက်အခဲများ၊ နစ်နာဆုံးရှုံးမှုများဖြစ်လာပါကမူ ကုမ္ပဏီများလည်းမနေရ၊ အသင်းအဖွဲ့များလည်းမအားရ၊ ဝန်ကြီးဌာနများကလည်းဖြေရှင်းရ၊ အစိုးရကလည်း ညှိနှိုင်းပေးရဖြင့် အလုပ်များရှုပ်နေကြတော့သည်။ ခုရှင်းမှနောင်ရှင်းဆိုသလို သတ်မှတ်ထားသော ကုန်သွယ်ရေးစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက် ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

## ကြိုတင်မြော်တွေးဆောင်ရွက်

ရောင်းသူနှင့် ဝယ်သူသည် ကုန်ပစ္စည်းကို ရောင်းဝယ်မှု၊ တစ်နည်းအားဖြင့် ကုန်သွယ်မှုမပြုမီကပင် အရောင်းအဝယ်ပြုမည့် ကုန်ပစ္စည်းအမျိုးအမည်၊ အမျိုးအစား ကြိုတင်သတ်မှတ်ရမည်။ ထိုပစ္စည်းနှင့်ပတ်သက်၍ အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်သဘောတူရမည်။ မည်ရွေ့မည်မျှ ဝယ်ယူမည့်အရေအတွက်ကို ကြိုတင်ဆောင်ရွက်ရမည့်အပြင် တစ်ခါတည်းသယ်ယူမည်၊ ဘယ်နှကြိမ်သယ်ယူမည် စသည်ဖြင့်လည်း အသေးစိတ်သဘောတူရမည်။ စျေးနှုန်းကိုလည်း ကြိုတင်သတ်မှတ်ရမည်။ စျေးနှုန်းအပြောင်းအလဲကြောင့် ဝယ်ယူမှုပဋိညာဉ်ဖောက်ဖျက်ပါက မည်သို့ဖြေရှင်းမည် စသည့်နည်းလမ်းများကိုလည်း စဉ်းစားရမည်။ ငွေပေးချေရာတွင်လည်း ပြည်တွင်းသုံးငွေဖြင့်ရှင်းမည်၊ ပြည်ပသုံးငွေဖြင့်ရှင်းမည်၊ ဘဏ်မှတစ်ဆင့်ပေးချေမည် စသည်ဖြင့် အသေးစိတ် ဆောင်ရွက်ရမည်။ ကုန်ပစ္စည်းနှင့်ပတ်သက်၍ ထုတ်ပိုးမှုပုံစံ၊ ပါဝင်မည့်အမှတ်အသား စသည်တို့ကိုလည်း သဘောတူရမည်။ ကုန်ပစ္စည်းကိုစစ်ဆေးခြင်း၊ ကြိုတင်စစ်ဆေးခြင်းပြုရာတွင်လည်း ပြည်တွင်းရှိ အသိအမှတ်ပြုစမ်းသပ်စစ်ဆေးရေးအဖွဲ့(သို့မဟုတ်) အခြားစစ်ဆေးရေးအဖွဲ့ များ၏ ထောက်ခံချက်ပါဝင်ရမည်ဟု သဘောတူကြရမည်။ ကုန်ပစ္စည်းကို လွှဲပြောင်းရာတွင်လည်း မည်သည့်နည်းလမ်းကို အသုံးပြုမည်ဟု သဘောတူရမည်။ ကုန်ပစ္စည်း၏ သုံးစွဲမှုပြုနိုင်သည့် အချိန်ကာလသတ်မှတ်ချက်၊ မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် သတ်မှတ်အချိန်ကာလထက် ဆောလျင်စွာ ပျက်စီးနိုင်သည့် အခြေအနေများဖြစ်ပါက ရောင်းသူနှင့် ဝယ်သူ နှစ်ဦးနှစ်ဖက် ဖြေရှင်းမည့်နည်းလမ်းများကို ကြိုတင် သဘောတူရမည် စသည်ဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ရှုပ်ထွေး၍ ကျယ်ပြန့်လှသည်။ စာချုပ်တွင် အဆိုပါ အချက်အလက်များနှင့် အခြားဆက်စပ်နိုင်သည့် ကိစ္စများအတွက်ပါ ကြိုတင်မြော်တွေးဆောင်ရွက်ကြရန် လွန်စွာအရေးကြီးပါသည်။ **စာမျက်နှာ ၇ သို့** ❐

# စစ်ကိုင်းတိုင်းဒေသကြီးတွင် နမ့်ပဂွန်ချောင်းတံတားနှင့် နမ့်စပိချောင်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မုံရွာ မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ သက္ကယ်ကျင်း- ဖောင်းပြင်- ဟုမ္မလင်း- ခန္တီး ကားလမ်းမပေါ်ရှိ နမ့်ပဂွန်ချောင်းတံတားနှင့် နမ့်စပိချောင်းတံတား ဖွင့်ပွဲကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါတံတားများ ရှေ့၌ ကျင်းပရာ **(ယာပုံ)** စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်း၊ ရှမ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွှေးမွှေးခင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့သည်။




**ပူးပေါင်းဆောင်ရွက်**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လမ်းပန်းကွန်ရက်များ ချမှတ်ကာ မဖွံ့ဖြိုးသေးသော ဒေသများတွင် လမ်းသစ်များဖောက်လုပ်ခြင်းနှင့် တံတားများတည်ဆောက်ပေးခြင်း၊ ရှိပြီးသား လမ်း/တံတားများကို ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင် တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တံတားကြီးများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးအတွက်လည်း အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းက "ဒီနေ့ ဖွင့်လှစ်ပေးလိုက်တဲ့ နမ့်ပဂွန်တံတာကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်ရှိ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင် ၂၅၈/၀- ၂၅၈/၁ ကြားမှာ တည်ရှိပြီး တံတားအရှည် ၇၀၈ ဒသမ ၆၉၆ ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကမ်းကပ်ခုံ ကိုယ်ထည်၊ ဘိုးပိုင်အုတ်မြစ်တို့နဲ့ တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပါတယ်။

"အလားတူ နမ့်စပိတံတားမှာ သက္ကယ်ကျင်း- ဖောင်းပြင်- ဟုမ္မလင်း- ခန္တီးလမ်း မိုင် ၂၅၃/၄-၂၅၃/၅ ကြားတည်ရှိပြီး တံတားအရှည်ပေ ၄၂၀၊ တံတားအမျိုးအစားမှာ အပေါ်ထည်သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ် ကမ်းကပ်ခုံနဲ့ ကိုယ်ထည်၊ ဘိုးပိုင်အုတ်မြစ်တို့နဲ့ တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပါတယ်" ဟု ရှင်းလင်းတင်ပြခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ နမ့်ပဂွန်ချောင်းတံတား ကမ္ပည်းကျောက်စာတိုင်အား ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ တံတားသစ်ကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် နံနက် ၉ နာရီ ၅၇ မိနစ်တွင် နမ့်စပိတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့**

ယခုတံတားများကို ဖွင့်လှစ်နိုင်သည့်အတွက် သက္ကယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း- ခန္တီးလမ်းမကြီးပေါ်နှင့် လမ်းမကြီးအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများမှာ မော်တော်ယာဉ်များနှင့် ဖြတ်သန်းသွားလာနိုင်မှာဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားလုပ်ငန်းများ တိုးတက်လာကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူများအနေဖြင့် ယခုလိုအရေးပါသည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း- ခန္တီးလမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုရေးမြို့နှင့် ချင်းပြည်နယ်သို့လည်းကောင်း၊ ဖောင်းပြင်-ပင်လယ်ဘူး လမ်းအား အသုံးပြုကာ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးသို့လည်းကောင်း မြန်မာပြည်အရပ်ရပ်ကို အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ နမ့်ပဂွန်ချောင်းတံတားနှင့် နမ့်စပိချောင်းတံတား နှစ်စင်းကို တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူကာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

**သတင်းလမ်းညွှန်**

## သမိုင်းဆိုင်ရာအတွေ့အကြုံများ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ကြီးမှူး၍ **"သမိုင်းဆိုင်ရာအတွေ့အကြုံများ စကားဝိုင်းဆွေးနွေးပွဲ"** ကို အမျိုးသားပြတိုက် (ရန်ကုန်) ပထမထပ်ရှိ အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)၌ ဇွန်လ ပထမပတ်မှစ၍ လေးလလျှင်တစ်ကြိမ် ကျင်းပမည်ဖြစ်ပြီး ပထမအကြိမ် စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ဒေါက်တာကျော်ဝင်း [အတွင်းရေးမှူး မြန်မာသမိုင်းအဖွဲ့(သမိုင်းပါမောက္ခ (ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်] က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မြန်မာသမိုင်းအဖွဲ့ဝင်များဖြစ်သော ဦးသန်းလွင်နှင့် ဦးဂျယ်ရီကြိုင်တို့က ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ သမိုင်းဆိုင်ရာ အသိပညာဗဟုသုတများကို စိတ်ပါဝင်စားသူ အများပြည်သူများအနေဖြင့် မည်သူမဆိုပါဝင်တက်ရောက်နိုင်ပါကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသွားမည်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၉ ခုနှစ် ဇွန် ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကျောက်မျက်ရတနာရောင်းချပွဲကို ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**



## ပန်းတောင်းမြို့တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ပန်းတောင်း မေ ၂၆**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မဥ္ဇူသကအစည်းအဝေးခန်းမ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သီတာအောင်က ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်မှ ကူညီထောက်ပံ့သော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်များအား လွှဲပြောင်းပေးအပ်သည်။

"အခုလိုပုံနှိပ်စာအုပ်၊ ဗလာစာအုပ်တွေကို အခမဲ့ထုတ်ပေးခြင်းနဲ့ ကျောင်းအပ်နှံရာမှာ ငွေကြေးကုန်ကျမှု မရှိခြင်းတို့ကြောင့် ကျောင်းသားမိဘတွေထံက ဝမ်းသာပီတိစကားတွေ ကြားရတယ်။ အရင်နှစ်တွေထက် ကျောင်းအပ်နှံမှုက အများကြီးတိုးတက်လာပါတယ်။ ကျောင်းနေအရွယ်ကလေးတွေ ကျောင်းနေနိုင်ကြပါပြီ။ မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေကိုလည်း ဇွန် ၁ ရက်မှာ တစ်ပြိုင်တည်းဖွင့်လှစ်သင်ကြားပေးသွားမှာပါ" ဟု မြို့နယ်ပညာရေးမှူး ဒေါ်သီတာအောင်က ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**

❐ စာမျက်နှာ ၆ မှ

ကုန်သွယ်မှုလုပ်ငန်းများသည် ကျယ်ပြန့်ရှုပ်ထွေးလှသော်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။ နိုင်ငံကြီးအချို့၏ ကုန်သွယ်ရေးစစ်ပွဲအသွင် ဆောင်ရွက်နေမှု၊ ကုန်သွယ်ဖက်နိုင်ငံအချို့၏ ကျင့်ဝတ်နှင့်မညီစွာ ဆောင်ရွက်နေမှု၊ နည်းပညာအားနည်းမှု၊ ကုန်သွယ်မှုပြုလျက်ရှိသော ပြည်တွင်းကုမ္ပဏီအချို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုများအားနည်းနေမှု၊ အရည်အသွေးစမ်းသပ်စစ်ဆေးသည့် အဖွဲ့အစည်းများ နည်းပါးနေမှု စသည့် အားနည်းချက်များကြောင့် အခက်အခဲအချို့ကြုံတွေ့ရလျက်ရှိသော်လည်း တဖြည်းဖြည်းပြုပြင်ကာ တွေ့ကြုံလာသည့်အခက်အခဲများကို ညှိနှိုင်းဆွေးနွေးအဖြေရှာရင်းဖြင့် ကျော်လွှားဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ကုန်သွယ်မှုပြုလုပ်ရာတွင် မြန်မာတို့၏ စိတ်ရင်းအတိုင်း ဧည့်သည်ကိုဦးစားပေးမည်။ ဧည့်သည်၏ လိုလားချက်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်။ နည်းပညာအားနည်းမှုကိစ္စများကြောင့် အချို့သောကိစ္စများတွင် အခက်အခဲများကြုံတွေ့ရခြင်း၊ အရိုးခံစိတ်ထားဖြင့် ဆောင်ရွက်ပေးမှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံတွေ့ရလျက်ရှိသော်လည်း နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ကုန်သွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်တိကျစွာ ဆောင်ရွက်ပါက မြန်မာ့ကုန်သွယ်မှုလုပ်ငန်းများသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်၊ ပညာရှင်၊ ဌာန၊ အစိုးရတို့မှ စဉ်ဆက်မပြတ် ပူးပေါင်းညှိနှိုင်း အဖြေရှာရင်း ပို့ကုန်ဦးဆောင်သော စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧည့်သည်များဖြစ်သည့် ပြည်တွင်း၊ ပြည်ပစားသုံးသူများ၏ လိုလားချက်၊ တောင်းဆိုချက်များကို စေတနာထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဘောလခဲခရိုင်နှင့် လှိုင်ကော်ခရိုင်များအတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ



**လှိုင်ကော် မေ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့တွင် ကယားပြည်နယ် ဘောလခဲခရိုင်အတွင်းရှိ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်ရုံးများနှင့် လှိုင်ကော်ခရိုင်အတွင်းရှိ ဒီးမော့ဆိုမြို့နယ်ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**မှတ်တမ်းတင်ထားရန်လို**

ဒုတိယဝန်ကြီးက နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် မိမိကိုယ်တိုင် ပျော်ရွှင်စွာနေထိုင်ကြရန်နှင့် လုပ်ငန်းများကို ပျော်ရွှင်စွာ ထမ်းရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းဆိုသည်မှာ ရောက်သည့်အရပ်တွင် ပျော်အောင်နေပြီး တွေ့သည့်သူနှင့်တည့်အောင်ပေါင်းကာ မိမိတို့လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေခံ CSO များ၊ အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးကိုလည်း အထူးဂရုစိုက်ရန်လိုကြောင်း၊ မိမိတို့လုပ်ဆောင်ချက်များကို အထောက်အထားအဖြစ် မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိရန်နှင့် အမှန်အတိုင်း ရေးသားမှတ်တမ်းတင်ထားရန် လိုပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

# အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်းဖြေလျှော့မှု စမ်းသပ်စီမံကိန်းစတင်ခြင်း အခမ်းအနားကျင်းပ




**ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်း ဖြေလျှော့မှုစမ်းသပ်စီမံကိန်း စတင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**ရန်ကုန် မေ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)- VZF တို့ ပူးပေါင်း၍ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်းဖြေလျှော့မှုစမ်းသပ်စီမံကိန်း (EII Pilot Project Launching) စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် (၆) ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာဝင်းရှိ Awei Metta Hotel (Ballroom) ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO) မှ Liaison Officer- Rory Mungoven တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်းဖြေလျှော့မှု စမ်းသပ်စီမံကိန်းကို လာမည့် ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ ဒီဇင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဆက်လက်ဖြေလျှော့သွားမည်**

Pilot ဆောင်ရွက်နေစဉ် ကာလအတွင်း Monitoring and Evaluation (M&E) ကို ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် Pilot ဆောင်ရွက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများကိုပြန်လည်သုံးသပ်ပြီး ကျန်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် မြို့နယ်များ၌ တိုးချဲ့ဆောင်ရွက်ခြင်းအပြင် ကျန်သည့်အကျိုးခံစားခွင့်များကို ဆက်လက်ဖြေလျှော့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)၊ Senior Technical Officer - Ms. Mariana Infante Villarroel က EII Pilot Project ဒီဇိုင်းရေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က EII Pilot Project ဆောင်ရွက်မှုလုပ်ငန်းများအား ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ လူမှုဖူလုံရေးအဖွဲ့တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ❒ တိုယိုတာကုမ္ပဏီမှ

တိုယိုတာကုမ္ပဏီသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ကမ္ဘာ့နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် မော်တော်ကားနှင့် အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံ ၅၀ ရှိပြီး မြန်မာနိုင်ငံ၌ တည်ဆောက်မည့်စက်ရုံမှာ မဟာဗျူဟာမြောက် အခြေစိုက်စခန်းသစ်တစ်ခုဖြစ်လာမည် ဖြစ်သည်။ ပြည်တွင်း၌ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများအတွက် ဦးစားပေးအခွန်မူဝါဒများကို မြန်မာအစိုးရက အကောင်အထည်ဖော်ခဲ့သည်။ ဂျပန်မော်တော်ကားကုမ္ပဏီများအနက် မြန်မာဈေးကွက်အတွင်း Suzuki Motor Corp. က ပထမဆုံးဝင်ရောက်ခဲ့ပြီး ယခုအခါ ဈေးကွက်ဝေစုထက်ဝက်ကျော်ကို လွှမ်းမိုးထားသည်။ Nissan Motor Co နှင့် Ford Motor Co တို့မှာလည်း မြန်မာနိုင်ငံ၌ ဈေးကွက်အခိုင်အမာရရှိထားသည့် မော်တော်ကားကုမ္ပဏီများဖြစ်သည်။ မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်ခြင်းကြောင့် စက်ရုံသစ်တစ်ခုတည်ဆောက်ရန် တိုယိုတာကုမ္ပဏီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုဆုံးဖြတ်ချက်မှာ မြန်မာအစိုးရက ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်သည့် ကြိုးပမ်းမှုများ၏ ရလဒ်ဖြစ်သည်။ မြန်မာနိုင်ငံသားများ၏ တစ်ဦးချင်းဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၁၃၀၀ ခန့်သာရှိသော်လည်း တစ်နှစ်လျှင် မော်တော်ကားစီးရေ တစ်သန်းခန့်ရောင်းချရသည့် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ မြန်မာနိုင်ငံမှာ မော်တော်ကားသစ်များအတွက် ကြီးမားသောဈေးကွက်တစ်ခုဖြစ်လာနိုင်သည့် အလားအလာကောင်းများ ရှိနေသည်။ မြန်မာအစိုးရကလည်း ပြည်တွင်း၌ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများအတွက် ဦးစားပေး အခွန်မူဝါဒများ ဆောင်ရွက်ပေးခြင်းက မော်တော်ကားကုမ္ပဏီအများအပြားကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းရန် သွေးဆောင်ခဲ့သည်။ Myanmar Survey Research Co ၏ အဆိုအရ Suzuki နှင့် Nissan ကုမ္ပဏီများအပြင် တောင်ကိုရီးယားနိုင်ငံမှ Kia Motors Corp နှင့် Hyundai Motors Co၊ အမေရိကန်ပြည်ထောင်စုမှ Ford နှင့် အခြားကုမ္ပဏီများမှာ မြန်မာနိုင်ငံ၌ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မြန်မာအစိုးရသည် ပြည်ပငွေကြေးများအပေါ် ကန့်သတ်ချက်များ ဖြေလျှော့ခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာနသစ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သည့် ဂျပန်နှင့်မြန်မာတို့ပါဝင်သော သီလဝါ အထူးစီးပွားရေးဇုန်ကို မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အောင်မြင်မှုအရှိဆုံး အမှတ်သညာအဖြစ် ခေါ်ဆိုခဲ့ကြပြီး ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခဲ့သည်။

**ကျော်ထိုက်စိုး**
**ကိုးကား--သည်ဂျပန်နယူးစ်**

# ထိခိုက်မှုအာမခံလျော်ကြေးနှင့် အသက်အာမခံလျော်ကြေး ပေးအပ်

**မြဝတီ မေ ၂၆**

မြဝတီမြို့နယ် အာရှလမ်းမ ကွမ်းခြံကုန်းအဆင်းတွင် မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေးနှင့် မြန်မာနိုင်ငံသား ပြည်ပအလုပ်သမား အသက်အာမခံလျော်ကြေး ပေးအပ်ပွဲကို မေ ၂၂ ရက်က မြဝတီခရိုင် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးအတွက် သူတစ်ပါးထိခိုက်မှုလျော်ကြေးငွေကျပ် သိန်း ၂၀ နှင့် မြန်မာနိုင်ငံသား (တရားဝင်) ပြည်ပအလုပ်သမား ရှစ်ဦးအတွက် တစ်ဦးလျှင် တစ်ယူနစ်နှုန်းဖြင့် အသက်အာမခံလျော်ကြေးငွေ ၂၉ သိန်းစုစုပေါင်း ငွေကျပ် ၄၉ သိန်းကို မြန်မာ့အာမခံလုပ်ငန်း မြဝတီခရိုင် ဒုတိယတာဝန်ခံ ဒေါ်နီလာအေးက လူနာရှင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**



မွန်ပြည်နယ် သထုံခရိုင် သုဓမ္မဝတီနယ်မြေရဲစခန်း၌ မေ ၂၆ ရက်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် သုဓမ္မဝတီနယ်မြေစခန်းမှူး ရဲအုပ်တင်ချိုက ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

**လှိုင်ထွန်းအောင်(သထုံ)**

## သဲကန္တာရမဖြစ်ထွန်းရေး သစ်ပင်စိုက်ပျိုးထိန်းသိမ်းပေး



# ချယ်လ်ဆီးအသင်းနည်းပြ ဆာရီ ဂျူဗင်တပ်အသင်းနည်းပြဖြစ်လာမည်

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်း၏ နည်းပြအဖြစ်ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြဆာရီသည် ဂျူဗင်တပ်အသင်းနည်းပြဖြစ်လာမည်ဖြစ်ကာ လက်ရှိတွင် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုရန် သဘောတူညီထားကြောင်း သိရသည်။

- ဂျူဗင်တပ်အသင်းအနေဖြင့် နည်းပြ အယ်လ်လီဂရီက ရာသီကုန်တွင် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်မည်ဟု ကြေညာခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြ ဆာရီအား နည်းပြချုပ်အဖြစ်ခန့်အပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်း၏ ပထမဦးစားပေးပစ်မှတ်မှာ နည်းပြဂွါဒီယိုလာဖြစ်သော်လည်း ဂွါဒီယိုလာက အီတီဟတ်ဒ်တွင် ဆက်ရှိမည်ဟု ပြောခဲ့ခြင်းကြောင့် ဆာရီအား ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းနည်းပြဖြစ်လာရန် နည်းပြအန်တိုနီယိုကွန်တီနှင့် မော်ရင်ဟိုတို့ ရေပန်းစားခဲ့သော်လည်း အီတလီမြေတွင် နာပိုလီအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသည့် ဆာရီအား ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းနှင့် နည်းပြဆာရီတို့မှာ ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထားပြီး ချယ်လ်ဆီးအသင်းနှင့် ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးမှုလည်း ပြုလုပ်ရမည်ဖြစ်သည်။

နည်းပြဆာရီ၏ ချယ်လ်ဆီးအသင်းသည် လာမည့်ဗုဒ္ဓဟူးနေ့တွင် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ဘက် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ဘိုင်ယန်က ပေါင်သန်း ၁၀၀ ကျော်ဖြင့် ကမ်းလှမ်းထားသည့် ဆာနေးအား အသင်း၌ဆက်ရှိရေး တစ်ပတ်ပေါင်တစ်သိန်းခွဲဖြင့် မန်စီးတီး စာချုပ်သစ်ကမ်းလှမ်း

မန်စီးတီးအသင်းသည် အသင်းအတွက် အားထားရသည့် လီရွှိုင်းဆာနေးအား အသင်း၌ ဆက်ရှိရေးကြိုးပမ်းသွားရန် အသင့်ရှိနေသည်ဟုဆိုသည်။

ထို့ကြောင့် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းအနေဖြင့် တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းခွဲဖြင့် ဆာနေးအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကစားသမား၏ အကြံပေးနှင့် ယခုတစ်ပတ်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်းလည်းသိရသည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း ဂျာမနီကြယ်ပွင့်ဆာနေးအား ဘွန်ဒက်လီဂါသို့ ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ပေါင်သန်း ၁၀၀ ကျော်ဖြင့် ကမ်းလှမ်းသွားရန် ရှိနေသည်။ ဆာနေးသည် ယခင်က ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းတွင် ကစားခဲ့ဖူးသူဖြစ်သည်။

မန်စီးတီးအသင်းက ဆာနေးအား အသင်းတွင် ဆက်ရှိရေး လက်ရှိရရှိထားသည့် လုပ်ခလစာ၏ နှစ်ဆပေးမည်ဖြစ်ကြောင်းလည်းသိရသည်။

ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ဟိုးနက်သည် မန်စီးတီးတောင်ပံကစားသမား ဆာနေးအားခေါ်ယူရန် ဆန္ဒရှိနေသည့်အပြင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်နောက်တန်းကစားသမား လူးကတ်ဟာနန်ဒက်ဇ်ကိုလည်း ခေါ်ယူရန်ဆန္ဒရှိနေပြီး အဆိုပါကစားသမားအား ပြောင်းရွှေ့ကြေးပေါင် ၇၂ သန်းပေးမည်မဟုတ်ကြောင်း ပြောကြားထားသည်။ မန်စီးတီးတောင်ပံကစားသမားဆာနေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားအဖြစ် မဲပေးခြင်းခံခဲ့ရသူဖြစ်ပြီး လက်ရှိတွင် မန်စီးတီးအသင်းနှင့် ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။



# ဟာဇက်၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၃၀ အထိ ချယ်လ်ဆီးအသင်း တောင်းဆိုမည်

ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဟာဇက်သည် စတမ်းဖို့ဒ်ဘရစ်ချ်နှင့် စာချုပ်သက်တမ်းမှာ နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ၎င်း၏ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၀၀ (ပေါင် ၈၈ သန်း)သာပေးမည်ဟု ရီးယဲလ်မက်ဒရစ်အသင်းက ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းကမူ ဟာဇက်၏ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၃၀ အထိ တောင်းဆိုမည်ဖြစ်သည်။ ဟာဇက်သည် ၂၀၁၂ ခုနှစ်တွင် ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် လိုင်လီအသင်းမှ ချယ်လ်ဆီးသို့ ရောက်ရှိလာသူဖြစ်ပြီး ၃၅၁ ပွဲကစားပေးထားကာ သွင်းဂိုး ၁၀၈ ဂိုးသွင်းယူထားသည်။ ဟာဇက်သည် အာဆင်နယ်နှင့်ကစားရမည့် ယူရိုပါလိဂ် နောက်ဆုံးပွဲစဉ်ပြီးပါက ၎င်း၏အနာဂတ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း သိရသည်။

# ၂၀၁၉ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ)ပွဲစဉ် ပညာရှင်အဆင့်ပြိုင်ပွဲတွင် ဘိုဘို ဗိုလ်စွဲ

**မော်လမြိုင် မေ ၂၆**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Myanmar Zwe Mann Co., Ltd. မှ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ) ပွဲစဉ် နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲတွင် ဘိုဘို၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် မောင်မဲ၊ အမျိုးသမီးပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်တို့ အသီးသီးဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ ဆက်လက်ကျင်းပရာ Myanmar Golf Tour ကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးမြင့်အောင်က ပြိုင်ပွဲအား လက်ခံကျင်းပပေးသော ရွှေနတ်တောင်ဂေါက်ကွင်းသို့ အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေကျပ်သိန်း ၂၀ နှင့် ပြိုင်ပွဲအား အဓိကကူညီပံ့ပိုးပေးသော Myanmar Zwe Mann Co., Ltd. တို့ကို အမှတ်တရလက်ဆောင်ပေးအပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီး ဗိုလ်မှူးကြီးမောင်မောင်လတ်နှင့် Myanmar Zwe Mann Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်တို့က လက်ခံရယူသည်။


ပြိုင်ပွဲအပြီးတွင် ဆုရကစားသမားများနှင့် တာဝန်ရှိသူများ အမှတ်တရဓာတ်ပုံရိုက်စဉ်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးဌေးအောင်က ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၇ ဖြင့် ဒုတိယရရှိခဲ့သော Flona Khaing နှင့် စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ပထမရရှိခဲ့သော ဖူးပွင့်ရတီခိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၂ ဖြင့် ဒုတိယရရှိခဲ့သော သီဟအောင်နှင့် စုစုပေါင်းရိုက်ချက် ၂၉၁ ဖြင့် ပထမရရှိခဲ့သော မောင်မဲတို့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ အလုပ်အမှုဆောင် ဦးမြင့်အောင်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၇၂ ဖြင့် ပထမရရှိသွားသော ဘိုဘို (HAN Golf Academy) အား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်နှင့် Myanmar Zwe Mann Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်တို့က ဂုဏ်ပြုဆုနှင့် ဆုကြေးငွေချက်လက်မှတ် ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ထပ်ဆင့်ဂုဏ်ပြုဆုအဖြစ် ပညာရှင်အဆင့်ပြိုင်ပွဲ၊ ဝါသနာရှင်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သော အားကစားသမားများအား ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်းငါးသောင်း၊ တတိယဆု တစ်သိန်းတို့ကို Telecom International Myanmar Co., Ltd. (Mytel) မှ Brand Director Mr. Dan Van Thanh က ထပ်ဆင့်ဆုများ ချီးမြှင့်ခဲ့သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

**❖ အာဆီယံကျောင်းသားအားကစားပွဲမှ**

ယနေ့နံနက် ၇ နာရီမှစတင်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသော ပြေးခုန်ပစ်အားကစားနည်း လူရွေးချယ်ပွဲကျင်းပနေပုံ၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Cluster (3) ၌ ကျင်းပသော စားပွဲတင်တင်းနစ်အားကစားနည်း လူရွေးချယ်ပွဲကျင်းပနေပုံ၊ TC(1) ပိုက်ကျော်ခြင်းရုံ၌ ကျင်းပသော ပိုက်ကျော်ခြင်းအားကစားနည်း လူရွေးချယ်ပွဲကျင်းပနေပုံ၊ TC(1) တင်းနစ်ရုံ၌ ကျင်းပသော တင်းနစ်အားကစားနည်း လူရွေးချယ်ပွဲကျင်းပနေပုံနှင့် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသော ရေကူးအားကစားနည်း လူရွေးချယ်ပွဲကျင်းပနေပုံများကို ယှဉ်ပြိုင်နေသော အားကစားသမားများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ရန်ကုန်မြို့မှ**

၈၀၀ ကျော်တို့ လာရောက်ပါဝင်စီးနင်းကြကြောင်း သိရသည်။

“ဒီလို လူထုစက်ဘီးစီးပွဲတွေ ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဘက်မှာလည်း အထောက်အကူပြုစေပါတယ်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု လောင်စာဆီနည်းသွားတဲ့အပြင် စက်ဘီးစီးအားကစားကို လူထုစိတ်ပါဝင်စားလာပြီး စီးရင်းစီးရင်းနဲ့စက်ဘီးကို ပြိုင်ချင်လာမယ်။ စက်ဘီးစီးအားကစားအတွက်လည်း အထောက်အကူအများကြီးရပါတယ်။ ရှေ့ဆက်ပြီးတော့ နွေ၊ မိုး၊ ဆောင်း ရာသီသုံးမျိုးမှာ လစဉ်လတိုင်း ခရိုင်တစ်ခုကို တစ်လတစ်ကြိမ် ကျင်းပသွားမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီးက ပြောသည်။

ယနေ့ စက်ဘီးစီးလှုပ်ရှားမှုတွင် အင်းစိန်မြို့နယ် နံ့သာကုန်းပန်းခြံမှ စတင်တာထွက်ကာ လမ်းသစ်လမ်း - မင်းကြီးလမ်း - အောင်မင်္ဂလာဒုံလမ်း - ခရေပင်လမ်းခွဲ - ပြည်လမ်းအတိုင်း အင်းစိန် နံ့သာကုန်းပန်းခြံသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ လူထုစုပေါင်းစက်ဘီးစီးအားကစားလှုပ်ရှားဆောင်ရွက်ရာတွင် မည်သည့်စက်ဘီးအမျိုးအစားမဆို ဝင်ရောက်စီးနင်းလှုပ်ရှားနိုင်ကြောင်း၊ လာမည့် ဇွန် ၃ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုစက်ဘီးစီးပွဲများကို ကန်တော်ကြီးပတ်လမ်းတွင် (၃၇)ကြိမ်မြောက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထပ်မံ၍ ရန်ကုန်အနောက်ပိုင်းခရိုင် စက်ဘီးစီးပွဲကို အင်းလျားကန်ပတ်လမ်းတွင်လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် စက်ဘီးစီးပွဲကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုတွင် တစ်လစီအလှည့်ကျ လူထုစက်ဘီးစီးလှုပ်ရှားမှုများကို အလှည့်ကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီမှ သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# ကမ္ဘာ့အစာအိမ်နှင့်အူလမ်းကြောင်းရောဂါ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မေ ၂၆**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာဌာနမှူးကြီးမှုး၏ ကမ္ဘာ့ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအထိမ်းအမှတ်နေ့ (World Digestive Health Day 2019) အခမ်းအနားနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရတနာပုံခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌွေးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ အစာအိမ်နှင့် အူလမ်းကြောင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာနွယ်နီနှင့် အထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အစာအိမ်ရောဂါရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မန္တလေး ဆေးတက္ကသိုလ်ပါမောက္ခချုပ်တို့က (၇) ကြိမ်မြောက် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်း အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသ ထားသော မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုအားပေးသည်။



**အဖွင့်အမှာစကားပြောကြား**

ဆက်လက်၍ "Early Diagnosis and Treatment of GI Cancer" “အစာလမ်းကြောင်း ကင်ဆာစောလျင်စွာ ကာကွယ်ကုသပါ” ခေါင်းစဉ်ဖြင့် ဟောပြောပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအစာအိမ်နှင့် အူလမ်းကြောင်း အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနွယ်နီက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး အစာအိမ်နှင့်အူလမ်းကြောင်းဌာန အထူးကု သမားတော်ကြီး ဒေါက်တာကျော်လွန်အောင်မှူးက အစာမျို ပြွန်ကင်ဆာအကြောင်းကိုလည်းကောင်း၊ အဆိုပါ ဌာနမှ အထူးကုသမားတော်ကြီး ဒေါက်တာကျော်စည်သူက အစာအိမ်ကင်ဆာအကြောင်းကိုလည်းကောင်း၊ အထူးကု သမားတော်ကြီး ဒေါက်တာမင်းထွန်းက မုန့်ချိုအိတ်ကင်ဆာ အကြောင်းကိုလည်းကောင်း၊ အထူးကုဆရာဝန်ကြီး ဒေါက်တာနိုင်လင်းက အူမကြီးကင်ဆာအကြောင်းကို လည်းကောင်း သိကောင်းစရာ ဆောင်ရန် ရှောင်ရန် အကြောင်းတို့ကို ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိလို သည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြပြီး အစာအိမ်နှင့်အူလမ်းကြောင်းဌာန ဂုဏ်ထူးဆောင် ပါမောက္ခဒေါက်တာကျော်လှက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# “စရိုက်”ရုပ်ရှင်ဇာတ်ကား မေ ၃၀ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်

**ရန်ကုန် မေ ၂၆**

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်း မိုက်မိုက်(ပြည်)၊ ဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာ အကယ်ဒမီဩရသ ရိုက်ကူးသည့် “စရိုက်” ရုပ်ရှင်ဇာတ်ကား အထူးပွဲကို မေ ၂၅ ရက် ညပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် ပြသခဲ့သည်။

အဆိုပါ “စရိုက် ” ရုပ်ရှင် ဇာတ်ကားတွင် အကယ်ဒမီ လူမင်း၊ ကျော်ထက်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အကယ်ဒမီ ခိုင်သင်းကြည်၊ ဒိန်းဒေါင်၊ မျိုးမျိုးခိုင်နှင့် နာမည်ကြီးသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။



“စရိုက်” ရုပ်ရှင်ဇာတ်ကားတွင် ရပ်ကွက်ထဲ၌ ထစ်ခနဲဆို ရှေ့ဆုံးက ထဘီစွန်တောင်ဆွဲ ရန်ဖြစ်၊ လုံးထွေး နေကျ မုန့်ဟင်းခါးသည် တစ်ခုလပ် မလေး ဘဲဥမအဖြစ် အကယ်ဒမီ ခိုင်သင်းကြည်၊ ဘဲဥမကို လိမ္မာယဉ်ကျေး၊ နူးညံ့သိမ်မွေ့အောင် ဆုံးမ ချင်သည့် ဘေးချင်းကပ်အိမ်မှ ကျောင်းဆရာ လူရိုးလူအေး လူပျိုကြီး ညိုထွန်းလူအဖြစ် အကယ်ဒမီ လူမင်း၊ အိမ်တွင် ဖဲဝိုင်းအမြဲထောင်ပြီး သမီး ဖြစ်သူ မုန့်ဟင်းခါးသည် ဘဲဥမ၏ ပိုက်ဆံပုံးထဲကနေ ပိုက်ဆံနှိုက်၊ ယောက်ျားများနှင့် လုံးထွေးနေတတ်သော မုဆိုးမ မယဉ်လှအဖြစ် အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အိုင်တွေ့လျှင် ခြေဝင်ဆေးတတ်ပြီး အပြောကောင်းသလောက် ရှုပ်ပွေတတ်သူ ကားစပယ်ယာငပွေး တင်မောင်ဝင်း အဖြစ် ကျော်ထက်အောင်တို့က အခြေခံလူတန်းစား ဘဝမျိုးစုံထဲက ထူးခြားသော စရိုက်ပုံစံများအတိုင်း သဘာဝကျကျ သရုပ်ဆောင်ထားကြသည်။

အဆိုပါ “စရိုက်” ရုပ်ရှင် ဇာတ်ကားကို မေ ၃၀ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံ များတွင် ရုံတင်ပြသသွားမည် ဖြစ်သည်။

**မင်းသစ်**(MNA)

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့ ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

**ရန်ကုန် မေ ၂၆**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိသော 33KV (လှော်ကား-အထယ) ဓာတ်အားလိုင်းအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းအပြစ်ဖြစ်ပွားမှု လျော့ကျ စေရေးအတွက် ဓာတ်အားပိတ်၍ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ခြင်းကို မေ ၃၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ဆောင်ရွက် မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်စဉ်ကာလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့အနေဖြင့် ငမိုးရိပ်ရေသန့်စင်စက်ရုံ (အထယ)မှ ရေတွန်းစက်များမောင်းနှင်မှုကို ခေတ္တရပ်နားထားရမည်ဖြစ်၍ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သာကေတ၊ ဒေါပုံမြို့နယ်များနှင့် လှိုင်သာယာစက်မှုဇုန်တို့တွင် ရေပေးဝေမှု ခေတ္တ ပြတ်တောက်မည်ဖြစ်ပြီး ကျန်ရှိသော မြို့နယ်များမှာ ရေအားလျော့နည်းမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းသုံးစွဲနိုင်ကြပါရန်နှင့် လိုအပ်ပါက ခရိုင်မှူး(အရှေ့ပိုင်း) ၀၉-၂၅၀၂၈၃၈၂၃၊ ခရိုင်မှူး(အနောက်ပိုင်း) ၀၉-၂၅၀၂၈၃၈၁၂၊ ခရိုင်မှူး(တောင်ပိုင်း) ၀၉-၅၀၅၄၅၆၅၊ ခရိုင်မှူး (မြောက်ပိုင်း)၀၉-၂၅၃၈၃၅၂၇၅ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ရေသယ်ယာဉ်များတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်ရေရရှိရေး နှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ထံမှ သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်မသန်စွမ်းသူများအသင်းမှ ဒုတိယအကြိမ် သုံးဘီးတပ်ဝှီးချဲများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မသန်စွမ်းသူများအသင်း(NAPD)၊ မသန်စွမ်းသူများ ရှေ့ဆောင်အသင်း(MILI)မီလီ၊အုပ်တွင်းရုံးခွဲနှင့် ထိုင်းနိုင်ငံ အခြေစိုက်(BCMF)တို့ ပူးပေါင်း၍ မသန်စွမ်းသူများအား ဒုတိယအကြိမ်မြောက် သုံးဘီးတပ်ဝှီးချဲများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကံသာအေးရပ်ကွက်တွင် ကျင်းပ ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်မသန်စွမ်းသူများအသင်း(NAPD) ဥက္ကဋ္ဌဦးညီငယ်နှင့် အမှုဆောင်အရာရှိ ဒေါ်ဖြူသီ၊ ဦးဆန်းလှိုင်တို့က အဖွင့် အမှာစကားပြောကြားပြီး နေပြည်တော်မသန်စွမ်းသူများ ရှေ့ဆောင်အသင်း (MILI) ဥက္ကဋ္ဌ ဦးမြင့်ကိုက သုံးဘီးတပ်ဝှီးချဲများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဇေယျာသီရိမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ကိုးဦးအား သုံးဘီးတပ်ဝှီးချဲများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှပ(နေပြည်တော်)**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချီသူများအသင်းမှ စုစည်းတင်ပြသော မေ ၁၇ ရက်မှ ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | ဗိုလ်ချုပ်နှင့်ရှမ်းပြည်သူတို့နှင့် ပင်လုံ | စိုင်းထွန်းနောင် | Myanmar Heritage | ၂၀၀၀ |
| ၂။ | သခင်ဋီကာ | သခင်ကိုယ်တော်မှိုင်း | စိတ်ကူးချိုချို | ၂၂၀၀ |
| ၃။ | သမီးစတာလင် | အထောက်တော်လှအောင် | စိတ်ကူးချိုချို | ၂၈၀၀ |
| ၄။ | ဆံပင်တွေရှည်လာပြီးနောက် | ဆူးရစ်နွယ် | ကျော်မွေး | ၂၅၀၀ |
| ၅။ | တိမ်ကို တိုးတဲ့မြစ် | ကလောင်စုံ | ယဉ်မျိုး | ၁၅၀၀ |
| ၆။ | ပညာတော်သင်ခရီး အတွဲ(၁) | အရှင်နေဗိန္ဒ | သိမ့်ထိုက် | ၂၅၀၀ |
| ၇။ | ရှာရွှန်(သို့မဟုတ်) ရာဇဝင်တွင်တဲ့ သူရဲကောင်း | ထွန်းသစ် | စိတ်ကူးချိုချို | ၆၃၀၀ |
| ၈။ | စိတြပိယာ | ပါရဂူ | စိတ်ကူးချိုချို | ၆၀၀၀ |
| ၉။ | သဒ္ဒါနည်းကျ ရုပ်ရှင်တည်းဖြတ်ပညာ | ဒါရိုက်တာ ကြည်စိုးထွန်း | မျိုးဆက်သစ် | ၄၀၀၀ |
| ၁၀။ | အလယ်တန်းအဆင့် ကိုရီးယားဘာသာ ဝေါဟာရများ | ချမ်းမြမြသော် | အလင်းအိမ် | ၄၀၀၀ |
| ၁၁။ | အေးရိပ်ဆာယာ | မောင်နိုင်လင်း (ကောလင်း) | ယဉ်မျိုး | ၅၀၀၀ |
| ၁၂။ | အမျိုးဘာသာသာသနာ | အရှင် အဂ္ဂသာရ | ယဉ်မျိုး | ၄၀၀၀ |
| ၁၃။ | ဇာတ်လမ်းအနုပညာ သရုပ်ဆောင်လေ့ကျင့်ခန်းများ | ကြည်စိုးထွန်း | မျိုးဆက်သစ် | ၅၀၀၀ |
| ၁၄။ | ဟားဗတ်က သင်မပေးသော စီးပွားရေးပညာ | ဇော်ဝင်းကြူ(ပျဉ်းမနား) | တူဒေး | ၆၀၀၀ |
| ၁၅။ | ပျော်ရွှင်တတ်သော မိုးတိမ်များ | စစ်ငြိမ်း | ကိုလတ် | ၃၀၀၀ |
| ၁၆။ | သိုးဖြူ | ညေး | အိပ်မက်သစ် | ၃၀၀၀ |
| ၁၇။ | ဂိုးလ်ဒါးလ်၏ ငယ်ဘဝပုံပြင်များ | ဒေါက်တာဇော်သန်း | တိုးမြစ် | ၃၀၀၀ |
| ၁၈။ | သူ့ကဗျာတချို့ထဲမှာ ဒဂုန်တာရာကို ရှာကြည့်မိ | နောင်ကျော် | တိုးမြစ် | ၃၀၀၀ |
| ၁၉။ | ပညာရေးစစ်တမ်း | ကိုဌေး(နတ်မောက်) | ယဉ်မျိုး | ၂၅၀၀ |
| ၂၀။ | တိုတောင်း၍ပိုကောင်းသော ဘဝလမ်းညွှန်များ | ဒေါက်တာ အရှင်ကုမုဒ | အာရုဏ်သစ် | ၂၅၀၀ |
| ၂၁။ | ကွန်ပျူတာသုံး အင်္ဂလိပ်စာ | ဒေါက်တာ ခင်မောင်ဝင်း(သချာ) | ဆိပ်ကမ်းသာ | ၃၀၀၀ |
| ၂၂။ | ရန့်သိုက်ယုံကြည်မှုဖြင့် အောင်မြင်ခြင်း (လူငယ်အတွေးစာစုများ) | ကလောင်စုံ | ကောင်းဆုသာ | ၂၀၀၀ |
| ၂၃။ | နှင်းရည်တစ်စက် အိပ်မက်တစ်သက် | အောင်မိုးဝင်း | ရန်ကုန်လမ်းမများ | ၆၀၀၀ |
| ၂၄။ | ကင်းဝန်မင်းကြီး ဦးကောင်း | သန်းဝင်းလှိုင် | ပန်းဆွေမွန် | ၂၅၀၀ |
| ၂၅။ | စလေမင်းခွေး | စစ်ကိုင်း ဦးဘိုးသင်း | စိတ်ကူးချိုချို | ၂၂၀၀ |
| ၂၆။ | စက်ဘီးပေါ်ကနှင်းတွေ | ဇလတ် | ကျော်မွေး | ၂၅၀၀ |
| ၂၇။ | စိတ်ချမ်းသာအောင် ဘယ်လိုနေမလဲနှင့် အခြားဆောင်းပါးများ | လူထုစိန်ဝင်း | နှစ်ကာလများ | ၂၀၀၀ |
| ၂၈။ | ဓမ္မာနုပဿနာသတိပဋ္ဌာန် | ဆရာကြီးဦးကြည် | ဦးကြည် | ၁၂၀၀ |
| ၂၉။ | မုဒိမ်းအကြောင်း ပြောကြတဲ့အခါ | ဉာဏ်သစ် | ကွမ်းခြံလမ်း | ၃၅၀၀ |
| ၃၀။ | ကျွန်တော်နှင့်တပ်ချုပ်ကြီးများ ဆောင်းပါးနှင့် ဦးသိန်းစိန် သမ္မတ ဘာလို့ဖြစ်တာလဲ | ဦးဝင်းထိန် | Win Pa Pa | ၂၆၀၀ |
| ၃၁။ | ဗိုလ်ချုပ်ကြီးနေဝင်း၏ ၁၉၆၆ ခုနှစ် အမေရိကန်ခရီးစဉ် လျှို့ဝှက်ဖိုင်များ | အေးအောင်နှင့် အဲ့ထူးသာပြုစုသည် | အဖြူရောင်စာပေ | ၃၅၀၀ |
| ၃၂။ | သော်တာဆွေ ရာပြည့်အမှတ်တရ လွမ်းတသသ | ကလောင်စုံ | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၃။ | ကြမ္မာမုန်တိုင်း | လင်းခန့် | ကံ့ကော်ဝတ်ရည် | ၆၅၀၀ |
| ၃၄။ | စာပေဆုရဝတ္ထုတိုများပေါင်းချုပ် | သော်တာဆွေ | စိတ်ကူးချိုချို | ၈၀၀၀ |
| ၃၅။ | လူးဝစ်ကာဂိုးလ်၏ အဲလစ်နှင့် အံ့ဖွယ်ကမ္ဘာ | ဂျူနီယာဝင်း | ဆိပ်ကမ်းသာ | ၃၀၀၀ |
| ၃၆။ | ဆီးချို၊ သွေးချိုနှင့် နှလုံးရောဂါများကြောင့် အသက်မဆုံးကြစေဖို့ | ပေါက်ပေါက် | ရန်အောင် | ၁၅၀၀ |
| ၃၇။ | လူ၏အသွင်နှစ်ရပ်ကို ဆင်ခြင်တွေးတောခြင်း | ဒေါက်တာသန်းထွန်း (ရွှေဘို) | မိုးကျော်သူ | ၂၀၀၀ |

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ - ၂၀၁၉ ခုနှစ်

၂၇-၅-၂၀၁၉ရက်မှ ၁-၆-၂၀၁၉ ရက်ထိ မြစ်ကြီးနားတက္ကသိုလ်၊ ကချင်ပြည်နယ်

## ပညာရေးဝန်ကြီးဌာန
## “၂၀၁၉-၂၀၂၀ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှုန်းမြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ထပ်ကျော့ ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- အသက် ၅ နှစ် ပြည့်သူတိုင်းအား သူငယ်တန်း(KG) တွင်လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade-1) တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ဇွန်လမှ မတ်လအထိ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၉-ခုနှစ် ဇူလိုင်လ/ဩဂုတ်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၀ ခုနှစ် မတ်လတွင် တစ်ကြိမ် စုစုပေါင်း (၄)ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသား၊ သမီးများကို တိုက်တွန်းအားပေးပါရန်။
- မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာ တွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်း ဆောင်ရွက်ပါရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းများနှင့် ကုမ္ပဏီကြီးများအတွက်

DECO-TBSP



• ငွေစုစာအုပ်များ • ချက်လက်မှတ်များ / ချက်စာအုပ်များ • ငွေသွင်း / ငွေထုတ်ကဒ်များ
• ကျောင်း/သင်တန်း ဘွဲ့လက်မှတ်များ • ရွှေနှင့်အဖိုးတန်ရတနာ ဘောက်ချာများ • Logo ပါ ATM စက္ကူလိပ်များ
• လုပ်ငန်းသုံး စာရွက်စာတမ်းများ • Carbonless ဘောက်ချာများ

• Saving • Call • Fixed Deposit Passbooks • All type of Cheques • Certificates • Credit / Debit Cards
• MPU • JCB • VISA • Master • Contactless Cards • Member Card • Pin Mailer • Gift Vouchers
• Banking Forms • Business Forms • ATM Rolls • POS Rolls • Thermal Roll with Printing

Myanmar DECO-TBSP Special Products Co., Ltd.
Hlaing Tharyar Industrial Zone (3), Yangon, Myanmar info@decotbsp.com 09 4578 97700, 09 7888 50503, 09 4296 13319

# ဆူမိုနပန်းအားကစားပြိုင်ပွဲတွင် အနိုင်ရရှိသူအား သမ္မတထရန့်က အမေရိကန်သမ္မတဖလား ချီးမြှင့်

**တိုကျို မေ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က the Summer Grand ဆူမိုနပန်းအားကစားပြိုင်ပွဲတွင် အနိုင်ရရှိသူ နပန်းကစားသမားအား အမေရိကန်သမ္မတဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျပန်ဧကရာဇ်ဘုရင်သစ်၏ ထီးနန်းစိုးစံအခါ သမယ၌ ပထမဆုံးသော နိုင်ငံတော်အကြီးအကဲ ဧည့်သည်တော်ဖြစ်သည့် သမ္မတ ထရန့်သည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ချီဘာစီရင်စုရှိ ဂေါက်ကွင်းတစ်ခု၌ ဂေါက်သီးရိုက်ကစားခဲ့ကြောင်း သိရသည်။

ထို့နောက် သမ္မတထရန့်နှင့် ဝန်ကြီးချုပ် အာဘေးတို့သည် မြို့တော်တိုကျိုရှိ the Ryogoku Kokugikan နပန်းကစားကွင်းသို့ ၎င်းတို့၏ဇနီးများနှင့်အတူ သွားရောက်ခဲ့သည်။

သမ္မတထရန့်အတွက် ယခုဆူမိုနပန်းကစားပွဲသို့ ကြည့်ရှုအားပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဆူမိုနပန်းအားကစားပြိုင်ပွဲခန်းမအတွင်းသို့ သမ္မတထရန့်ဝင်ရောက်လာစဉ် ခန်းမအတွင်းရှိ ပရိသတ်များက ၎င်းတို့၏ လက်ကိုင်ဖုန်းများကိုဖွင့်ကာ ကြိုဆိုဂါရဝပြုခဲ့ကြသည်။ သမ္မတထရန့်ကလည်း လက်ဝှေ့ယမ်းပြကာ ပြန်လည်နှုတ်ဆက်ခဲ့သည်။

သမ္မတထရန့်နှင့် ဝန်ကြီးချုပ်အာဘေးတို့သည် ဆူမိုနပန်းကစားပွဲနောက်ဆုံးငါးပွဲကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် သမ္မတထရန့်က နောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့သော ဆူမိုနပန်းကစားသမား အဆာနိုယာမာအား အမေရိကန်သမ္မတဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါဖလားသည် အမြင့် ၁၃၇ စင်တီမီတာရှိပြီး အလေးချိန် ၃၀ ကီလိုဂရမ်ရှိကြောင်း သိရသည်။

ထို့နောက် ခေါင်းဆောင်နှစ်ဦးနှင့် ၎င်းတို့၏ ဇနီးများသည် တိုကျိုမြို့ရှိ ဂျပန်ရိုးရာစားသောက်ဆိုင်တစ်ခုတွင် ညစာသုံးဆောင်ခဲ့ကြသည်။

(၁၁) ကြိမ်မြောက် အမေရိကန်-ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို မေ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ထိုင်းဝန်ကြီးချုပ်ဟောင်း ပရမ် တင်ဆုလန်နန်ဒါ အသက် ၉၈ နှစ်တွင် ကွယ်လွန်

**ဗန်ကောက် မေ ၂၆**

ထိုင်းဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆု လန်နန်ဒါသည် ဗန်ကောက်မြို့ရှိ ဆေးရုံတစ်ရုံတွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အသက် ၉၈ နှစ်အရွယ်ရှိ ဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆု လန်နန်ဒါသည် ထိုင်းနိုင်ငံကို ဒီမိုကရေစီစနစ်စတင်ကျင့်သုံးရန် ပြုစုပျိုးထောင်ပေးခဲ့သည့် ဝန်ကြီးချုပ်တစ်ဦးဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆု လန်နန်ဒါကို ထိုင်းနိုင်ငံတောင်ပိုင်းတွင် မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် တိုင်းမှူးအဖြစ် နိုင်ငံတော်တာဝန်များကို ထမ်းရွက်ခဲ့သည်။ နှစ်နှစ်အကြာတွင် ၎င်းအား ပါလီမန်က ဝန်ကြီးချုပ်ရာထူးပေးအပ်ခဲ့ပြီး နိုင်ငံတော်တာဝန်များကို ထမ်းရွက်စေခဲ့သည်။

ကွယ်လွန်သွားပြီဖြစ်သော ထိုင်းဘုရင် ဘူမိဘောအဒူယာဒက်၏ ယုံကြည်မှုအပြည့်အဝရရှိထားသော ဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆု လန်နန်ဒါသည် ထိုင်းနိုင်ငံရေး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေခဲ့သည်။

၁၉၈၄ ခုနှစ် ထိုင်းနိုင်ငံ၌ စီးပွားရေးပျက်ကပ်ဖြင့် ရင်ဆိုင်နေရချိန်တွင် ထိုင်းဘတ်ငွေတန်ဖိုးကို လျှော့ချပစ်ခဲ့သည်။ ယင်းသို့ ငွေတန်ဖိုးလျှော့ချခဲ့ခြင်းကြောင့် နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ထွက်ပေါ်လာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆု လန်နန်ဒါသည် ရှစ်နှစ်ကြာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်တွင် ဘုရင်ဘူမိဘော၏ မင်းတိုင်ပင်အဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆု လန်နန်ဒါသည် မေ ၄ ရက်တွင် ကျင်းပခဲ့သည့် ဘုရင်မဟာဗာဂျီရာလောင်ကွန်း၏ ထီးနန်းဆက်ခံ ဘိသိက်ခံယူပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ပီရူးနိုင်ငံတွင် အင်အားပြင်း ငလျင်တစ်ခု လှုပ်ခတ်

**လီမာ မေ ၂၆**

ပီရူးနိုင်ငံတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် အာဏာပိုင်များက ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို ခန့်မှန်းတွက်ချက်လျက်ရှိကြောင်း သိရသည်။

ပြင်းအား ၈ ဒသမ သုည မဂ္ဂနီကျူရှိသော ငလျင်တစ်ခုသည် မေ ၂၆ ရက်တွင် ပီရူးနိုင်ငံမြောက်အလယ်ပိုင်းဒေသရှိ လာဂူနာစ်မြို့အနီးတွင် ဗဟိုပြုလှုပ်ခတ်ခဲ့သည်ဟု အမေရိကန် ဇလဗေဒသုတေသီအဖွဲ့က ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်အနီးတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း ပီရူးအစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်ဒဏ်ခံစားခဲ့ရသည့်ဒေသတွင် အဆောက်အအုံများ နံရံများပြိုကျခဲ့ရာ မှတ်တမ်းတင်ဓာတ်ပုံများတွင် တွေ့မြင်ရသည်။

အပျက်အစီးပမာဏ မည်မျှရှိကြောင်းနှင့်စပ်လျဉ်း၍ ရဲအရာရှိများက လိုက်လံကြည့်ရှုကာ တွက်ချက်လျက်ရှိသည်။ ငလျင်ဗဟိုချက်အနီးဒေသများတွင် လျှပ်စစ်မီးပေးဝေမှု ပြတ်တောက်လျက်ရှိကြောင်း ဒေသန္တရ မီဒီယာက သတင်းဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့်ပတ်သက်မှုရှိသူ ၁၀၀ နီးပါးကို သီရိလင်္ကာလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီး



**ကိုလံဘို မေ ၂၆**

သီရိလင်္ကာနိုင်ငံအတွင်း၌ လူပေါင်း ၂၅၈ ဦးခန့် သေဆုံးခဲ့သော အီစတာအကြမ်းဖက်မှု ဖြစ်ပွားခဲ့ပြီးနောက် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသူများအား နိုင်ငံအတွင်း လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ လေးရက်အတွင်း ၁၀၀ နီးပါး ဖမ်းဆီးနိုင်ခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်က ဆိုသည်။

မေ ၂၃ ရက်ကစပြီး မြို့တော်အတွင်းနှင့် အနီးဝန်းကျင်နေရာများတွင် တပ်ဖွဲ့ဝင် ၃၀၀၀ ခန့်ကို တပ်ဖြန့်ထားရှိပြီး အခြားသောမြို့များတွင်လည်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ပတ်သက်သူများအား လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ပထမသုံးရက်အတွင်း လုံခြုံရေးတပ်ဖွဲ့များက သင်္ကာမကင်းဖြစ်သူ ၈၇ ဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်ရန် ရဲတပ်ဖွဲ့လက်သို့ အပ်နှင်းခဲ့သည်ဟု စစ်ဘက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအချိန်တွင် ဖမ်းဆီးခံရသည့် သံသယရှိသူအရေအတွက်မှာ ၁၀၀ နီးပါးရှိခဲ့ပြီဖြစ်ကြောင်းနှင့် ၎င်းတို့အနက် အများစုမှာ မူးယစ်ဆေးဝါးများနှင့် တရားမဝင်လက်နက်များ လက်ဝယ်တွေ့ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

အချို့ဖမ်းဆီးခံရသူများမှာ အမျိုးသား Thowheeth Jamaath (NTJ) အဖွဲ့အတွက် အစ္စလာမ္မစ် အစွန်းရောက်ဝါဒဖြန့်ဝေမှုတို့ကြောင့် ဖြစ်သည်။ အဆိုပါ အမျိုးသား Thowheeth Jamaath (NTJ) အဖွဲ့အား အီစတာအကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်ခြင်းအတွက် စွပ်စွဲပြစ်တင်လျက်ရှိသည်။

မြို့တော်ကိုလံဘိုအတွင်းရှိ နေရာအများအပြားကိုလည်း တပ်ဖွဲ့ဝင်များက ပစ်မှတ်ထားရှာဖွေစစ်ဆေးမှုများ ယနေ့ ပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ နိုင်ငံအတွင်း အစ္စလာမ္မစ်အစွန်းရောက် ခြိမ်းခြောက်မှုအန္တရာယ်များ ပြုလုပ်လာခြင်းကြောင့် သမ္မတ မိုင်သရီပါလာ သီရိသေနက အီစတာအကြမ်းဖက်မှုပြီးနောက် အရေးပေါ်အခြေအနေအဖြစ် တစ်လ သတ်မှတ်ခဲ့ရာမှ ယခု ရက်ပေါင်း ၃၀ ခန့် ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အရေးပေါ်အခြေအနေရက်များ တိုးမြှင့်သတ်မှတ်လိုက်ခြင်းသည် ပြည်သူများ၏ လုံခြုံရေးကို အလေးထားကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်ဟု သမ္မတ သီရိသေနက ဆိုသည်။

ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ကြသည့် သီရိလင်္ကာနိုင်ငံတွင် ခရစ်ယာန်ဘာသာဝင် ၇ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အစ္စလာမ်ဘာသာဝင် ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မက္ကဆီကိုနိုင်ငံအလယ်ပိုင်း၌ ရဟတ်ယာဉ် ပျက်ကျ၊ လူ ခြောက်ဦး သေဆုံး



**မက္ကဆီကိုစီးတီး မေ ၂၆**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ကွီရီတေယိုပြည်နယ်၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ သစ်တောဝန်ထမ်းတစ်ဦး အပါအဝင် ရေတပ်မှ တပ်ဖွဲ့ဝင် ငါးဦး စုစုပေါင်း လူ ခြောက်ဦး သေဆုံးခဲ့ကြောင်း အစိုးရက မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

မေ ၂၄ ရက် မွန်းလွဲပိုင်းက ပျက်ကျခဲ့သည်ဆိုသော ရုရှားလုပ် သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် MI-17 ၏ အပျက်အစီးများကို မက္ကဆီကိုအာဏာပိုင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ရေတပ်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ အဆိုပါ ရဟတ်ယာဉ်မှာ ကွီရီတေယိုပြည်နယ်အတွင်း မေလ အစောပိုင်းကတည်းက လောင်ကျွမ်းနေသည့် တောမီးများကို ကူညီငြိမ်းသတ်ပြီးနောက် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ကို ယမန်နေ့ နံနက် ၆ နာရီဝန်းကျင်၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရာသီဥတုဆိုးရွားမှုကြောင့် မေ ၂၄ ရက်နှောင်းပိုင်းက ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရသည်။ မက္ကဆီကိုသမ္မတ အန်ဒရက်စ်မန်နျူရယ်လိုပက်အော်ဘရေဒါက ရေတပ်မှ ဗိုလ်မှူးကြီးတစ်ဦး၊ ဗိုလ်နှစ်ဦးနှင့် ကမ်းတက်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ရဟတ်ယာဉ် ပျက်ကျမှုတွင် အသက်သေဆုံးခဲ့သူများ၏ မိသားစုများသို့ ဝမ်းနည်းစကားများ ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## အစိုးရနှင့် ဆွေးနွေးရန် ကိုယ်စားလှယ်များစေလွှတ်မည်ဟု ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ပြော

**ကာရာကတ်စ် မေ ၂၆**

နော်ဝေနိုင်ငံက ဦးဆောင်သည့် ကြားဝင်စေ့စပ်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် သမ္မတ နီကိုလပ် မာဒူရိုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် အစည်းအဝေးကျင်းပရန် လာမည့်အပတ်တွင် အော်စလိုမြို့တော်သို့ ကိုယ်စားလှယ်များ စေလွှတ်မည်ဖြစ်ကြောင်း ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

"ကျွန်တော့်ရဲ့ ကိုယ်စားလှယ်တွေက နော်ဝေအစိုးရသာမက ဗင်နီဇွဲလားအစိုးရရဲ့ ကိုယ်စားလှယ်တွေနဲ့ပါ ဆွေးနွေးမှာဖြစ်ပါတယ်"ဟု အီဒိုက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဖွဲ့သည် ပြီးခဲ့သော ရက်သတ္တပတ်က တွေ့ဆုံမှုမပြုလုပ်ဘဲ အော်စလိုမြို့တော်သို့ သီးခြားစီ သွားရောက်ခဲ့ကြသည်။

အတိုက်အခံကိုယ်စားလှယ်အဖွဲ့ကို နော်ဝေအစိုးရနှင့် ကနဦးဆွေးနွေးမှုများတွင် ပါဝင်ခဲ့သူ လွှတ်တော်ဒုတိယ နာယက စတာလင်ဂွန်ဇာလက်နှင့် လွှတ်တော်အမတ်ဟောင်း ဂီရာဒိုဘလိုင်းတို့က ဦးဆောင်မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံပေါင်းများစွာက ဗင်နီဇွဲလားနိုင်ငံ၏ ကြားဖြတ်သမ္မတအဖြစ် အသိအမှတ်ပြုခြင်းခံထားရသူ အီဒိုက ပြောသည်။

ဗင်နီဇွဲလား ဆက်သွယ်ရေးဝန်ကြီး ရိုဒရီဂွတ်နှင့် မီရန်ဒါပြည်နယ် အုပ်ချုပ်ရေးမှူး ဟက်တာရိုဒရီဂွတ်တို့မှာ ကနဦးဆွေးနွေးမှုများတွင် အစိုးရအဖွဲ့ကို ကိုယ်စားပြုခဲ့သော်လည်း လာမည့် အစည်းအဝေးတွင် ၎င်းတို့ပါဝင်ခြင်း ရှိ၊ မရှိ ရှင်းရှင်းလင်းလင်းမသိရဟု သတင်းမီဒီယာများက ဖော်ပြသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ပါကစ္စတန်မြို့တစ်မြို့၌ ပြည်သူ ၆၀၀ ကျော် HIV ရောဂါ အပေါင်းလက္ခဏာပြ

**အစ္စလာမ္မာဘတ် မေ ၂၆**

ပါကစ္စတန်နိုင်ငံ တောင်ဘက် ဆင့်ပြည်နယ်တွင် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ခဲ့ရာလူ ၆၀၀ ကျော် HIV ရောဂါအပေါင်းလက္ခဏာပြသခဲ့ပြီး ယင်းတို့အနက် အများစုမှာ ကလေးသူငယ်များဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ရာတိုဒီရိုမြို့နှင့် လာကာနာခရိုင်အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် ဆရာဝန်တစ်ဦးက မသန့်ပြန့်သော ဆေးထိုးအပ်သုံးစွဲမှုကြောင့် လူရာနှင့်ချီ HIV ရောဂါကူးစက်မှုဖြစ်ပွားခဲ့သည်ဟု သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် ရောဂါကူးစက်ပျံ့နှံ့လာမှုနှင့်ပတ်သက်ပြီး နိုင်ငံအတွင်း စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

ရာတိုဒီရိုမြို့တွင် မေ ၂၅ ရက်က ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လူ ၆၈၁ ဦးသည် HIV ရောဂါအပေါင်းလက္ခဏာဆောင်ခဲ့ပြီး ၎င်းတို့အနက် ၅၃၇ ဦးမှာ အသက် နှစ်နှစ်နှင့် ၁၂ နှစ်အကြား ကလေးသူငယ်များဖြစ်ကြောင်း ပါကစ္စတန်အထူးကျန်းမာရေး အကြံပေးပုဂ္ဂိုလ် ဇာဖာမီရ်ဇာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ရာတိုဒီရိုမြို့တွင် လူ ၂၁၃၇၅ ဦးကို စစ်ဆေးခဲ့ရာ HIV ရောဂါစွဲကပ်သူဦးရေ တိုးပွားများပြားလာသည်ကို သိရှိရသဖြင့် အစိုးရအတွက် အလွန်ပင် ဝန်လေးစရာတစ်ခုဖြစ်လာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စင်စစ်အားဖြင့် မသန့်ပြန့်သော ဆေးထိုးအပ်သုံးစွဲခြင်းသည် ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော် ပါကစ္စတန်အစိုးရသည် HIV ရောဂါကူးစက်ပျံ့နှံ့စေသည့် အကြောင်းရင်းများကို အသေးစိတ်သိရှိနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံသည် ယခင်က HIV ရောဂါဖြစ်ပွားမှုနှုန်း နည်းပါးသည့် နိုင်ငံထဲတွင် ပါဝင်ခဲ့သော်လည်း ယခုအခါ ရောဂါကူးစက်မှုနှုန်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် လိင်လုပ်သားများတွင် ရောဂါကူးစက်မှုနှုန်း အလျင်အမြန် ဖြစ်ပွားလာသည်ကို လေ့လာတွေ့ရှိရသည်။

ကုလသမဂ္ဂ၏ အစီရင်ခံချက်အရ ပါကစ္စတန်နိုင်ငံတွင် ၂၀၁၇ ခုနှစ် တစ်နှစ်တည်းအတွင်း၌ လူ ၂၀၀၀၀ ခန့် HIV ရောဂါကူးစက်ခံရပြီး အာရှနိုင်ငံများတွင် HIV ရောဂါကူးစက်မှု ဒုတိယအမြန်ဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**



## သစ်ဖောင်ဆွဲရေယာဉ် ကုန်တင်ရေယာဉ်အား ကျော်တက်စဉ် တက်မနှင့်ချိတ်မိသဖြင့် သစ်ဖောင်ဆွဲရေယာဉ်နစ်မြုပ်၍ ငါးဦးသေဆုံး



**နေပြည်တော် မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ချင်းတွင်းတံတား(မုံရွာ) တိုင်အမှတ်(P 3-4)ကြားတွင် ယနေ့ နံနက် ၈ နာရီခွဲက ဗိုလ်ဇော်အောင်(၁)အမည်ရှိ သစ်သားခွံ သစ်ဖောင်ဆွဲရေယာဉ်နှင့် ရတနာရွှေဇင်အောင် အမည်ရှိ သံခွံကုန်တင်ရေယာဉ်တို့ တိုက်မိပြီး ချိတ်မိနစ်မြုပ်၍ လူငါးဦးသေဆုံး သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုမောင်မောင် မောင်းနှင်ကာ ရေယာဉ်လုပ်သား ၁၁ ဦး လိုက်ပါလာသော ဗိုလ်ဇော်အောင်(၁) သစ်ဖောင်ဆွဲရေယာဉ်သည် ရေယာဉ်လုပ်သားခုနစ်ဦးလိုက်ပါလာသော ရတနာရွှေဇင်အောင် ကုန်တင်ရေယာဉ်အား ဝဲဘက်မှ ကျော်တက်စဉ် တက်မနှင့် ချိတ်မိ၍ သစ်ဖောင်ဆွဲရေယာဉ်မှာ နစ်မြုပ်သွားခဲ့ပြီး ရေယာဉ်ပေါ် လိုက်ပါလာသည့် ရေယာဉ်မောင်း ဆားလင်းကြီးမြို့နယ်နေ ကိုမောင်မောင်၊ တစ်မြို့တည်းနေ ဦးဇာနည်အောင်နှင့် သားဖြစ်သူ မောင်ဖူးသန့်ဇာနည်(၇)နှစ်၊ မောင်ဇွဲသန့်ဇာနည်(၇)လနှင့် ဦးဌေးအောင် (စီစစ်ဆဲ) တို့ငါးဦးမှာ ရေယာဉ်အတွင်းပိတ်မိကာ ရေနစ်သေဆုံးသွားကြောင်း သိရသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## အမြန်လမ်းမကြီးတွင် ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ပျော်ဘွယ် မေ ၂၆**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၅၈ /၅ အနီး ယနေ့နံနက် ၃ နာရီ မိနစ်၄၀ က ယာဉ်တိုက်မှုဖြစ်ပွား၍ နှစ်ဦး သေဆုံးပြီး သံဃာတော်တစ်ပါးနှင့် လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း သန်းထွန်းနိုင် မောင်းနှင်သော Light Truck ယာဉ်အား လားရာတူမှ ယာဉ်မောင်း မင်းဟိန်းထွဋ် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် Light Truck ယာဉ်ပေါ်တွင်လိုက်ပါလာသည့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ပြီး ယာဉ်မောင်း အပါအဝင် လူခုနစ်ဦးနှင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း မင်းဟိန်းထွဋ်အား ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မော်လမြိုင်မြို့ တောင်ဝိုင်းမဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက်၌ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် မေ ၂၆**
မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ တောင်ဝိုင်းမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ယနေ့နံနက် အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီ ၃၅ မိနစ်က မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်တွင် မီးစက်ထားသည့်ကျောင်းဆောင်ရှိ မီးစက်ခန်း၌ မီးစက်ထားရာ လျှပ်စစ်မိန်းခုံမှ မီးပွားများထွက်ကျ၍ အနီးရှိစက်သုံးဆီပုံးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် နှစ်ထပ်ကျောင်းဆောင်အပါအဝင် ကျောင်းတိုက်ပိုင် မီးစက်နှစ်လုံးနှင့် သိုလှောင်ပစ္စည်းအချို့မီးလောင်ခဲ့ကြောင်း သိရသည်။
**ပွင့်သစ္စာ**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

**နေပြည်တော် မေ ၂၆**
တပ်မတော်မှ မံစီမြို့နယ် စီခမ်းကြီးကျေးရွာတွင် မေ ၂၅ ရက် နံနက် ၉ နာရီက ဒေါ်ထု မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**ပြင်ဦးလွင်**

ထို့အတူ ယင်းနေ့နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု ကျောက်ဖြူကျေးရွာ မိုးမိတ်-တွင်းငယ် သွားကားလမ်းပေါ်တွင် ဆန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ဂရမ် ၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

မေ ၂၄ ရက် ညနေ ၅ နာရီခွဲက တပ်မတော်မှ လောက်ကိုင်မြို့နယ် တာဝမ်းတီးကျေးရွာ၏ မြောက်ဘက်ကြံခင်းအတွင်းရှိ တဲတစ်လုံးအား ဝင်ရောက်ရှာဖွေရာ တဲပေါ်ရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၇၂၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**မူဆယ်**

အလားတူ မေ ၂၅ ရက် ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာ မူဆယ်-ကွတ်ခိုင် သွားကားလမ်းပေါ်တွင် TOYOTA GRANDE Mrak II အမျိုးအစားယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ မိုင်းယု(၁၀၅)မိုင်ကျေးရွာမှ မန့်မိုင်ကျေးရွာသွား တောလမ်းထဲတွင် ၎င်းယာဉ်အားတွေ့ရှိရပြီး စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ နှင့် ဘိန်းဖြူဘလောက်တုံး တစ်တုံးတို့ကို လည်းကောင်း။

**လားရှိုး**

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မိုင်းတင်ကျေးရွာအုပ်စု ကောင်းဟုန်းကျေးရွာရှိ အောင်ထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်နှင့် အမေရိကန်နိုင်ငံထုတ် ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည်သုံးတောင့်၊ တရုတ်နိုင်ငံထုတ် ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ငါးတောင့်နှင့် တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။
**ရဲပြန်ကြား**

## ရွှေဘိုမြို့တွင် နေအိမ်အတွင်းဝင်ရောက်၍ ရွှေလက်ကောက်သုံးကျပ်သားနှင့် ငွေကျပ် ၆၀၀၀၀ ခိုးယူ

**ရွှေဘို မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၂၅ ရက် ညနေ ၅ နာရီခွဲ ရွှေဘိုမြို့ အမှတ်(၇) ရပ်ကွက်၌ နေအိမ်အတွင်းဝင်ရောက်၍ ရွှေသုံးကျပ်သားခန့်ရှိ လက်ကောက် ခြောက်ကွင်းနှင့် ငွေကျပ် ၆၀၀၀၀ အခိုးခံရမှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဝင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့တွင် မေ ၂၅ ရက် ညနေ ၅ နာရီခွဲက တရားလို ဒေါ်ရီရီဝင်း အမှတ်(၇) ရပ်ကွက် ရွှေဘိုမြို့နေသူသည် အပြင်မှပြန်လာပြီး နေအိမ်အတွင်းဝင်ရောက်စဉ် အိမ်အဝင်ပေါက်တံခါး ပွင့်နေသဖြင့် အိမ်အတွင်းဝင်ရောက်ကြည့်ရှုရာ အိပ်ခန်းအတွင်းရှိ ကတ္တီပါဘူးအတွင်း ထည့်ထားသည့် ရွှေလက်ကောက်တစ်ကွင်းလျှင် ငါးမူးသားခန့်ရှိ လက်ကောက်ခြောက်ကွင်းနှင့် အိပ်ခန်းအတွင်းရှိ သံဗီရိုအောက်ဆုံးအဆင့်တွင်ထားရှိသော သံစုဘူးအတွင်းမှ ငွေကျပ် ၆၀၀၀၀ ခန့်တို့ ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရွှေဘိုမြို့မရဲစခန်းမှ ဒုရဲအုပ် ငွေလင်းထွန်းက အမှုစစ်အဖြစ်ဆောင်ရွက်လျက်ရှိပြီး ရွှေဘိုမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မိုးသောက် (ရွှေဘို )**

## မင်္ဂလာဒုံမြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ရန်ပြုသဖြင့် သတိပေးပစ်ခတ်ရာမှ တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၂၆**
မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်းမှ ရဲအုပ် သန်းပိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲပိုင်းက မင်္ဂလာဒုံမြို့နယ် (၃/ခ)ရပ်ကွက်နေ ဦးဖိုးလမ်း(ခ) ဝင်းမင်းထွေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ခြံတံခါးဖွင့်မပေးသောကြောင့် ကျော်နင်းဝင်ရောက်စဉ် ဦးဖိုးလမ်း(ခ)ဝင်းမင်းထွေးနှင့် ၎င်း၏သား လင်းမာန်ဦးတို့က ဓားရှည်များကိုယ်စီကိုင်ဆောင်၍ ပြန်လည်ရန်ပြုသဖြင့် ရဲတပ်ဖွဲ့က သေနတ်ဖြင့် သတိပေးပစ်ခတ်ခဲ့ရာ ဦးဖိုးလမ်း (ခ)ဝင်းမင်းထွေးတွင် ယာလက်မောင်း၊ ယာပေါင် ကျည်ဖောက်ဝင်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး လင်းမာန်ဦးတွင် ယာရင်အုံအထက်၊ ဝဲနောက်ကျော နံရိုးအောက်ကျည်ဖောက်ဝင်ဒဏ်ရာ နှစ်ချက်ရရှိပြီး သေဆုံးခဲ့သည်။

ယင်းနောက် အင်းစိန်ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ပြီး နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် ကျော်နန္ဒနှင့် စိတ်ကြွဆေးပြား ၅၆ ပြား၊ ဓားရှည်မျိုးစုံ ၁၀ ချောင်း၊ သံလက်သီးစွပ် နှစ်ခု၊ လှံတစ်ချောင်း၊ လေပစ္စတိုသေနတ် တစ်လက်၊ သံ/ကော်ဘောစေ့ ၈၇ လုံး၊ သံတုတ်နှစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ဦးဖိုးလမ်း(ခ) ဝင်းမင်းထွေးပါ သုံးဦးအား အမှုဖွင့်စစ်ဆေးလျက်ရှိပြီး မူးယစ်ဆေးဝါးကွင်းဆက်တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## သုံးခွမြို့နယ်တွင် ငါးဖမ်းစက်လှေ နှစ်စင်းတိမ်းမှောက်၊ ရေလုပ်သားရှစ်ဦးသေဆုံး

**သုံးခွ မေ ၂၆**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သာသာမြိုင်ကျေးရွာ အရှေ့ဘက်ခြောက်မိုင်ခန့်အကွာ မီးလောင်ချောင်း ပင်လယ်ကမ်းစပ်တွင် မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီက လူသေအလောင်းရှစ်လောင်းတွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူများမှာ ဦးကျော်သူ၊ ဦးကျော်စိုးလွင်၊ ကိုစိုးဦး၊ ကိုလူချော၊ ကိုနိုင်၊ ကိုထွန်းထွန်း၊ ကိုနိုင်ဝင်းနှင့် ကိုအောင်အောင် အလုပ်ကျေးရွာ ပေါင်မြို့နယ် မွန်ပြည်နယ်နေ ရေလုပ်သားများဖြစ်ကြကြောင်း သိရသည်။

စက်လှေနှစ်စင်းဖြင့် ငါးဖမ်းပိုက်ထောင်ထားစဉ် မေ ၂၆ ရက် နံနက် ၁၂ နာရီ ၅ မိနစ်ခန့်က ပင်လယ်ပြင်တွင် မုန်တိုင်းမိ၍ စက်လှေနှစ်စင်း တိမ်းမှောက်နစ်မြုပ်ခဲ့သဖြင့် ရေနစ်သေဆုံးသွားကြောင်း အသက်ရှင်ကျန်ရစ်သူ ပဲ့နင်း ကိုအောင်သန်းဝင်းနှင့် ကိုကျော်ထူးအောင်တို့၏ ပြောပြချက်အရ သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

# သမိုင်းကားမဆုံးသေး

**ဆူးငှက်**

မန္တလေးတွင် အဆောက်အအုံများနှင့်ယှဉ်ပြီး နေရပ်လိပ်စာကိုမှတ်သားကြသည်။ ရှေးသရောအခါက ဘယ်သူမှ အိမ်နံပါတ်၊ အကွက်နံပါတ်နှင့် စကားမပြောကြ။ ယုတ်စွအဆုံး စာတိုက်မှ လိပ်စာပေး၍ စာထည့်လျှင်ပင် အိမ်နံပါတ်၊ လမ်းနံပါတ်သုံးလေ့မရှိ။ ရပ်ကွက်ကြီးနာမည်ပြောမည်။ အနီးဆုံး အဆောက်အအုံကြီးအမည်ပြောမည်။ ဥပမာ - ဆိုပါစို့။ ကိုဖိုးရင်၊ ဂုန္တာန်ဝင်း၊ နဂါးဆေးလိပ်ရုံကြီးအနီး လက်ဆည်ကန်ရပ်ဆိုတာမျိုးပေါ့။

## မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက်

နောက်တော့ အိမ်နံပါတ်တွေ၊ ရပ်ကွက်နံပါတ်တွေ ဖြစ်ကုန်သည်။ မန္တလေးမှာ အဆောက်အအုံများနှင့် ပတ်သက်ပြီး နဂါးဆေးလိပ်လို၊ ကာတစ်တိုက်လို၊ မာရဂျမ်းတိုက်ကြီးလို အထင်ကရတွေလည်း ရှိမည်။ ဓမ္မဗိမာန်လို၊ မလွန်သာသနာ့ဗိမာန်လို သာသနိကအဆောက်အအုံတွေလည်းရှိသည်။ တချို့အဆောက်အအုံတွေက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွေနှင့် ဆက်စပ်နေ၏။ အိမ်တော်ရာဘုရားဝင်းအတွင်းရှိ ၁၄ ခန်းဇရပ်ကြီးဆိုလျှင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက်၊ ဘာသာသာသနာအတွက်၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ရဟန်းသံဃာ၊ ရပ်မိရပ်ဖများ စုစည်းညီညွတ်ကြရာနေရာဖြစ်သည်။ ဟော.. ဓမ္မဗိမာန်ဆိုပါတော့။ အနောက်ကျုံးလမ်းမှာရှိသော ဓမ္မဗိမာန်ကား တစ်ချိန်က မြန်မာစာပေနှင့်ပတ်သက်၍ အာရုံစိုက်စရာကောင်းလှသည့် စာတမ်းအသီးသီး ဖတ်ကြားခဲ့ရာနေရာဖြစ်၏။ မန္တလေးစာပေမျိုးဆက်များကို လက်ဆင့်ကမ်း အမွေပေးခဲ့ရာနေရာလည်းဖြစ်သည်။

ယခင်က ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားမှာ နေသူရိန်ဇာတ်ရုံကြီး ရှိခဲ့ဖူးသတဲ့။ လွတ်လပ်ရေးအတွက် နေသူရိန်ညီလာခံတွေ၊ ဒုတိယကမ္ဘာစစ်အပြီး လူငယ်များကာယဗလနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် ပွဲလမ်းကြီးတွေကျင်းပခဲ့သည့်နေရာကြီးဖြစ်သည်။ အိုလံပစ်တို့၊ ယဉ်တစ်ကိုယ်မယ်တို့၊ လှကြစမ်းပါဗျာတို့ ... စသည့်သီချင်းများ မွေးဖွားခဲ့ရာနေရာဖြစ်သည်။ ယခုတော့မရှိတော့။

## ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်

သည်ဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ကြည့်ပါဦး။ ယခုရတနာပုံသတင်းစာတိုက်ရှေ့က (ယခင် ဟံသာဝတီ သတင်းစာတိုက်နေရာ) ရှေးဟောင်းအဆောက်အအုံကြီးက ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအတွက် အထက်ဗမာပြည် ဖ.ဆ.ပ.လ အဖွဲ့ချုပ်ကြီးရုံးစိုက်ခဲ့ရာ နေရာဖြစ်သည်။ သူနှင့်မလှမ်းမကမ်း ကျောက်သွေးတန်းက ယခုအနုပညာစားတော်ဆက်ဖွင့်လှစ်ထားရာတိုက်ကြီးက ရွှေမောင်းတိုက်တဲ့။ လေဘာတီမမြရင် လျှမ်းလျှမ်းတောက် နာမည်ကြီးစဉ်က တစ်မြို့လုံး 'မမြရင်၊ မမြရင်' ဟု တသသဖြစ်နေချိန် ဘာသာခြားတစ်ယောက်၏ကားပေါ် မမြရင်ကို တင်ဆောင်သွားသဖြင့် အခဲမကျေနိုင်သော လူငယ်များသည် ရွှေမောင်းတိုက်ရှေ့စုရုံးကာ ထိုကားကို ပုလင်းဖြင့်ပစ်ပေါက်ခဲ့သည်ဟု ဖတ်မှတ်ဖူးသည်။ ဒါဆိုတော့လည်း ရွှေမောင်းတိုက်က ရာဇဝင်ရှိပြန်သည်။

အခု ကျောက်သွေးတန်းတစ်ဝိုက်က ဘာသာရေးစာအုပ်များ ရိုက်နှိပ်ထုတ်ဝေသည့် ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်လည်းမရှိတော့။ မန္တလေး၏ ပွဲလမ်းတိုင်းတွင် မပါမပြီးသည့် ပွဲထိုင်ကိတ်မုန့်တိုက်လည်းမရှိတော့ ။ ရွှေမန်းတင်မောင်၏ တိုက်မရှိတော့။

သတင်းစာဆရာ စာရေးဆရာမောင်နှံ လူထုဦးလှနှင့် လူထုဒေါ်အမာတို့ နေထိုင်ခဲ့ကြသည့် လူထုသတင်းစာတိုက်က ယခင်ပုံစံမဟုတ်တော့ဘဲ ပုံစံသစ်အဖြစ် ဆက်လက်တည်ရှိနေသည်။ လူထုသတင်းစာသည် အထင်ကရဖြစ်ခဲ့၏။ မြန်မာသတင်းစာသမိုင်းတွင် တစ်နေရာက မားမားမတ်မတ်ရပ်တည်နေသည့် သတင်းစာဖြစ်သည်။ အခုတော့ဗိုလ်ချုပ်အောင်ဆန်းလမ်း ဆိုတာပင် သိသူမရှိတော့။

## ဗိုလ်ဗထူးလမ်းပေါ်

မဟာမုနိဘုရားကြီးမြောက်မုခ် ဗိုလ်ဗထူးလမ်းပေါ် 'မဟာမုနိဘုရားကြီး ဗုဒ္ဓပြတိုက်' ဟူသော အဆောက်အအုံကား ယခုအထိရှိသေးသည်။ ဒီအဆောက်အအုံက နှယ်နှယ်ရရမဟုတ်။ ဖက်ဆစ်ဂျပန်ကို မတ်လ ၂၇ ရက်နေ့ထက်စောစီးစွာ မတ်လ ၈ ရက်ကတည်းက စစ်ကြေညာတိုက်ပွဲဝင်ခဲ့သော ဗိုလ်မှူးဗထူး၏ အထက်ဗမာပြည်စစ်ရုံးချုပ်၊ ရုံးစိုက်ခဲ့ရာ အဆောက်အအုံဖြစ်သည်။ ထိုအဆောက်အအုံပေါ်မှပင် ဗိုလ်မှူးဗထူးက စစ်မိန့်ကို လက်မှတ်ထိုးခဲ့သည်ဆို၏။ ဗိုလ်ဗထူးလမ်းပေါ်မှာ ဆရာမြ၏ နာမည်ကျော် ခြသေ့ရုပ်တုကြီးရှိသည်။ မြန်မာမှုပညာရှင် ဆရာဆိုင်၏ ပန်းတော့လက်ရာ နယားရုပ်ကြီးရှိသည်။ အုတ်ပြာသာဒ်ကြီးရှိသည်။ ထိုလက်ရာများ အားလုံးက မဟာမုနိဘုရားကြီး မြောက်မုခ် ဗိုလ်ဗထူးလမ်းပေါ်မှာ ဖြစ်သည်။ အရှေ့ဆက်တော့ ၄၅ တာ ဘောလုံးကွင်း၊ ဒီကွင်းက နှယ်နှယ်ရရမဟုတ်၊ ၄ ပေ ၆ လက်မတမ်း ကလေးဘောလုံးပြိုင်ပွဲများ၏ ဘူမိနက်သန်ဖြစ်သည်။ သည်ပြိုင်ပွဲတွေက တိုင်းလက်ရွေးစင်မှသည် နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးသမားအထိ မွေးထုတ်ပေးခဲ့သည်။

## အိမ်တော်ရာမှသည်

၁၉၃၈ ခု ဒီဇင်ဘာ ၃၁ ရက် (၁၃၀၀ပြည့် ပြာသိုလဆန်း ၁၀) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဗုဒ္ဓသရဏံပန်းပွင့်နီရဲရဲများကြားမှ ပြဋ္ဌာန်းခဲ့သော အမျိုးသားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ထောက်ခံသောအားဖြင့် ၁၉၃၉ ခုနှစ်ဆန်း ဖေဖော်ဝါရီ ၉ ရက် (၁၃၀၀ ပြည့် တပို့တွဲလပြည့်ကျော် ၆ ရက်) နေ့တွင် မဟာလောကရံသီ အိမ်တော်ရာစေတီတော် ပရိဝုဏ်အတွင်း (၁၄) ခန်းဇရပ်ကြီး၌ ရဟန်းရှင်လူ ကျောင်းသားမြို့လူထုပရိသတ် နှစ်သောင်းကျော်စုစည်းကာ နယ်ချဲ့အုပ်ချုပ်ရေးကို ငြိမ်းချမ်းစွာ စီတန်းလှည့်လည် တုံ့ပြန်ခဲ့ကြသည်။

၁၄ ခန်းဇရပ်ကြီး၌ နံနက် ၁၁ နာရီတွင် စတင်စုဝေးကြပြီး မွန်းလွဲ ၂ နာရီအချိန်တွင် မြောက်ဘက် ၂၆ ဘီလမ်းအတိုင်း အရှေ့ပုလိပ်ရုံး (ယခု စည်ပင်သာယာရုံး) သို့ ဦးတည်ခဲ့ရာ ရိုးကုမ္ပဏီတိုက်ရှေ့ (ယခုဘဏ် ၁) တွင် တစ်ကြိမ်၊ အင်ပီရီယယ်ဘဏ်ရှေ့တွင် (ယခု ဟောင်ကောင်စတိုး) ရှေ့တွင် တစ်ကြိမ်၊ ကြေးနန်းရုံး (ယခု ဆက်သွယ်ရေးရုံး) တောင်ဘက်တွင်တစ်ကြိမ် အင်္ဂလိပ်စစ်ပုလိပ်က ပစ်ခဲ့ခတ်ခဲ့သည်။

## ဘီလမ်းပေါ်မှာ

ထိုစဉ်က အခြေအနေ အရပ်ရပ်၏ သတင်းဓာတ်ပုံများကား ကျွန်တော်တို့ငယ်စဉ် သတင်းစာအသီးသီး၌ မကြာခဏ ကြည့်ရှုခဲ့ရသည်။ အထူးသဖြင့် နာရီစင်နောက်ခံနှင့် သုံးရောင်ခြယ်အလံများ။ မြားနတ်မောင်ဟူသော ရုပ်ရှင်ပိုစတာ ချိတ်ဆွဲထားသော အယ်လ်ဖင်စတုန်း ရုပ်ရှင်ရုံရှေ့လမ်းမကြီးပေါ်မှ တုန်လှုပ်ဖွယ် မြင်ကွင်းများ။ ကျွန်တော်တို့ သိမီသောအခါ ထိုနေရာတွင် ရုပ်ရှင်ရုံမရှိတော့။ သူ့နောက်ကျော ရွှေတိုက်ဝင်းထဲမှာပင် ရုပ်ရှင်ရုံမရှိတော့။ ပြိုကျနေသော ရွှေတိုက်ရုပ်ရှင်ရုံကိုတော့ မြင်ဖူးခဲ့သေးသည်။ ထားပါတော့ ...။

၂၆ ဘီလမ်းပေါ်မှ သမိုင်းဝင်ဓာတ်ပုံများကို ထိုစဉ်ထိုကာလ သတင်းစာများ၌ အမှတ်တရပြန်လည်ဖော်ပြမှုမျိုးဖြင့် ကြည့်ရှုဖူးနေရာမှ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်တိုင် ရာပြည့်ကွင်းကြီး၌ ၆ ရက် ၆ လီကျင်းပခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုအဖွဲ့ချုပ်၏ဥက္ကဋ္ဌချုပ်ဆရာတော် ဦးဇောတိက (အဂ္ဂမဟာပဏ္ဍိတ) ၏ ဈာပနပွဲတွင် ဓာတ်ပုံပန်းချီကားချပ်ကြီးများဖြင့် ခမ်းနားစွာ ပြသထားသည်ကို သေချာစေ့ငုစွာ ကြည့်ရှုဖူးပြီး ရင်ထဲ၌ မှတ်မှတ်ထင်ထင် စွဲဝင်သွားခဲ့သည်။



လူထုသတင်းစာတိုက်

## ရဟန်းပျိုအဖွဲ့

တကယ်တော့ ဆရာတော် ဦးဇောတိကသည် စစ်မြေပြင် အကြိမ်ကြိမ်ဖြစ်ခဲ့ရသော မန္တလေးတွင် မြန်မာတို့၏ ဦးထိပ်ပန်ဆင်ရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို စစ်ဘေး၊ မီးဘေး၊ လူသူဘေးမှ ကင်းဝေးလွတ်ငြိမ်းအောင် ရဟန်းပျိုများနှင့်အတူ စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့သော ဆရာတော်တစ်ပါးဖြစ်သည်။ ထို့ပြင် အမျိုးဘာသာသာသနာအတွက် ခေတ်အဆက်ဆက်တွင် ပြည်သူလူထုကျောင်းသားများနှင့်အတူ ရဟန်းပျိုအဖွဲ့ကြီးက ရှေ့တန်းမှပါဝင်ကာ သက်စွန့်ကြိုးပမ်းခဲ့မှုများ၌လည်း ဦးဆောင်ပြုခဲ့သည့် ဆရာတော်ကြီးလည်းဖြစ်၏။ ထို့ကြောင့် ဆရာတော်၏ဈာပနတွင် ဘော်သားကြာကလပ်မီးလောင်တိုက်ကြီး၊ စဉ့်ရှင်ကြီးပန်းပြာသာဒ်၊ သိုင်းပြာသာဒ်၊ လိုက်ပြာသာဒ်၊ စံကျောင်းမဏ္ဍပ်ကြီး၊ ဧည့်ခံမဏ္ဍပ်များနှင့်အတူ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်ပဒေသာကပွဲ၊ ရုပ်ရှင်ပွဲ၊ ပလေးဘွိုင်တီးဝိုင်း၊ မြန်မာ့လက်ဝှေ့ပွဲများ၊ ပခုက္ကူမြို့မှ အတောင် ၂၀ ကျော်အမြင့် သိုင်းပြာသာဒ် ကစားပွဲကြီးများနှင့်အတူ ဆရာတော်ကြီး၏ နိုင်ငံရေးကြိုးပမ်းမှုသမိုင်းဓာတ်ပုံ ပန်းချီကားကြီးများလည်း တခမ်းတနား ချိတ်ဆွဲပြသခဲ့ခြင်းဖြစ်သည်။

## နာမည်ကျော် အာဇာနည်လမ်း

ကြေးနန်းရုံဆိုသော ...၊ ရွှေတိုက်ရုံဆိုသော အသုံးအနှုန်းလေးမှ ... စိတ်ဝင်စားစွာ လေ့လာလိုက်မိတော့ ၂၆ ဘီလမ်းမကြီး ပေါ်မှ ရတနာပုံခေတ် မြို့ဝန်ဦးသာအိုးဝင်းနေရာ (ယခု ဘဏ် ၁ နှင့် မျက်နှာချင်းဆိုင် ဟိုတယ်ဝင်း) ဘဏ် ၁ နေရာမှ နာရီစင်အထိ တည်ရှိခဲ့ဖူးသော ရိုးကုမ္ပဏီနှင့် ကုန်တိုက်ကြီးများနေရာ၊ အဟူဂျာဓာတ်ပုံတိုက်နေရာ၊ တိုက်ဂီဝါဓာတ်ပုံတိုက်နေရာ၊ ခန့်ခန့်ကြီး ဓာတ်ပုံတိုက်နေရာ၊ အင်ပရီရယ်ဘဏ်တိုက်နေရာ၊ အဝိန်ကိုး အချုံကိုး ကုမ္ပဏီနေရာများအထိ သိရှိရတော့၏။ ဒါက စီးပွားရေးမျက်နှာစာ ...။

ထိုမှတစ်ဆင့် ဘာသာရေး၊ နိုင်ငံရေး မျက်နှာစာအနေနှင့်မူ အယ်လ်ဖင်စတုန်းရုပ်ရှင်ရုံမှသည် ဆယ့်လေးခန်းဇရပ်အလယ် ရဟန်းပျိုအဖွဲ့ချုပ်အထိ သမိုင်းကြောင်း ကရှည်လျားသွားတော့သည်။ နာမည်ကျော် အာဇာနည်လမ်းတဲ့။

သို့သော် သမိုင်းကားမဆုံးသေး...။



အာဇာနည်လမ်း

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**(၂၅-၅-၂၀၁၉) ရက်မှအဆက်**

(ယ) **အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း** ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၏ ရုပ်ပုံသက်သက်ကိုဖြစ်စေ၊ အသံသက်သက်ကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံ နှစ်ခုလုံးကိုဖြစ်စေ၊ သင်္ကေတနှင့်တူရုပ်ပုံနှင့်အသံတို့ကိုဖြစ်စေ၊ အခြားအသံ သို့မဟုတ် လှုပ်ရှားနေသောပုံရိပ်များ သို့မဟုတ် ထုတ်လွှင့်ချက်တို့ကိုဖြစ်စေ မြင်နိုင်ကြားနိုင်ရန်သော်လည်းကောင်း၊ မူပွားခြင်းပြုနိုင်ရန်သော်လည်းကောင်း၊ ဆက်သွယ်ပို့လွှင့်နိုင်ရန်သော်လည်းကောင်း တိပ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် ပထမဦးဆုံးပေါင်းစပ်ထည့်သွင်းပြီး မှတ်တမ်းပြုသွင်းယူခြင်းကို ဆိုသည်။

(ရ) **ထုတ်လွှင့်ခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာကိုဖြစ်စေ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်ကိုဖြစ်စေ ဂြိုဟ်တုမှတစ်ဆင့်ပို့လွှင့်ခြင်း အပါအဝင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းကဲ့သို့သော ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(လ) **ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကိုဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါဖော်ပြချက်တစ်ခုခု သို့မဟုတ် ယင်းတို့၏ ပေါင်းစပ်ဖော်ပြချက်များပါဝင်သော အသွင်ပုံစံတစ်ခုခုကိုဆိုသည်-

(၁) နှုတ်ရေးနှုတ်ရာ ဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊

(၂) ဂီတဆိုင်ရာ ဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများ) ဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်း အပါအဝင် ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့်ပြုလုပ်သည့် လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖန်မှန် သို့မဟုတ် ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့်ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့် လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့် ပြုလုပ်သည့် လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရှေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ် လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။

(ဝ) **ကွန်ပျူတာပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာဖြင့် သီးသန့်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရလဒ်ကို ရရှိစေရန် ကွန်ပျူတာမှဖတ်ရှုနိုင်သည့် ကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားသော စာလုံး၊ သင်္ကေတ၊ အစီအစဉ် သို့မဟုတ် အခြားပုံစံတစ်မျိုးမျိုးဖြင့် ဖော်ပြထားသော ညွှန်ကြားမှုအစီအစဉ်တစ်ရပ်ကို ဆိုသည်။

(သ) **စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးများ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များ** ဆိုသည်မှာ အောက်ဖော်ပြပါအချက်အလက်များကို ဆိုလိုသည်-

(၁) စာပေ သို့မဟုတ် အနုပညာလက်ရာ၊ စာပေသို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်၊ လက်ရာ၏ အခွင့်အရေးတစ်ခုခုကို ပိုင်ဆိုင်သူတို့အား ဖော်ပြသည့် သတင်းအချက်အလက်များ၊

(၂) စာပေ သို့မဟုတ် အနုပညာလက်ရာအား အသုံးပြုမှုနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ချက်များဆိုင်ရာ သတင်းအချက်အလက်များ၊

(၃) ဖျော်ဖြေသူ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ဖိုနိုဂရမ်ကိုသော်လည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တွင်ပါရှိသည့် အခွင့်အရေးတစ်ခုခု၏ ပိုင်ရှင်ကိုသော်လည်းကောင်း ဖော်ပြသည့် သတင်းအချက်အလက်များ၊

(၄) ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်အား အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ သတင်းအချက်အလက်များ၊

(၅) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)နှင့် (၄) တို့ပါ သတင်းအချက်အလက်တစ်ခုခုကို လက်ရာတစ်ခု၏ မိတ္တူတွင် ထည့်သွင်းရာတွင်ဖြစ်စေ သို့မဟုတ် လက်ရာတစ်ခုကို အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ရာတွင်ဖြစ်စေ အဆိုပါ သတင်းအချက်အလက်များကို ကိုယ်စားပြုသည့် နံပါတ် သို့မဟုတ် သင်္ကေတ။

(ဟ) **နည်းပညာဖြင့်ကာကွယ်ထားသောအစီအမံများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာလက်ရာများကို အသုံးပြုခြင်းနှင့် ရယူခြင်းမှ ကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန် ပုံမှန်အားဖြင့် စီမံပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ၎င်း၏အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ဠ) **မူပွားခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို အီလက်ထရွန်နစ်နည်းပညာဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သိမ်းဆည်းထားခြင်း အပါအဝင် ယင်းလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း၊ ပုံစံဖြင့်မဆို မိတ္တူကူးခြင်း၊ တုပခြင်း၊ ပုံတူကူးခြင်းစသည်ဖြင့် မိတ္တူတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြုလုပ်ခြင်းကို ဆိုသည်။

(အ) **အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်ကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်တွင် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းအပါအဝင် ယင်းတို့ကို ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ၊ အင်တာနက်ဖြင့်ဖြစ်စေ၊ ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(ကက) **အများပြည်သူသို့ ဖြန့်ချိခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသော ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တို့၏ မူရင်း သို့မဟုတ် မိတ္တူကို ထိတွေ့ကိုင်တွယ်၍ရသော ပုံစံအသွင်ဖြင့်ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင် လွှဲပြောင်း၍ ဖြန့်ချိခြင်းကို ဆိုသည်။ ယင်းတွင် ဖြန့်ချိရန်အလို့ငှာ တင်သွင်းခြင်း၊ အင်တာနက်ပေါ်တွင် လွှင့်တင်ခြင်းနှင့် အများပြည်သူသို့ ရောင်းချခြင်းတို့ ပါဝင်သည်။

(ခခ) **ထုတ်ဝေသည့်လက်ရာ** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အရုပ်အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ထုတ်လုပ်သူ၏သဘောတူညီချက်ဖြင့်လည်းကောင်း မိတ္တူပွား၍ ထုတ်ဝေရန်အတွက် ဆောင်ရွက်သည့် လက်ရာကို ဆိုသည်။

(ဂဂ) **အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) မွေးရာပါအမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်၊

(၂) အမြင်အာရုံ၊ အသိဉာဏ်စွမ်းရည် သို့မဟုတ် ဖတ်နိုင်စွမ်းရည်ရှိသူများနှင့် တန်းတူမြင်နိုင်စွမ်းရည် တိုးတက်လာခြင်းမရှိသောကြောင့် ပုံနှိပ်စာလုံးများကို ဖတ်နိုင်ခြင်းမရှိသည့် ပုဂ္ဂိုလ်၊

(၃) ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် စာအုပ်ကို ဆုပ်ကိုင်နိုင်ခြင်း သို့မဟုတ် စာဖတ်ရန်ပုံမှန်လက်ခံနိုင်သော အကွာအဝေးအတွင်း မျက်လုံးကို စူးစိုက်ခြင်း သို့မဟုတ် ရွေ့လျားခြင်းမပြုနိုင်သော ပုဂ္ဂိုလ်။

(ဃဃ) **တာဝန်ရှိအဖွဲ့အစည်း** ဆိုသည်မှာ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ထောက်ပံ့ပေးရန် ဗဟိုကော်မတီက ခွင့်ပြုထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ငင) **စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း** ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့်များ၊ ဆက်နွှယ်သည့် အခွင့်အရေးများကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် မူလလက်ရာရှင်များ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံ၍ ယင်းတို့၏အခွင့်အရေးများကို အမြတ်အစွန်းအတွက် မရည်ရွယ်သော စီမံခန့်ခွဲပေးသည့် အဖွဲ့အစည်းကို ဆိုသည်။

(စစ) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသောပစ္စည်းများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏သဘောတူညီချက်မပါဘဲ ပြုလုပ်ထားသော မိတ္တူများနှင့် ဤဥပဒေပါ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချိုးဖောက်လျက်ပြုလုပ်ထားသော မိတ္တူများကို ဆိုသည်။

(ဆဆ) **မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။

(ဇဇ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာများ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေနှင့်အနုပညာဆိုင်ရာ ထုတ်လုပ်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

(ခ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေနှင့် အနုပညာမူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းတို့၏ ဆက်နွှယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်။

## အခန်း(၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတ ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး၊ဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှအဆက်

(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်
(၄) အခြားသင့်လျော်သည့်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်
(၅) လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ — အဖွဲ့ဝင်
(၆) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်
(၇) နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ — အတွင်းရေးမှူး
(၈) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဆ) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအတွက် တာဝန်ရှိအဖွဲ့အစည်းဖွဲ့စည်းရန် လျှောက်ထားလာမှုကို စိစစ်ခွင့်ပြုပေးခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၄)
## အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-
(၁) ဗဟိုကော်မတီ၏ အတွင်းရေးမှူး — ဥက္ကဋ္ဌ
(၂) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်
(၃) ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ — အဖွဲ့ဝင်
(၄) ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်
(၅) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
(၆) ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ — တွဲဖက်အတွင်းရေးမှူးများ

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဆ) စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဌ) စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ခြင်း၊

(ဂ) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်း၊

(ဃ) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(င) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၇)
## သက်ဆိုင်သည့်နယ်ပယ်

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ စာပေ သို့မဟုတ် အနုပညာလက်ရာများကိုလည်းကောင်း၊ ဖျော်ဖြေသူနှင့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ဖိုနိုဂရမ်၊ ထုတ်လွှင့်ချက်နှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့ကိုလည်းကောင်း အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်စေရမည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာသည်-
(၁) ထုတ်ဝေသည်ဖြစ်စေ၊ မထုတ်ဝေသည်ဖြစ်စေ နိုင်ငံသားဖြစ်သူ သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူ၏ မူလလက်ရာဖြစ်ခြင်း၊
(၂) မူလလက်ရာရှင်သည် နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ နိုင်ငံတော်တွင် ပထမအကြိမ် ထုတ်ဝေသော လက်ရာဖြစ်ခြင်း သို့မဟုတ် အခြားနိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်တွင် ထုတ်ဝေသော လက်ရာဖြစ်ခြင်း၊
(၃) နိုင်ငံတော်တွင် ရုံးစိုက်သော သို့မဟုတ် အခြေစိုက်နေထိုင်သော ထုတ်လုပ်သူ၏ အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ခြင်း၊
(၄) နိုင်ငံတော်တွင် ဆောက်လုပ်ထားသည့် ဗိသုကာလက်ရာနှင့် နိုင်ငံတော်တွင် တည်ရှိသော အဆောက်အဦတစ်ခု သို့မဟုတ် အခြားအဆောက်အအုံပုံစံတွင် ပါဝင်ပေါင်းစပ်ထားသည့် အနုပညာလက်ရာဖြစ်ခြင်း။

(ခ) ဖျော်ဖြေသူသည်-
(၁) နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူဖြစ်ခြင်း၊
(၂) နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ-
(ကက) နိုင်ငံတော်အတွင်း ဖျော်ဖြေတင်ဆက်မှုဖြစ်ခြင်း၊
(ခခ) ဤဥပဒေအရ အကာအကွယ်ပေးသည့် ဖိုနိုဂရမ်တွင် ပါဝင်ပေါင်းစပ်ထားခြင်း သို့မဟုတ် ဖိုနိုဂရမ်တွင် အသံပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသော်လည်း ဤဥပဒေအရ အကာအကွယ်ပေးရန် အရည်အချင်းပြည့်မီသည့် ထုတ်လွှင့်မှုတွင် ပါဝင်ခြင်း။

(ဂ) ဖိုနိုဂရမ်သည်-
(၁) နိုင်ငံသားက ထုတ်လုပ်သည့် ဖိုနိုဂရမ်ဖြစ်ခြင်း၊
(၂) နိုင်ငံတော်၌ ပထမဦးစွာ အသံပေါင်းစပ်ထည့်သွင်းသည့် ဖိုနိုဂရမ်ဖြစ်ခြင်း၊
(၃) ဖိုနိုဂရမ်ထုတ်လုပ်သူမှာ နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ နိုင်ငံတော်၌ ပထမဦးစွာ ထုတ်ဝေသော ဖိုနိုဂရမ်ဖြစ်ခြင်း သို့မဟုတ် အခြားနိုင်ငံတွင် ပထမအကြိမ်ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်တွင် ထုတ်ဝေသော ဖိုနိုဂရမ်ဖြစ်ခြင်း။

(ဃ) ထုတ်လွှင့်ခြင်းသည်-
(၁) နိုင်ငံတော်၌ ရုံးချုပ်တည်ရှိသည့် ထုတ်လွှင့်သည့် အဖွဲ့အစည်း၏ ထုတ်လွှင့်ချက်ဖြစ်ခြင်း၊
(၂) နိုင်ငံတော်၌ တည်ရှိသည့် ပို့လွှင့်စက်မှ ပို့လွှင့်သည့် ထုတ်လွှင့်ချက်ဖြစ်ခြင်း။

(င) နိုင်ငံတော်က အဖွဲ့ဝင်ဖြစ်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ သို့မဟုတ် စာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန် အရည်အချင်းပြည့်မီသော စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များ၊ ထုတ်လွှင့်ခြင်းများ။

(ဆက်လက်ဖော်ပြပါမည်)

# တရုတ်အီလက်ထရွန်နစ်လုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန် အဘက်ဘက်မှဖြေလျှော့ပေးလျက်ရှိရာ မြန်မာနိုင်ငံသို့ တရုတ်အီလက်ထရွန်နစ်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် အီလက်ထရွန်နစ်ထုတ်ကုန်ပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်ရှိ Myanmar Expo ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ကုန်သည်စက်မှုအသင်းချုပ် ဦးအေးလွင်၊ ဦးအောင်ကြည်စိုးနှင့် တရုတ်လုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။




"ကျွန်တော်တို့ ဒီပြပွဲကြီးဟာ တရုတ်နိုင်ငံက အီလက်ထရွန်နစ်ထုတ်ကုန်တွေ၊ ထုတ်လုပ်တဲ့ကုမ္ပဏီတွေ စုစည်းပြီး လာရောက်ပြသခြင်းဖြစ်ပါတယ်။ စုစုပေါင်း စက်ရုံ ၂၀၀ ကျော်က လာရောက်ပြသခြင်းဖြစ်ပါတယ်။ ဒီပြပွဲဟာ မြန်မာနိုင်ငံမှာ တရုတ်အီလက်ထရွန်နစ်လုပ်ငန်းတွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ခြေလှမ်းကို စတင်လိုက်ခြင်းဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် တရုတ်အီလက်ထရွန်နစ်ပစ္စည်းတွေ တပ်ဆင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေဆောင်ရွက်ပြီးတော့ ပြည်ပသို့တင်ပို့နိုင်အောင်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြန်မာ့အားမာန်အသင်းဥက္ကဋ္ဌ ဦးမျိုးနိုင်က ပြောသည်။

အဆိုပါ မြန်မာ-တရုတ် ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံမှ အီလက်ထရွန်နစ်ထုတ်ကုန်များဖြစ်သည့် ထမင်းပေါင်းအိုး၊ ဟင်းအိုး၊ ရေခဲသေတ္တာ၊ တီဗွီ၊ ပန်ကာအမျိုးမျိုး အပါအဝင် အခြားသော အီလက်ထရွန်နစ်ပစ္စည်း ၂၀၀ ကျော်ကို ယနေ့မှ မေ ၂၈ ရက် အထိ ပြသသွားမည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုကာ တရုတ်နိုင်ငံထုတ်ဈေးဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ အရည်အသွေးကောင်းပစ္စည်းများကို တိုက်ရိုက်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည့်အခွင့်အလမ်းဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

# ဗိုလ်တထောင်စေတီတော်၌ ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမင်္ဂလာကျင်းပ

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်၌ မေ ၂၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာ ၁၀၈ ပါးတို့က စေတီတော်မြတ်ဆံတော်တိုက်အတွင်း၌ ဗုဒ္ဓါဘိသေကအနေကဇာတင်ကာ ရွှေစင်၊ ရွှေသား မျက်ပါးရွှေသင်္ကန်း ကပ်လှူခြင်း၊ ဆံတော်တိုက်ပတ်လည်တွင်ရှိသည့် ပြကွက်ပြခန်းများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ စစ်ကိုင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဓမ္မာနန္ဒထံမှ သြဝါဒကထာနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# ကျေးရွာတွင်း မြေသားလမ်းခင်းခြင်း ဆောင်ရွက်

**ကဝ မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော သင်ဘန်းကန်ကျေးရွာ မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေဖြင့် ဆောင်ရွက်သည့် အရှည်ပေ ၉၉၀ ရှိ ကျေးရွာတွင်း မြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မေ ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**



# လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ ကျင်းပ အားကစားသမား ၂၅၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး မေ ၂၆**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ကကြီးမှူးကာ (၃၆) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို မေ ၂၆ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ စက်ဘီးအားကစားသမားများ အင်အား ၂၅၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း ကမ်းနားလမ်း၊ ထိုမှ ၃၅ လမ်း၊ ထိုမှ လမ်း ၈၀ အတိုင်းပတ်၍ ၂၆ လမ်းမှ ကျုံးတောင်ဘက် တာလွှတ်စုရပ်နေရာအထိ မြို့ပတ်၍ စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အဆိုပါ ပြည်သူလူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ်လ၏ နောက်ဆုံးပတ်တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်း ဆင်နွှဲနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်အောင်ကြိုးစား

**တောင်ငူ မေ ၂၆**

တရားရုံးစစ်တမ်းများကောက်ယူခြင်း သင်တန်းဖွင့်ပွဲကို တောင်ငူမြို့နယ်တရားရုံး သင်တန်းခန်းမ၌ မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ပဲခူးတိုင်းဒေသကြီးအတွင်း ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များက ယနေ့ထိ အမှု ၇၄ မှုအား ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ တောင်ငူခရိုင်တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့၌ ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ မေ ၅ ရက်အထိ အမှု ၃၁ မှုအား အောင်မြင်စွာ စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ဖြစ်အောင် ကြိုးစားရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Trainer နှင့် USAID–PRLM မှ သင်တန်းဆရာများ၊ ခရိုင်တရားသူကြီး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ သင်တန်းသား သင်တန်းသူ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ စုစုပေါင်း ၅၈ဦး တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူထုစုပေါင်းစက်ဘီးစီးနင်း

**ညောင်ရွှေ မေ ၂၆**

၂၀၁၉ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူထုစုပေါင်းစက်ဘီးစီးနင်းခြင်းကို မေ ၂၆ ရက် နံနက် ၆ နာရီက ညောင်ရွှေမြို့ မြို့မကျောက်တိုင်ကွင်းအတွင်း၌ ကျင်းပသည်။

လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတွင် ရှမ်းပြည်နယ် အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတွင် ညောင်ရွှေမြို့နှင့် အနီးတစ်ဝိုက်ရှိ စက်ဘီးစီးအားကစားသမားများ၊ စက်ဘီးစီးဝါသနာရှင်များ စုစုပေါင်း ၄၅၀ ခန့် စီးနင်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**






(၂၃ ) ကြိမ်မြောက် ပွဲစားကြီး ဦးမောင်ကြီး အလှူတော်ရန်ပုံငွေ သိန်း ၃၀၀ လှူဒါန်းပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ် (YMBA) ခန်းမ၌ ကျင်းပရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဂေါပကအဖွဲ့ခေါင်းဆောင် ဦးစိန်သန်းနှင့် အလှူရှင် မိသားစုများက ဆက်ကပ်လှူဒါန်းစဉ်။ **ခင်မောင်ဝင်း (ကြေးမုံ)**

## လားရှိုး၌ ကျောင်းအပ်နှံရေးသီတင်းပတ်နှင့် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်များလှူဒါန်း

**လားရှိုး မေ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်နှင့် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်လှူဒါန်း ပေးအပ်ပွဲ ကျင်းပသည်။

ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်များကို လှူဒါန်းပေးအပ်ရာ ပြည်နယ်ပညာရေးမှူး ဆရာကြီးဦးဝင်းမောင်က လက်ခံရယူသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၅၇၂၁ ဦး ပညာသင်ကြားခဲ့ကြောင်း သိရပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၂၅၁၀၊ ကိုယ်ပိုင်ကျောင်း ၂၆ ကျောင်းတို့ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ပညာသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



## ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်တွင် ပျော်ရွှင်စွာလာရောက်အပ်နှံ

**မန္တလေး မေ ၂၆**

ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံရေးသီတင်းပတ် ပထမနေ့အဖြစ် မေ ၂၅ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ စတင်ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တပျော်တပါးလာရောက်အပ်နှံကြကြောင်း တွေ့ရသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်တွင် လာရောက်အပ်နှံကြသည့် မိဘများနှင့် ကျောင်းသား ကျောင်းသူများ သိရှိစေရန် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် နံရံကပ်စာစောင်၊ အသိပေးကြေညာချက် နံရံကပ်ပိုစတာ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများအားနှင့် အရာထမ်း အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ၊ အခမဲ့ထောက်ပံ့မှုများ နံရံကပ်ပိုစတာ၊ မိဘအုပ်ထိန်းသူပြည်သူများသို့ မေတ္တာရပ်ခံချက်၊ ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များကို ဗီနိုင်းပိုစတာကြီးများနှင့် ချိတ်ဆွဲပြသထားပြီး သက်ဆိုင်ရာအတန်း ဆရာ ဆရာမများက လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။

"ကျွန်တော်တို့ကျောင်းမှာ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၅ ရက်ကနေ ၃၁ ရက်အထိ နံနက် ၈ နာရီကနေ ညနေ ၃ နာရီအတွင်း လက်ခံဆောင်ရွက်ပေးနေပါတယ်။ အခက်အခဲတစ်စုံတစ်ရာရှိပါကလည်း ကျောင်းအုပ်ကြီးနဲ့ သက်ဆိုင်ရာ ဆရာ ဆရာမတွေက အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနေပါတယ်" ဟု မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တင့်က ပြောကြားသည်။

**အေးမြ(မန္တလေး)**



## တိုတိုထွာထွာဖတ်စရာ

### မြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာစာမေးပွဲဖြေဆို

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် သတ္တမအကြိမ် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရန်အောင်မြင်ဓမ္မာရုံ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၊ နည်းပညာတက္ကသိုလ်နှင့် ဓမ္မဂုဏ်ရည် သာသနာ့ဗိမာန်တော် အစရှိသော စာဖြေဌာနများတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၀၀ ကျော် ဖြေဆိုကြကြောင်း သိရသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**

### မိုးစပါးသီးနှံမျိုးစေ့ ၂၁၄ တင်းကျော် ထောက်ပံ့

**မြို့သစ်**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ စပါးသီးနှံမျိုးစေ့များနှင့် ပဲတီစိမ်းမျိုးစေ့များအား မျိုးသန့်မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများထံ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၅ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ကျေးရွာ ၂၆ ရွာမှစိုက်ဧက ၁၇၆ ဒသမ ၅ ဧကအတွက်မျိုးစပါး ၂၁၄ တင်းကျော်နှင့် မြေပြင်သာကျေးရွာ စိုက်ဧက ၂၅ ဧကအတွက် ပဲတီစိမ်း ပြည် ၁၀၀ အား စိုက်ပျိုးနိုင်ရေးတောင်သူများထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

## ပေါင်မြို့နယ်၌ မူခင်းပညာပေးဟောပြော

**ပေါင် မေ ၂၆**

ပြည်သူများအား တရားမဝင်သောအဖွဲ့များမှ ငွေကြေးလိမ်လည်မှုများရှိနေသဖြင့် အလိမ်မခံရစေရေး၊ အမှုကြီးများလျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး မူခင်းပညာပေးလုပ်ငန်းများကို ပေါင်မြို့နယ် ကော့ကရင်ကျေးရွာဓမ္မာရုံ၌ မေ ၂၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေနှင့် မြို့မစခန်းမှူး ဒုရဲမှူးထွန်းဇော်ဦးတို့က ဟောပြောခဲ့ကြောင်း သိရသည်။

**ဝရဇိန်(ပေါင်)**



## မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ကျိုက်မရော မေ ၂၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွနယ်မြေရဲစခန်းမှူး ရဲအုပ်လှထွန်းသည် မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ချောင်းနှစ်ခွကျေးရွာအုပ်စု မရမ်းကုန်းကျေးရွာဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ကျော်နိုင်စိုးနှင့်အဖွဲ့က မူခင်းပညာပေးယာဉ်ဖြင့် မေ ၂၄ ရက် နံနက် ၉ နာရီက ဘုရားငုတ္တိုကျေးရွာလမ်း၌ မူခင်းပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

## မြိတ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မြိတ် မေ ၂၆**

ကျောင်းနေအရွယ် ကလေးသူငယ်တိုင်း အခြေခံပညာသင်ယူခွင့်ရရှိရန်၊ ကျောင်းအပ်နှံရေးအခွင့်အလမ်းများရရှိပြီးကျောင်းတက်၊ ကျောင်းနေနှုန်းမြင့်မားလာစေရန်နှင့် အခမဲ့ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရေး ရည်ရွယ်ချက်ဖြင့် မြိတ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မြိတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်နှံရာတွင် KGတန်းကို ကျောင်းသုံးပုံနှိပ်တစ်စုံ၊ ပထမတန်းမှ စတုတ္ထတန်းထိ ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တစ်စုံနှင့် ဗလာစာအုပ်တစ်ဒါဇင်၊ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံစီ အခမဲ့ပေးဝေကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော အတန်းလိုက် ကျောင်းသုံးပုံနှိပ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

မြိတ်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၆ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၂ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၊ အခြေခံပညာ မူလတန်းကျောင်း ၇၇ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကိုးကျောင်း၊ ကိုယ်ပိုင်စာသင်ကျောင်းနှစ်ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ရန် Found:Our Heritage,Our Future ပြပွဲပြသ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့၏ သူမတူထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သွားရန် ရည်ရွယ်၍ Found:Our Heritage, Our Future ပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံး၌ မေ ၂၅ ရက် နံနက်ပိုင်းတွင် စတင်ပြသခဲ့သည်။



ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် အဆိုပါပြပွဲကို Flade Property Services ၏ ထောက်ပံ့မှု၊ ဗိသုကာ ဦးအောင်စိုးမြင့်နှင့် ပန်းချီ ဦးထိန်လင်းတို့၏ ပူးပေါင်းမှုဖြင့် ကျင်းပခြင်းဖြစ်ပြီး လူများ၊ နေရာများ၊ အမှတ်တရများ၊ သမိုင်းဝင်ပစ္စည်းများအကြား ရင်းချာသည့် ဆက်နွှယ်မှုများကိုပြသခြင်းအားဖြင့် အဆိုပါ သမိုင်းဝင်ပစ္စည်းများမှတစ်ဆင့် ရန်ကုန်မြို့၏ အရေးပါလှသော အမွေအနှစ်အဆောက်အအုံများနှင့် ဆက်စပ်သည့် သမိုင်းဝင်ပုံပြင်များကို ပြန်လည်အမှတ်ရစေကာ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းသွားနိုင်စေရန်အတွက် ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲမှာ ပြသထားတဲ့ပစ္စည်းတွေကတစ်ဆင့် သမိုင်းဝင်အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုတယ်ဆိုတာကို လူတွေသိသွားအောင် ရည်ရွယ်ပြီး ပြပွဲပြသတာဖြစ်ပါတယ်။ မိဘပြည်သူတွေအနေနဲ့ ရန်ကုန်မြို့ပြရဲ့အမွေအနှစ်တွေကို ထိန်းသိမ်း စောင့်ရှောက်လိုစိတ်တွေဖြစ်ပေါ်လာစေဖို့ဖြစ်ပါတယ်။ ဒါ့အပြင် မိဘပြည်သူတွေအနေနဲ့လည်း မိမိတို့မှာရှိတဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ဒီပြပွဲမှာ လာရောက်ပြသနိုင်ပါတယ်" ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ Program Officer ကိုသူရိန်အောင်က ပြောသည်။

ပြပွဲတွင် ဗိသုကာ ဦးအောင်စိုးမြင့် ရှာဖွေစုဆောင်းထားသည့် ဖြိုဖျက်ခဲ့ပြီးဖြစ်သော အမွေအနှစ်အဆောက်အအုံများမှ ကျန်ရစ်သည်များကို မှန်ဗီရိုများအတွင်း ထည့်သွင်းပြသထားသည့်အပြင် ဖြိုဖျက်ခဲ့ပြီးဖြစ်သည့် အဆောက်အအုံတစ်ခု၏ ကွန်ကရစ်တုံးများ၊ သံချောင်းများဖြင့် ပြန်လည်ဖန်တီးထားသည့် ပြန်လည်ရှင်သန်ခြင်းအမည်ရ ပန်းချီဦးထိန်လင်း၏ ပန်းပုလက်ရာကိုလည်း ပြသထားသည်။

"ကျွန်တော်က စုရဆောင်းရတာ ဝါသနာပါတဲ့အတွက်ကြောင့် စုဆောင်းဖြစ်ခဲ့တာပါ။ ငယ်ငယ်ကတည်းကစုဆောင်းခဲ့တာ ခုချိန်ထိလည်း စုဆောင်းနေတုန်းပါပဲ။ အဲလိုမျိုး ကိုယ်စုဆောင်းထားခဲ့သမျှကို အထုပ်ကြီးထုပ်ပြီး ခုတင်အောက်သိမ်းထားမယ်ဆိုရင် ကိုယ်သေသွားတဲ့အခါ ကျန်တဲ့သူတွေ ဘာမှန်းမသိဖြစ်မယ့်အစား ကိုယ်နဲ့ စိတ်တူကိုယ်တူ ဝါသနာတူတဲ့သူတွေကို အခုလိုမျိုးပြသခြင်းအားဖြင့် တစ်ခုခု မက်ဆေ့ပေးနိုင်မယ်ဆိုတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်" ဟု ဗိသုကာ ဦးအောင်စိုးမြင့်က ပြောသည်။

ထို့ပြင် အဆိုပါပြပွဲတွင် Our Heritage Found ဟု အမည်ပေးထားသည့် လူမှုကွန်ရက်လှုပ်ရှားမှုတစ်ခုကိုလည်း ထည့်သွင်းထားပြီး ရန်ကုန်မြို့ရှိ ပြည်သူများအနေဖြင့် ၎င်းတို့နေအိမ်ရှိ သမိုင်းဝင်ပစ္စည်းများ၊ ဆက်စပ်နေသည့် ပုံပြင်များကို ပြန်လည်မျှဝေနိုင်ရန်ရည်ရွယ်ကြောင်း၊ အဆိုပါပစ္စည်းများအား ယူဆောင်လာ၍ ယခုပြပွဲတွင် ပြသထားရန်ငှားရမ်းပေးထားနိုင်သလို ပိုင်ရှင်ကိုယ်တိုင် ဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူး၍ #ourheritagefound #yht #yangon ဟု ထည့်သွင်းပြီး လူမှုကွန်ရက်များမှ တစ်ဆင့် မျှဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင်ကမ္ဘာတစ်လွှား၌ ခေတ်မီတိုးတက်လာသည်နှင့်အမျှ မြို့ပြဖွံ့ဖြိုးမှုနှင့် ကမ္ဘာ့ရွာဖြစ်တည်မှုနှုန်းများ အရှိန်အဟုန်မြင့်တက်လာလျက်ရှိပြီး လူမှုရေးနှင့် စီးပွားရေး လျင်မြန်စွာပြောင်းလဲမှုများအကြား နေရာများ၊ လူမှုဝန်းကျင်များနှင့် ဆက်စပ်လျက်ရှိသည့် ရန်ကုန်မြို့၏ အမှတ်တရများကို ဆက်လက်ထိန်းသိမ်းသွားရန် အလွန်အရေးကြီးခြင်းကြောင့် မြို့နေပြည်သူများအနေဖြင့် မိမိနှင့်မိသားစုအတွက် အဓိပ္ပာယ်ရှိသည့် ပစ္စည်းများနှင့် ဆက်နွှယ်နေသော အမှတ်တရများကို ယခုပြပွဲမှတစ်ဆင့် ပြန်လည်ရှာဖွေဖော်ထုတ်ရန် စိတ်ဝင်စားလာကြမည်ဟု မျှော်လင့်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း -ကိုထက်၊ ဓာတ်ပုံ -ဟိန်းထက်**

# ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် မေ ၂၆**

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးပြည်သူလူထုအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာများစိမ့်ဝင်ပျံ့နှံ့လာစေရန် ရည်ရွယ်၍ "စိမ်းစိုလှပ မြို့ရန်ကုန်ရှုခင်းအလှ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် လေထုညစ်ညမ်းမှုပမာဏလျှော့ချနိုင်ရေးအတွက် မည်ကဲ့သို့ပြောင်းလဲမှုများ ဆောင်ရွက်သင့်သည်ကို ဆင်ခြင်သုံးသပ်နိုင်ရန် ရည်ရွယ်၍ "လေထုညစ်ညမ်းမှု တိုက်ဖျက်စို့" ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အမှတ်(၂)လမ်းမကြီး မိုင်တိုင် (၁၃)၊ (၁၄၀)ရပ်ကွက် ရွာသာကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဖုန်း၀၁-၃၅၈၅၄၅၆၊ ၀၁-၃၅၈၅၄၅၇၊ ၀၉- ၄၄၄၀၀၄၇၇၅ တွင်လည်းကောင်း၊ facebook page- Yangon Ecd(http:m.facebook.com/ Environmental- Conservation-Department-Yangon-Region - 540224899792365/) တွင် လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ကြေညာသည့်နေ့မှ ၂၀၁၉ ခုနှစ် မေ ၃၀ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ် ၂၇/ ၂၉၊ ၃၅ လမ်း၊ ရန်ကုန်(ဖုန်း-၀၁-၃၇၃၁၆၇၊ ၀၉-၇၇၇၈၄၃၃၈၇၊ ၀၉-၄၄၄၀၀၄၇၇၅)သို့လည်းကောင်း၊ ပြိုင်ပွဲဝင်ဆောင်းပါးများကို ကြေညာသည့်နေ့မှ ၂၀၁၉ ခုနှစ် မေ ၃၀ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး မိုင်တိုင်(၁၃)၊ (၁၄၀)မှတ်တိုင်အနီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရွာသာကြီး ရန်ကုန် (ဖုန်း ၀၁-၃၅၈၅၄၅၆၊ ၀၁-၃၅၈၅၄၅၇၊ ၀၉-၅၄၁၃၈၃၅)သို့လည်းကောင်း ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**



# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တောင်သူပညာပေးသင်တန်းဖွင့်လှစ်

**ရေတာရှည် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးသင်တန်းကို မေ ၂၅ ရက် နံနက် ၉ နာရီက မြို့လှမြို့ လူထုဇဟိုပြုလေ့လာမှုစခန်း၌ ဖွင့်လှစ်သည်။

တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးက သီးနှံထွက်နှုန်းကောင်းမွန်ခြင်းကိုသာ အဓိကဆောင်ရွက်ခြင်းထက် မြေပြုပြင်ခြင်း၊ မျိုးကောင်းမျိုးသန့်စပါးမျိုးများကို ရွေးချယ်ခြင်းတို့အပြင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို လွန်ကျူးစွာသုံးစွဲခြင်းကို သတိပြုရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းကျော်က ပိုးအမျိုးအစားခွဲခြားခြင်း၊ ဆေးဝါးများသုံးစွဲခြင်းတို့တွင် နားလည်သိရှိခြင်းမရှိပါက အကူအညီပေးဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဆိုင်ရာ ဘာသာရပ်၊ သီးနှံကာကွယ်ရေး၊ မျိုးစေ့နှင့် မြေအသုံးချရေးဘာသာရပ်များကို ပို့ချခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပင်လယ်ရေအောက်သန္တာကျောက်တန်းများပေါ်ရှိ စွန့်ပစ်ပစ္စည်းများ ရှင်းလင်းဖယ်ရှား

**ကော့သောင်း မေ ၂၆**

သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်သန္တာကျောက်တန်းများ ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် မြိတ်ကျွန်းစုအတွင်း ကော့သောင်းခရိုင် ညောင်ဦးဖီးကျွန်းအနီးရှိ မီးတိုင်၊ ရဲမက်၊ Flower Bay နှင့် Madam Beach အနီးတစ်ဝိုက် ပင်လယ်ရေအောက် သန္တာကျောက်တန်းများ(Coral) ပေါ်ဖုံးအုပ်လျက်ရှိသည့် စွန့်ပစ်ငါးဖမ်းပိုက်များနှင့် အမှိုက်သရိုက်များအား ပြန်လည်ဖယ်ရှားရှင်းလင်းဆယ်ယူမှု လုပ်ငန်းအား ညောင်ဦးဖီးကျွန်းမှ ကျွမ်းကျင်ရေငုပ်သမားများနှင့် မေ ၂၆ ရက်က တတိမြောက်နေ့အဖြစ် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေပေးရာ အလှပဆုံးသော သဘာဝပင်လယ်သန္တာကျောက်တန်းများရှိရာ ကမ္ဘာ့နေရာများစွာမှ မြိတ်ကျွန်းစုအတွင်းရှိ ကော့သောင်းခရိုင် ညောင်ဦးဖီးကျွန်းနေရာတစ်ဝိုက်သည် အပါအဝင်ဖြစ်ရာ ငါးဖမ်းလှေတချို့မှ ပင်လယ်အတွင်း စည်းကမ်းမဲ့စွန့်ပစ်ခဲ့သည့် ငါးဖမ်းပိုက်ကွန်များ၊ ကြိုးများ၊ ပုလင်းခွံများ၊ အချိုရည်ဘူးခွံများ၊ ပလတ်စတစ်များကြောင့် သန္တာကျောက်တန်းများပေါ် ဖုံးအုပ်ရစ်ပတ်ငြိတွယ်ကာ သဘာဝသန္တာကျောက်တန်း (Coral) များမျိုးသုဉ်းပျက်စီးကြရပြီး ပင်လယ်ပြင် ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက် ရေနေသတ္တဝါမျိုးစိတ်များ သေကျေပျက်စီးကြရသဖြင့် ယင်းကဲ့သို့ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ညောင်ဦးဖီးဟိုတယ်နှင့် ရီဆော့မှ တာဝန်ခံတစ်ဦးက ပြောသည်။

ပိုက်ကွန်တစ္ဆေများဟု တင်စားခေါ်ဝေါ်ကြသည့် စွန့်ပစ်ငါးဖမ်းပိုက်ကွန်များ (သို့မဟုတ်) ALDFG ခေါ် စွန့်ပစ်ပျောက်ဆုံး၊ လွှင့်ပစ်ငါးဖမ်းပစ္စည်းများ ရှင်းလင်းဖယ်ရှားရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ရေငုပ်ကျွမ်းကျင်ပညာရှင် Mr. Fong Young (PADI Diving Instructor)က ဦးဆောင်ပြီး ကျွမ်းကျင်ရေငုပ်သမားသုံးဦးနှင့် ရေပေါ်ရေအောက် အထောက်အကူပြုအဖွဲ့ဝင် ခြောက်ဦးဖြင့် TZK ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီ၊ ညောင်ဦးဖီးဟိုတယ်နှင့် ရီဆော့မှ တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်ကြောင်းသိရသည်။

သန္တာကျောက်တန်း Coral များပေါ် ကပ်ငြိနေသည့် ပင်လယ်အတွင်း စွန့်ပစ်ငါးဖမ်းပိုက်ကွန်နှင့် ငါးဖမ်းပစ္စည်းများကို ဖယ်ရှားရှင်းလင်းရာတွင် စုစုပေါင်း အလေးချိန်ကီလိုဂရမ် ၃၀ အထိရရှိခဲ့ကြောင်း ရေငုပ်ကျွမ်းကျင်ပညာရှင်ကပြောသည်။

အဆိုပါစွန့်ပစ် ငါးဖမ်းပိုက်ကွန်ကြိုးများ၊ စွန့်ပစ်ငါးထောင်ချောက်ကိရိယာများနှင့် အခြားအမှိုက်သရိုက်များကို ပင်လယ်ကြမ်းပြင်အထိ ရေငုပ်ရှင်းလင်းခြင်း၊ ရေအောက်သဘာဝသယံဇာတ ထိန်းသိမ်းခြင်းလုပ်ငန်းများသည် ကုန်ကျစရိတ်များစွာကြီးမြင့်သော်လည်း TZK ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီမှ သုံးလတစ်ကြိမ် (သို့မဟုတ်) ခရီးသွားတစ်ရာသီအတွင်း နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်အထိ လွန်ခဲ့သည့် သုံးနှစ်ခန့်ကတည်းက ပုံမှန်အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**





## မော်တင်စွန်းသောက်ရေကန် ပြန်လည်တူးဖော်

**ဟိုင်းကြီးကျွန်း မေ ၂၆**

ရွံ့နွံများ အနည်ထိုင်မှုများပြီး သန့်ရှင်းမှုမရှိတော့သည့် ပုသိမ်-မော်တင်ကားလမ်းအနီး မြတ်မော်တင်စွန်းစေတီတော် တောင်တက်လမ်းဘေးရှိ သောက်ရေကန်ကို ပြန်လည်တူးဖော်လျက်ရှိရာ မေ ၂၅ ရက် နံနက် ၇ နာရီခွဲက ဟိုင်းကြီးကျွန်းမြို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက တူးဖော်ရေးလုပ်ငန်းခွင်တွင် လုပ်အားဒါနအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အကျယ်ငါးဧကခန့် ကျယ်ဝန်းသော မော်တင်စွန်းသောက်ရေကန်မှာ တစ်ဖက်ဆည်ကန် အမျိုးအစားဖြစ်ပြီး ၁၉၉၂ ခုနှစ်ကတည်းက စက်ယန္တရားများ၊ ဒေသခံများ၏ လုပ်အားတို့ဖြင့် စုပေါင်းတူးဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရွံ့နွံများ အနည်ထိုင်မှုများလာပြီး ရေမှာ အရောင်နှင့် အနံ့များထွက်လာကာ သောက်သုံးရန် အဆင်မပြေတော့သည့်အတွက် ပြန်လည်တူးဖော်သည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီနောင်များ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံနိုင်ရန် နေပြည်တော်သို့ လေ့လာရေးခရီးပို့ဆောင်

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ်အတွင်းရှိ ကချင်၊ ရှမ်းနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများမှ စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ နေပြည်တော်သို့ ငါးရက်တာလေ့လာရေးခရီးသွားရောက်ရန် မေ ၂၆ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ဒုတိယဦးစီးမှူး ဦးခင်မောင်ထွန်းက "ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံနိုင်ဖို့နဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို တစ်ဦးနဲ့တစ်ဦး အမြင်ချင်းဖလှယ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာလာစေဖို့ ရည်ရွယ်ပြီး အခုလို ကျွန်တော်တို့ ပြည်နယ်မှာရှိတဲ့ ကချင် ခြောက်မျိုး၊ ရှမ်း ငါးမျိုးက ညီနောင်တိုင်းရင်းသားတွေကို နေပြည်တော်မှာ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ပို့ဆောင်ပေးတာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ လေ့လာရေးခရီးစဉ်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဒုတိယအကြိမ်မြောက် ခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စုဝင် ဂျိမ်းဖော၊ ရဝမ်၊ လီဆူ၊ လာချိဒ်၊ လော်ဝေါ်၊ ဇိုင်းဝါးမျိုးနွယ်စုဝင်များနှင့် ရှမ်းမျိုးနွယ်စုဝင် တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းခမ်းတီ၊ တိုင်းဆာတို့အပြင် ဗမာလူမျိုးစသည့်ဖြင့် စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များမှ တိုင်းရင်းသားလူငယ်စုစုပေါင်း ၄၈ ဦးနှင့် ဝန်ကြီးဌာနမှ စီမံအုပ်ချုပ်သူ သုံးဦးတို့ဖြင့် နေပြည်တော်တွင် ငါးရက်တာ ကြာမြင့်မည်ဖြစ်သည်။

ခရီးစဉ်လိုက်ပါမည့် ရှမ်းမျိုးနွယ်စုဝင် တိုင်းလေလူမျိုး နန်းဆူးငယ်က "အခုလို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကနေ လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတဲ့အတွက် မရောက်ဖူးတဲ့နေရာတွေကို လေ့လာခွင့်ရတော့ ပျော်တယ်၊ နေရာတစ်နေရာနဲ့ တစ်နေရာ၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး အတူတူလာပြီး တွေ့ဆုံဖို့ ခဲယဉ်းတယ်၊ အခုလို လုပ်ပေးတဲ့အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေတယ်လို့ ကျွန်မမြင်တယ်"ဟု ပြောသည်။

လေ့လာရေးခရီးစဉ်ကို ကချင်ပြည်နယ်မှ ၄၈ ဦးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ၄၄ ဦးတို့အား နေပြည်တော်တစ်ဝန်းရှိ ဗုဒ္ဓဂယာ၊ မဟာသကျရံသီ၊ ဥပ္ပါတသန္တိဘုရား၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လိုက်ဆည်ဆင်စခန်း၊ စစ်သမိုင်းပြတိုက်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက် စသည့် လည်ပတ်စရာများအပါအဝင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ လွှတ်တော်အတွင်းသို့ လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**

## လက်တွေ့အသုံးချ ဆေးဝါးနှင့် ဆေးပစ္စည်းများ လက်လီရောင်းချခြင်းလုပ်ငန်း သင်တန်းပို့ချမည်

**ရန်ကုန် မေ ၂၆**

လက်တွေ့အသုံးချ ဆေးဝါးနှင့် ဆေးပစ္စည်းများ လက်လီရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နည်းသင်တန်းကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းရုံးခန်း၌ ဇွန် ၈ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နှစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်တွေ့အသုံးချ ဆေးဝါးလက်လီရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နည်းသင်တန်း၌ ဆေးနှင့် ဆေးပစ္စည်းများအကြောင်း၊ ဆေးပစ္စည်းများ စနစ်တကျ သိမ်းဆည်းထားသိုနည်းနှင့် စနစ်တကျ စည်းကမ်းဖြင့် ရောင်းချနည်းများ၊ စာရင်းဇယားပြုစုနည်းများ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ပြဋ္ဌာန်းထားသောဆေးနှင့် ဆေးဝါးအကြောင်းအရာ သိကောင်းစရာ အသေးစိတ်များကို FDA မှ ပညာရှင်များက လာရောက်ဟောပြောမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ Exceutive Committee member ဒေါက်တာစောနေနွယ်ထံမှ သိရသည်။

**ပွင့်သစ္စာ**



## ဝန်းသို-ကောလင်းလမ်း ကောင်းမွန်စေချင်

**ဝန်းသို မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသို-ကောလင်း လမ်းကောင်းမွန်ရေး ပြုပြင်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

ကောလင်းမြို့နှင့် ဝန်းသိုမြို့ကို ဆက်သွယ်ထားသော အင်းဗုဒ်ပေ့ကုန်ကျေးရွာကားလမ်းမှာ အလွန်ဆိုးရွားစွာ ပျက်စီးနေသဖြင့် ကား၊ စက်ဘီး၊ ဆိုင်ကယ်၊ ခြေကျင်ဖြင့် သွားနေသူများ အလွန်အခက်အခဲရှိနေကြသဖြင့် ပြုပြင်ပေးရန် ဒေသခံများလိုလားလျက်ရှိကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

## မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာငါးရွာတွင် ခြောက်မိုင်ကျော်ရှည် ရေငန်တားတာတည်ဆောက်ပြီးစီး

**မော်လမြိုင်ကျွန်း မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာအုပ်စု ကျေးရွာခွဲ ၁၁ ရွာတွင် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရေးနှင့် ကိုယ့်အားကိုယ်ကိုးကျေးရွာချင်းဆက် မြေသားလမ်းတည်ဆောက်ခြင်းလုပ်ငန်း ၁၉ မိုင် ၆ ဖာလုံကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်တာဝန်ခံဦးခင်စိန်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာဖြစ်မြောက်ရေးကော်မတီဝင်များက စီမံချက်လုပ်ငန်း အချိန်မီပြီးစီးရေးအတွက် မြေတူးစက်ယန္တရားနှစ်စီးဖြင့် ရေငန်တားတာ တည်ဆောက်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းများ တည်ဆောက်ပေးလျက်ရှိရာ မေ ၂၅ ရက် နံနက် ၉ နာရီအထိ ပန်းဖူး၊ ကွမ်းသီးချောင်းလေး၊ ကွင်းချောင်း၊ မဘေနှင့် ရှောက်ချောင်းကျေးရွာအထိ ခြောက်မိုင်ကျော် ရေငန်တားတာနှင့် ကျေးရွာချင်းဆက် မြေသားလမ်းများ တည်ဆောက်ပြီးစီးသွားပြီဖြစ်ကာ ယခုမိုးတွင်းကာလတွင်လည်း ရပ်နားခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ယင်းမဘေကျေးရွာအုပ်စု ရေငန်တားတာနှင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်မြေသားလမ်းများ တည်ဆောက်ပြီးစီးသွားပါက လယ်မြေဧက ၅၄၄၈ ဧကအား ရေငန်ဘေးမှ ကာကွယ်ပေးနိုင်ခြင်း၊ ကျေးရွာ ၁၁ ရွာမှ ကျောင်းသား ကျောင်းသူများ မဘေအလယ်တန်းကျောင်းသို့ အဆင်ပြေစွာ ကျောင်းတက်နိုင်မည့်အပြင် မဘေဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်သည်။

ယင်းရေငန်တားတာမှာ အောက်ခံတာအကျယ် ၂၄ ပေ၊ အပေါ်မျက်နှာစာတာအကျယ် ၁၈ ပေရှိပြီး တာလမ်းအမြင့် ခြောက်ပေရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## တပ်ကုန်းမြို့နယ်တွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**တပ်ကုန်း မေ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မေ ၂၂ ရက် ည ၇နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ခံရသည့် ပြည်သူများအား ထောက်ပံ့ခြင်းအခမ်းအနားကို မေ ၂၅ ရက် နံနက်ပိုင်းက ခရမ်းစပ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ရတနာပုံဓမ္မာရုံ၌ ကျင်းပသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေတို့က လူနေအိမ် လေဘေးသင့်ခံရသည့် မိသားစုဝင်များအား နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ထောက်ပံ့ပေးမှုပုံစံများကို ရှင်းလင်း၍ အားပေးစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ လေဘေးသင့်လူနေအိမ် ၅၂၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၈၉၃၀၅၀၀၊ ဆန်ဖိုးရိက္ခာငွေကျပ် ၄၄၃၅၂၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၃၃၆၅၇၀၀ အား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ရှားတောမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်

**ရှားတော မေ ၂၆**

ကယားပြည်နယ် ရှားတောမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး၌ မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးသူငယ်များ အာဟာရဆိုင်ရာ ရလဒ်များ တိုးတက်ကောင်းမွန်စေရေးအတွက် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးသူငယ်များအား အားပေးစကားပြောကြားပြီး သယံဇာတနှင့် သစ်တောဝန်ကြီး ဦးတီရယ်နှင့် တာဝန်ရှိသူများက ရှားတောမြို့နယ် မြို့ပေါ်ရပ်ကွက် လေးခုမှ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် မိခင်စုစုပေါင်း ၈၇ ဦးထံသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ထွန်းအောင် (ပြန်/ဆက်)**

## ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit-YUMRT) နှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြခြင်းအခမ်းအနား ဖိတ်ကြားခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (MOTC) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (YRG) နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့သည် အတူတကွ ပူးပေါင်း၍ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (YUMRT)၊ ရန်ကုန်မြို့ အရှေ့-အနောက် ဆက်သွယ်သွားလာ နိုင်မည့် ရထားလမ်းကြောင်း၏အပိုင်း (၁) (လှိုင်သာယာ-ပါရမီ) လမ်းပိုင်းအရှည် (၁၈) ကီလိုမီတာ (လှိုင်သာယာ ဘူတာမှစတင်ပြီး ရန်ကုန်-ပုသိမ်လမ်းအတိုင်း လှိုင်မြစ်ကိုဖြတ်ကျော်၍ ပါရမီလမ်းအတိုင်း ပါရမီဘူတာအထိ) ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှိပါသည်။

၂။ အထက်ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေး စီမံကိန်း (YUMRT) ဆိုင်ရာ အချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ် စီမံကိန်းသက်ရောက်မည့် ဧရိယာတစ်ခုလုံးကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူအားလုံး မည်သူမဆိုတက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည် -

(က) လှိုင်သာယာမြို့နယ်
- (၁) နေ့ရက် - (၁.၆.၂၀၁၉) ရက်နေ့(စနေနေ့)
- (၂) အချိန် - နံနက် (၀၉:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီ
- (၃) နေရာ - သာသနာ့ဗိမာန်ဓမ္မာရုံ၊ အောင်မြေသာယာစေတီတော်ဝင်း၊ ကျွန်စစ်သားလမ်း၊ အမှတ်(၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်

(ခ) လှိုင်မြို့နယ်နှင့်မရမ်းကုန်းမြို့နယ်
- (၁) နေ့ရက် - (၈.၆.၂၀၁၉) ရက်နေ့(စနေနေ့)
- (၂) အချိန် - နံနက်(၀၉:၀၀) နာရီမှ မွန်းတည့်(၁၂:၀၀) နာရီ
- (၃) နေရာ - ကုန်းမြင့်ရိပ်သာဓမ္မာရုံ၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

(ဂ) ရန်ကင်းမြို့နယ်နှင့်တောင်ဥက္ကလာပမြို့နယ်
- (၁) နေ့ရက် - (၈.၆.၂၀၁၉) ရက်နေ့(စနေနေ့)
- (၂) အချိန် - မွန်းလွဲ (၁၃:၀၀) နာရီမှ ညနေ(၁၆:၀၀) နာရီ
- (၃) နေရာ - မဟာမုနိဓမ္မာရုံ၊ ဥက္ကလာပစေတီတော်ဝင်း၊ သစ္စာလမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကိုယ်ပိုင် ခရီးသွား
ရွှေလမ်းညွှန်
ဘားအံ ဂူ(၅)ဂူ၊ မြဝတီ၊ မဲဆောက် (၄) ရက်
တစ်ဦးလျှင် 55000 May 31
09-420087371, 09-262705136

WE Tour ဘုရားဖူး အပန်းဖြေ ပို့ဆောင်ရေး
မေ ၃၁ သောကြာ ည 09-69633 6373, 09-95 80 120 80
❖ မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ဂူငါးဂူ၊ ရေပူစမ်း၊ ဒေသအစားအစာညဈေး၊ ချစ်သူမြိုင် 32000/-
❖ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံ၊ ထုံးကျောက်ဂူ၊ ရေပူစမ်း၊ ညဈေး၊ ဇွဲကပင်လှမ္ဘိနီ 27000/-

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီးမြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

တရုတ်
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH Conversation Practice
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

ကောင်းမြတ်
ယာဉ်မောင်းသင်တန်း
အချိန်တိုအတွင်း အိမ်အရောက် အမြန်သင်ပေးသည်။
09 973748149, 09 445296758

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Higher Diploma အမှတ်စဉ် (၁၁) နှင့် Advanced Diploma အမှတ်စဉ် (၁၀) သင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ် ယူခြင်း
WISE College
အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို မေလ(၁)ရက်နေ့ မှစတင် စာရင်းပေးသွင်း အပ်နှံနိုင်ပြီ ဖြစ်ပါသည်။
- Business Management Higher Diploma
- Business Management Advanced Diploma
၁။ Business Management Higher Diploma သင်တန်းများကို အသက် အရွယ်မရွေး ...
၂။ သင်တန်းများကိုအမှတ်စဉ်စနစ်နှင့် တနင်္ဂနွေနေ့များတွင်တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါက သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကို ရရှိမည် ဖြစ်ပါသည်။
၃။ ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့်အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တာဝန်ယူ ရှာဖွေပေးသွားမည် ဖြစ်ပါသည်။
၄။ သင်တန်းကြေးကို (၆)လ သို့မဟုတ် (၁၂)လ အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။
ပညာအရည်အချင်းအထောက်အထားမှုရင်းနှင့် မိတ္တူ(၂)စုံ၊ ဓာတ်ပုံ(၃)ပုံတို့ နှင့်အတူ WISE College တွင် (၁၅.၆.၂၀၁၉)ရက်နေ့ နောက်ဆုံးထားအပ်နှံနိုင်ပါသည်။
WISE College : (1009 A\B), ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
Facebook Page : WISE College Professional Diploma
Ph : 09-421 154 862, 09-253 528 520

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့်
Only One School in Myanmar
METRO
IT & Japanese Language Centre
IT ဂျပန်ဘာသာ English ဘာသာ
မိမိတို့၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား?
Game ၊ Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော ၊ Programming skill ပြည့်ဝသော Software Engineer တစ်ယောက်ဖြစ်ချင်ပါသလား?
Web Page များကို ကိုယ်တိုင်ဖန်တီးရေးသားနိုင်သော Web Developer တစ်ယောက် ဖြစ်ချင်ပါသလား?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ IT Engineer တစ်ယောက်အဖြစ် ရပ်တည်ချင်ပါသလား?
...IT Engineer များစွာကို မွေးထုတ်ပေးနေသည့် Metro IT & Japanese Language Centre မှာ ... ITနည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ IT Engineer တစ်ယောက်အဖြစ်ရပ်တည်နိုင်ရန် ဂျပန်နိုင်ငံ၏ ပညာရေးစနစ်အတိုင်း ပြုစုပျိုးထောင်ပေးနေပါတယ်




IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )
2 June 2019 ( Sunday )
1:00 pm ~ 3:00 pm
Metro IT & Japanese Language Centre ( Yangon )
Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Road ( middle block ), Kyauktada Township, Yangon. Phone No : 01-372691, Email: mminfo@metro-myanmar.com
Facebook: www.facebook.com/metrogroupmyanmar Website: www.metro-myanmar.com/mic
09-262007800
09-976334160

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

AGGC
www.aunggyigroup.com

## Aung Gyi Group Of Companies ၏

ရုံးခန်းအသစ်ဖွင့်လှစ်ခြင်းအခမ်းအနားအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

လုပ်ငန်းများဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း . . . . .

ဦးနေမျိုးနိုင် + ဒေါ်အေးအေးလတ်

CHANTHA SHWE MYAY
CTSM
ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်

---

(၁)တန်းမှ (၉)တန်း
ကလေးများအတွက်
ကျောင်းနှင့် ပြင်ပမှာ
အင်္ဂလိပ်စာထူးချွန်ဖို့
တစ်နှစ်လုံးတက်
သင်တန်းများ

Saturday + Sunday
9:30 to 11:30 a.m.
June 8 စပါမည်။
ဝင်ကြေး - ၁၀၀၀၀/-
လစဉ်ကြေး - ၃၀၀၀၀/-

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
အလုပ်ကောင်းရလိုသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများအတွက်
အမှတ်(၁၁၉) Y.W.C.A ဘိုကလေးဈေးလမ်း
01 392048, 01 256954, 01 202046
ဦးထွန်းလင်းဖြိုးလမ်း အမှတ် ၅ (B-3) ဒုတိယထပ်
Ph: 09 443001453, 01-503472, 09 30775232

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon-Thurs) 27 May
1 - 2:30 (Mon-Thurs) 3 Jun
3:30 - 5 (Mon-Thurs) 3 Jun
7:30 - 9 (Mon-Thurs) 10 Jun
6 - 7:30 (Mon-Thurs) 17 Jun
1 - 4:00 (Sat + Sun) 22 Jun

BASIC ENGLISH SPEAKING
3:30 - 5 (Mon-Thurs) 27 May
10-11:30 (Mon-Thurs) 3 Jun
1 - 2:30 (Mon-Thurs) 10 Jun
9 - 12:00 (Sat + Sun) 16 Jun

BASIC GRAMMAR
3:30 - 5 (Mon-Thurs) 10 Jun

BASIC WRITING
1 - 2:30 (Mon-Thurs) 27 May

VOCAB ENRICHMENT
10-11:30 (Mon-Thurs) 17 Jun

PRE-INTERMEDIATE (4 Skill English)
3:30 - 5 (Mon-Thurs) 27 May
7:30 - 9 (Mon-Thurs) 3 Jun
9:30-12:30 (Sat + Sun) 15 Jun

INTERMEDIATE (Academic English)
1 - 4:00 (Sat + Sun) 9 Jun

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 1 Jun
1 - 2:30 (Mon-Thurs) 3 Jun
6 - 7:30 (Mon-Thurs) 10 Jun
7:30 - 9 (Mon-Thurs) 17 Jun
1 - 2:30 (Mon-Thurs) 17 Jun
9 - 12:00 (Sat + Sun) 23 Jun

IELTS (Preparation)
1 - 3:30 (Mon-Thurs) 17 Jun
IELTS (Reading+Vocab)
1 - 3:00 (Mon-Thurs) 27 May
IELTS (Speaking+Vocab)
10-12:00 (Mon-Thurs) 3 Jun
IELTS (Writing+Grammar)
7:30-9:30 (Mon-Thurs) 8 Jul

BASIC ENGLISH SPEAKING
3:30 - 5 (Mon-Thurs) 27 May
1 - 2:30 (Mon-Thurs) 3 Jun
10-11:30 (Mon-Thurs) 17 Jun

BASIC GRAMMAR
1 - 2:30 (Mon-Thurs) 17 Jun
7:30 - 9 (Mon-Thurs) 24 Jun

VOCAB ENRICHMENT
10-11:30 (Mon-Thurs) 17 Jun

PRE-INTERMEDIATE (4 Skill English)
1 - 2:30 (Mon-Thurs) 3 Jun
3:30 - 5 (Mon-Thurs) 10 Jun
10-11:30 (Mon-Thurs) 17 Jun

INTERMEDIATE (Academic English)
7:30 - 9 (Mon-Thurs) 3 Jun
3:30 - 5 (Mon-Thurs) 17 Jun

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၃)၊ မြေကွက်အမှတ်(၁၇)၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ မြဝတီ(၁)လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ခင်စိန်(၁၂/မရက(နိုင်)၀၄၄၃၃၃)အမည်ပေါက်-နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်မိခင်ဖြစ်သူဒေါ်ခင်စိန်မှာ(၁၄-၄-၂၀၀၄)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူဦးစိန်ဘိုး(ခ)ဦးစိန်မိုးမှာ(၂၁-၁၁-၁၉၇၇)ရက်နေ့တွင်လည်းကောင်း၊ ၎င်းတို့မှမွေးဖွားသည့်သားသမီး(၅)အနက် သားဖြစ်သူဦးရဲမြင့်မှာ(၂၃-၁၁-၂၀၀၂)ရက်နေ့နှင့် ဦးအောင်သန်းမြင့်မှာ(၆-၃-၂၀၁၉)ရက်နေ့တို့တွင်လူပျိုကြီးဘဝဖြင့်အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်သားသမီး(၃)ဦးဖြစ်သည့်ဦးနေဝင်းမြင့်(၁၂/မရက(နိုင်)၀၂၉၂၀၆)နှင့်ဒေါ်နုယ်နုယ်မြင့်(၁၂/မရက(နိုင်)၀၂၄၃၉၈)တို့၏GPရရှိပြီးကိုယ်တိုင်ပါဝင်သူဦးကျော်ဝင်းမြင့်(၁၂/မရက(နိုင်)၁၂၂၀၆၇)မှသား/သမီး/မွေးချင်းမောင်နှမအရင်းများတော်စပ်ကြောင်းနှင့်မိဘတို့၏ဖခင်ဖြစ်သူအမည်မှာဦးစိန်ဘိုးနှင့်ဦးစိန်မိုးတာဝ်ဦးတည်းဖြစ်ကြောင်းကျမ်းကျိန်လွှာထပ်ဆင့်ကတိသစ္စာပြုလွှာ၊ G/Pအထောက်အထား၊ G/Pအတွက်ကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်၊ ဒေါ်ခင်စိန်၊ ဦးရဲမြင့်၊ ဦးအောင်သန်းမြင့်တို့၏သေစာရင်း၊ ဖခင်ဖြစ်သူဦးစိန်ဘိုးကွယ်လွန်ခြင်းအတွက်သေစာရင်းမှတ်တမ်းရှာဖွေမတွေ့ရှိပါသဖြင့်သေစာရင်းမိတ္တူမှန်ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်းရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏၂၄-၄-၂၀၁၉ရက်စွဲဖြင့်ပြန်ကြားစာ၊ မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်တို့ကိုတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MYO MIN AUNG
MMA Trophy Co.,Ltd
ဆုတံဆိပ် အမျိုးမျိုး လက်လီ/လက်ကား ဖြန့်ချီရေး
Acrylic Award (စိတ်ကြိုက်ပုံဖော်နိုင်ပါသည်။)
ပင်ရင်း
"မိုးရာသီအကြို" အထူးဈေးနှုန်းဖြင့် ကြိုတင်ဝယ်ယူနိုင်ပါပြီ။
ဆက်သွယ်ရန် - ၀၉ ၇၇၇ ၉၉၉ ၄၆၁၊ ၀၉ ၇၇၇ ၉၉၉ ၄၆၂၊ ၀၉ ၇၇၇ ၉၉၉ ၄၆၃

ဒဂုံမြို့သစ်
(ဆိပ်ကမ်း)(တောင်ပိုင်း)
(အရှေ့ပိုင်း) မြေကွက်များ
ဝယ်လိုသည်။
Ph: 0943075129

ကိုမောင်ဇော်+မနီ
(အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် (တောင်ပိုင်း)
ဆိပ်ကမ်းအရှေ့ပိုင်းမြောက်ပိုင်း
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်
ငွေချေပေးပါသည်။
ပွဲခပေးရန်မလိုပါ။
၀၉-၄၀၀၅၅၀၀၈၃၄
၀၉-၄၅၀၄၅၅၀၀၈၃၄

မီး သတိပြု

### ဦးထက်ဝေယံ[၁၄/ဟကက(နိုင်)၀၂၆၈၇၁]ကိုင်ဆောင်သူနှင့်အများသိစေရန်ကြေညာချက်

ဦးအိုက်တီ[၁၃/လရန(နိုင်)၀၉၈၂၈၃] ဒါရိုက်တာ(Golden Heroes Co.,ltd)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

အမှတ်(၁၁၇၅)ဘီ၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တွင် "ရွှေရောင်လွှမ်း" အမည်ဖြင့် (Digital inkjet printing & Advertising)vinyl လုပ်ငန်းဆောင်ရွက်နေသူ ဦးထက်ဝေယံသည် Golden Heroes co.,ltd မှ vinyl ရိုက်စက်-All Win C-8 512i (8 Heads)နှင့် C-4 (4-Heads) စက်(၂)လုံးနှင့် vinyl လုပ်ငန်းသုံးပစ္စည်းများအား အရစ်ကျငွေပေးချေဝယ်ယူခဲ့ပြီး ယနေ့ထိ စာရင်းရှင်းလင်းပြီး ကျန်ငွေ-၃၃၂၅၀၀၀၁၆ိ/[သိန်းသုံးရာ့သုံးဆယ် နှစ်သိန်းငါးသောင်းတစ်ဆယ့်ခြောက်ကျပ်]တိတိအား ကုမ္ပဏီသို့ ၃၀-၆-၂၀၁၉ ရက်တွင် ငွေတစ်ဝက်ပေးချေရန်နှင့် ပျက်ကွက်ပါက စက်(၂)လုံး ပြန်ပေးပါမည်ဟု ဦးအိုက်တီနှင့် ၂၂-၂-၂၀၁၉ရက်တွင် စာချုပ်ချုပ်ခဲ့ပြီး နှုတ်ကတိဖြင့် ကြားကာလတွင် ဆက်သွယ်ပေးချေရန် ဖြစ်သော်လည်း ဦးထက်ဝေယံမှ ဖုန်းဆက်သည်ကိုလက်ခံမပြော၊ အလုပ်ပိတ်၊ အိမ်ကိုပါပိတ်ပြီး ရှောင်တိမ်းနေသောကြောင့် ယုံကြည်စောင့်ဆိုင်းရန်မလိုတော့၍ ဤသတင်းစာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျန်ငွေအားလုံး(သို့)စက်(၂)လုံးအား ဦးအိုက်တီလက်ဝယ်သို့မပျက်မကွက် လာရောက်ပေးချေအပ်နှံရန်နှင့်ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးထက်ဝေယံနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၃)**
**ရုံး-တိုက်အမှတ်-(၁၆)၊ ပထမထပ်၊ ၁၆၄-လမ်း၊**
**တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၁၃၇၇၅၃၊ ၀၉-၄၄၃၁၉၆၀၅၆၊ ၀၉-၇၃၁၉၆၀၅၆**

CROWN EDUCATION
SIM GLOBAL EDUCATION www.simge.edu.sg



ခေတ်ကာလနှင့်ညီမျှ အကောင်းဆုံးစီးပွားရေးကျောင်း SIM တွင် တက်ရောက်ရယူနိုင်မည့်
ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန် ဘွဲ့များအကြောင်း ဆွေးနွေးပွဲ

Date : 2nd Jun (Sun) 2019 | Time : 2:00 PM - 4:00 PM | NOVOTEL HOTEL (Eureka Room)

- မြန်မာနိုင်ငံအထက်တန်း နှင့် GCE 'O' Level အောင်မြင်ထားသူများ၊ HND လက်မှတ်ကိုင်ဆောင်ထားသူများအတွက် ...
- အကောင်းဆုံးပုဂ္ဂလိကစီးပွားရေးသင်ကျောင်းဖြစ်သည့် SIM တွင် သင်ကြားနိုင်မည့် Accounting & Finance, Business Management, Economics ...
- ... University of Wollongong မှ ပေးအပ်သည့် Bachelor of Business Information Systems ဘွဲ့များအကြောင်း
- 'A' Level ပြီးထားသူများ ... University at Buffalo, The State University of New York ... Singapore Institute of Management ...

Tel : 01 527 838, 09 44 55 66 701

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

အောင်မြေ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5077806
09-43074454

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအစား |
|---|---|---|
| ၁ | ၁၈၉/မမ/CE | ကွန်ကရစ်စလီပါတုံး (၁၄၀၂)တုံး (၂၃၃.၆၆)တန်ကို ... နှင့် ... တင်/ချ ... လုပ်ငန်း |
| ၂ | ၁၉၀/မမ/ S & T | UHF/VHF (Handheld) (20-Nos), R 32 With FXO FXS Sub-Card (20-Nos) ဝယ်ယူရန်။ |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁) (၁၀.၆.၂၀၁၉) (တနင်္လာနေ့)၊ (၁၄:၃၀)နာရီ
အမှတ်စဉ် (၂) (၂၇.၆.၂၀၁၉) (ကြာသပတေးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၇.၅.၂၀၁၉)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဆောက်လုပ်ရေးဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

ပညာချွန်
ပညာစိတ်ဓာတ်
၁၀ တန်း၊ ကျောင်းထွက်စာမေးပွဲ မေးခွန်းဟောင်းများ
သင်္ချာ
ဆရာ ဦးစိုးမြင့် B.Sc(Maths)
R မှတ်တန်
(၂၀၀၂ - ၂၀၀၆) မှ (၂၀၁၅ - ၂၀၁၈) ထိ (၃) မှတ်တန် မေးခွန်းဟောင်းများနှင့် အဖြေများ၊ Multiple choice
(2 Color) ဖြင့် ပုံနှိပ်ထားပါသည်။
အမြို့မြို့ အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



ငှားမည်
New World Office Page
09 515 7160
09 96 515 7160
09 76 515 7160
4RC 85' x 47' (Sq-ft 14000)

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးအောင်စိုးမြင့်(ကစန(နိုင်)၀၀၂၀၀၆)ကိုင်ဆောင်သော "မြင့်မြတ်အောင်-၁၁" FMD/0079/16 ... ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၀၉၄၀၆၄

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE(အမ်တော့), SALOON ကား အမျိုးမျိုးကို မြို့တွင်း၊ မြို့ပြင် ခရီးစဉ်များ ငှားရမ်းနိုင်ပါသည်။
09 253 582 510, 09 515 8803
www.facebook.com/kyawpanda email:kaw@pandaaircon.com

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
09-450042704
09-250095116
09-420096296

ကျွန်တော့်ကိုဒိုင်းပါ
ရှေးဟောင်းပစ္စည်း ငွေဆိုင်

ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၄၈၉၈၀၊ ၀၉-၅၀၃၄၃၈၅

ZAMBUYADANA CO., LTD. WOOD BASE INDUSTRY




Our Major Products :
Scantling & Moulding (S4S), Board,Boat Decking, Anti Slip, Finger Jointed,Lam Parquet, Rubber Jointed Tongue & Groove (T&G) Flooring
Tongue & Groove (T&G) Flooring

521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 400 300900, (95-9) 400 900300, (95-9) 510 7832, (95-9) 550 5855, Email : zbuyadana@gmail.com

မြေကွက်များ ဝယ်လိုသည်
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်
09-400940041
09-260664490

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအား ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

လိပ်ခေါင်း၊ ဂရင်ဂျီနာ
09-73121554
ရန်ကုန်မြို့ 09-73038158, 09-43088215

## FELC ကိုယ်ပိုင်ကျောင်းနှင့်ပတ်သက်၍ ဦးစည်သူထွန်း+ဒေါ်ကလျာထင်လင်းကျော် (ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်)တို့အား တောင်းပန်ခြင်း

FELCကျောင်း လုပ်ငန်းတည်ထောင်သူ ဦးဥက္ကာ+ဒေါ်ခိုင်လွင်သန့်တို့နှင့် ၂၇-၄-၂၀၁၇ ရက်စွဲပါစာချုပ်အရ ကိုယ်ပိုင် အလယ်တန်းကျောင်းလုပ်ငန်းလုပ်ကိုင်ရာတွင် တစ်ဦးတည်း ရှယ်ယာဝင်များဖြစ်ကြသော ဦးစည်သူထွန်း+ဒေါ်ကလျာထင်လင်းကျော်(ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်)တို့အား "လုပ်ငန်းတူပူးတွဲလုပ်ကိုင်ခြင်းအား ရပ်ဆိုင်းခြင်း" အကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ထို့နောက် ဦးစည်သူထွန်း+ဒေါ်ကလျာထင်လင်းကျော်(ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်)တို့မှ သတင်းစာတွင် လက်မခံနိုင်ကြောင်းနှင့် တရားဝင်စာရင်းရှင်းလင်းပေးရန် ကြေညာခဲ့ပါသည်။ သို့ပါ၍ ကျွန်တော်၊ ကျွန်မတို့ဘက်မှ သတင်းစာတွင် ပြန်လည်ထည့်သွင်းကြေညာခဲ့သည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဦးစည်သူထွန်း+ဒေါ်ကလျာထင်လင်းကျော်(ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်)မိသားစုတို့၏ ဂုဏ်သိက္ခာကိုများစွာထိခိုက်နစ်နာရသည့်အတွက် ကျွန်တော်၊ ကျွန်မတို့မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

ထို့နောက် ကျွန်တော်၊ ကျွန်မတို့မှ စတင်စွဲဆိုခဲ့သည့်အမှုများကြောင့် ဦးစည်သူထွန်း-ဒေါ်ကလျာထင်လင်းကျော်(ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်)တို့၏ ဂုဏ်သိက္ခာနှင့်အဘက်ဘက်မှ နစ်နာဆုံးရှုံးမှုများအတွက် အထူးပင်တောင်းပန်အပ်ပါသည်။

ထို့ပြင် ကျောင်းလုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် ကျွန်တော်တို့မှ ကျူးလွန်ခဲ့သော အမှားများကို နားလည်ခွင့်လွှတ် ပေးပါရန် ဝန်ချတောင်းပန်အပ်ပါသည်။

**ဦးဥက္ကာ+ဒေါ်ခိုင်လွင်သန့်(ခ)ဒေါ်မြစပယ်ဖြူ**
**FELC ကိုယ်ပိုင်ကျောင်း**

ဥတုရာသီတောကိုမှီ၏


MPT
ပေါက် ပေါက် ပေါက်
မေလ(၂၄)ရက်နေ့မှ ဇူလိုင်လ (၁၄) ရက်နေ့အထိ အနည်းဆုံး ၁၀၀၀ ကျပ်
ဖုန်းငွေဖြည့်တိုင်း ကံထူးခွင့်ရရှိပါမည်။
ဖုန်းဘေလ်များ
ရွှေဆုမဲများ
TOYOTA VIOS ကားသစ် (၂) စီး
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲတင့်ဆွေ
### အသက်(၅၈)နှစ်

ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါက်တာချိုချိုအေးတို့၏ညီ ဦးရဲတင့်ဆွေ (ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)သည် ၂၆-၅-၂၀၁၉ ရက်တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲတင့်ဆွေ
### အသက်(၅၈)နှစ်

ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါက်တာချိုချိုအေးတို့၏ညီ ဦးရဲတင့်ဆွေ (ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)သည် ၂၆-၅-၂၀၁၉ ရက်တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

ဘုရား၊ ရဟန်း၊ ဒါယကာကြီး
## ဦးတင်ဖေ (ဂျိုးတောင်ရွာ၊ ဝန်းသိုမြို့နယ်)
### အသက်(၈၀)
**ကုန်သွယ်လယ်ယာ(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ဂျိုးတောင်စျေးသစ်ရပ်နေ (ဦးဖိုးလုံး-ဒေါ်အေးစိန်)တို့၏ သား၊ (ဒေါ်ငွေးစိန်)၏ ခင်ပွန်း၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဆင်းဇေကရီလမ်း၊ အမှတ်(၅၄၁)နေ (ဦးမြင့်ဝေ)-ဒေါ်ခင်ချိုဦး၊ (ဒေါ်ခင်မေဦး)၊ ဒေါ်ခင်မာဦး၊ ဦးဝင်းကိုကိုစိုး (Intelligent Print Solution)-ဒေါ်ခင်မာကြည်(MCE)၊ ဦးခင်မောင်ထွေးတို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းလှ (မြန်အောင်)
**မြို့နယ်စာရင်းစစ်(ငြိမ်း)**
### အသက်(၆၈)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ်(၃၁)၊ ငါးလွှာ(B)နေ (ဦးမောင်စု-ဒေါ်သန်း)တို့၏ သား၊ (ဦးတင်လှ-ဒေါ်ရှိန်လေး)တို့၏ သားသမက်၊ ဒေါ်နွဲ့ရီ ၏ ခင်ပွန်း၊ ဦးကျော်ထွန်းနိုင်-ဒေါ်မိုးစန္ဒာ၊ ဦးမျိုးမင်းထွန်း-ဒေါ်အေးကလျာထွန်းတို့၏ဖခင်၊ မောင်ရှင်းသန့်စင်၏အဘိုး၊ မငြိမ်းချမ်းရွှေရည်၏ဘကြီး ဦးဝင်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်)၏ ညီ၊ ဦးမော်မြင့်-ဒေါ်သန်းသန်း၊ ဦးသန်းငွေ(ရွှေသိန်းမင်းရွှေဆိုင်)၊ ဒေါ်တင်တင်အေးတို့၏အစ်ကိုသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

## ဦးနိုင်သိန်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်းနေ (ဦးဘစို-ဒေါ်တင်အေး)တို့၏ သား၊ (ဦးတင်ဝင်း)၊ ဦးအောင်ဇေ၊ (ဦးသန်းထွန်း)၊ (ဦးတက်လူ)၊ ဒေါ်တင်သန်းတို့၏ ညီ/မောင်၊ ဒေါ်သန်းခင်၏ အစ်ကို၊ ဦးသီဟအောင်-ဒေါ်သူသူအောင်၊ ဦးသီဟလင်း-ဒေါ်မြတ်ဝတ်ရည်၊ ဒေါ်အိအိမူတို့၏ ဖခင်၊ (ဒေါ်အေးချို)၏ ချစ်လှစွာသောခင်ပွန်း၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

## ရဲမှူး ဦးမောင်ကျော့တင် (ငြိမ်း)(CD-၁၅)
**မြို့နယ်မှူး(ငြိမ်း)**
### အသက်(၆၃)နှစ်

စစ်တွေမြို့ အိုးတန်းရပ်ကွက်၊ အမှတ်(၃၂)နေ (ဦးဘထွန်း-ဒေါ်နုနု)တို့၏ သားသမက်၊ (ဦးညိုဘန်းအောင်-ဒေါ်အောင်မဇံ)တို့၏ သား၊ ဒေါ်လှမေ(အလပြ)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးခင်မောင်ချို၊ ဒေါ်ကျော့မေဇင်ဦး(အထပြ)၊ ဦးဝေယံဖြိုး (SCI)၊ ဒေါ်ခိုင်ခိုင်ဆန်း(MAB)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး ရဲမှူး ဦးမောင်ကျော့တင်သည် ၂၅-၅-၂၀၁၉ (စနေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းထွင်လွင်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ ဆင်ရေကန်လမ်းနေ (ဦးလွင်မောင်-ဒေါ်ခင်စီ)တို့၏ သား၊ မွန်ပြည်နယ်၊ ပေါင်မြို့နယ်နေ (ဦးတင်အေး-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ ဦးအောင်သန်းညွန့်-ဒေါ်မာလာလွင်၊ ဦးနေဝင်း-ဒေါ်သီတာလွင်တို့၏ မောင်၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ်(၉၅၅)နေ ဒေါ်သန်းသန်းဝေ၏ ခင်ပွန်း၊ ကိုကောင်းမြတ်နိုင်-မစုစုဟန်၊ ကိုဇော်ဝင်းအောင်-မချိုဖြူဖြူဝေ၊ မခင်ပြည့်စုံလွင်၊ မတင့်ရွှန်းလွင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက်တွင် သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## စောဘလိပ်လှိုင်
### အသက်(၉၁)နှစ်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာသင်ကျောင်းလမ်း၊ အမှတ်(၉၂၄)နေ (စောထွန်းလှိုင်-နော်လှယဉ်)တို့၏ သား၊ (နော်ဖောဂေး)၏ ခင်ပွန်း၊ စောအိုခလေး-နန့်သန်းသန်းမြင့်၊ စောဘာဘလု-နော်ထူးအယ်၊ စောကော်ခူဆဲ-နော်ဒေဖိုး၊ စောအယ်ထီးကော်-နော်ဖဲထူး၊ နော်လဲပွယ်ဖောတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ကိုးယောက် တို့၏ အဘိုး သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အင်းစိန်ကျမ်းစာသင်ကျောင်းလမ်း၊ စင်မေနရီစင်တာ၌ ဝတ်ပြုဆုတောင်း၍ ဈာပနဝတ်ပြုလုပ်ပြီး ထိန်ပင်ကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကျောင်းဒါယကာကြီး
## ဦးအောင်မျိုး [လဝက မှူး-ငြိမ်း]
### အသက်(၈၉)နှစ်
**(ဗျာပုံ)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၉၂/၁)နေ (ဦးဘသန်း-ဒေါ်သန်းခင်)တို့၏ သား၊ (ဒေါ်ခင်နီမျိုး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်မို့မို့အောင်၊ ဦးတင်မောင်မျိုး၊ ဒေါက်တာနိုင်နိုင်အောင်၊ ဒေါ်သင်းသင်းအောင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့)ညနေ ၄း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ လမ်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့် (၈၃)နှစ်
**ကျောင်းကုန်းမြို့(ဗလီကွင်း)**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလ္လကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၅၅)နေ ဦးထွန်းကြည်(ရုံးအုပ်ကြီး ECC-ငြိမ်း)၏ ဇနီး၊ ဦးစိုးမြင့်ထွန်း (သစ်တော-ငြိမ်း)၊ ဦးအောင်မြင့်ထွန်း-မစ္စယန်ယဉ်ကျောင်း (အမေရိကန်နိုင်ငံ)၊ (ဦးအောင်မြတ်ကျော်)တို့၏ မိခင်၊ ဒေါ်အေးအေးကြူ(MEB-တိုင်းရုံး ရန်ကုန်)၊ ဒေါ်နွေဦးလတ်၊ ဦးဆန်းဝင်း-ဒေါ်သီတာအောင်တို့၏ ကြီးတော်၊ ကိုဉာဏ်လင်းထွန်း (CHID-ဘဏ်)-မလှိုင်းမေဇင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်မြင့်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အဆိုတော် တင်တင်အောင်
### အသက် (၇၅) နှစ်

မြန်မာ့အသံ ရွှေမောင်းကြီး (ဦးသန်း-ဒေါ်တင်ညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် (၇၂)နေ (ဦးသန်းစိန်) - ဒေါ်ရင်ရင်နု (ဂီတအစည်းအရုံး၊ သက်ကြီးကန်တော့ခံ ပညာရှင်)၊ (ဦးကျင်သိန်း)-ဒေါ်မွှေးကြည်၊ (ဂီတမှူး အေဝမ်းဦးစိုးမြင့်)-ဂန္ထဝင်တေးသံရှင် စည်သူတင်တင်မြ (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)၊ (စန္ဒရားဘိုကြီး-ဒေါ်ခင်ဝင်း)၊ (တေးသံရှင် မောင်လှကြည်)တို့၏ ညီမ အငယ်ဆုံး တေးသံရှင် တင်တင်အောင်သည် ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးသိန်းဝင်း(ဒလ) (၇၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အံကြီးအနောက်ရပ်ကွက်၊ ဗလမင်းထင်လမ်း၊ အမှတ်(၄၅၉)နေ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အနောက်မေခလမ်းသွယ်(၂)၊ အမှတ်(၂/ခ)နေ ဦးအောင်ကိုဝင်း-ဒေါ်နီလာ(ခ)ဒေါ်စန္ဒာ (Royal Ever Truth Business Group & Million Zone Co.,Ltd)၊ ဦးစိုးညီဝင်း-ဒေါ်တင်နီလာဝင်း၊ ဦးနိုင်နိုင်ထွေး-ဒေါ်အေးသန္တာဝင်း၊ ဦးအောင်ဖြိုးဝင်း-ဒေါ်အေးသီတာမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မအေးမြင့်မြတ်သူ၊ မောင်မင်းသန့်ကိုကို၊ မထူးထက်ထက်အောင်တို့၏ချစ်လှစွာသောအဘိုးသည် ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၁၁း၃၀ နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အနောက်မေခလမ်းသွယ်(၂)၊ အမှတ်(၂/ခ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်
**သာသနာရေးဝန်ကြီးဌာန(ငြိမ်း)**
### အသက်(၇၄)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ်(၁၂)၊ တတိယလွှာ(ဝဲ)နေ (ဦးမောင်တင်-ဒေါ်တင်သောင်း)တို့၏ သား၊ (ဦးခင်မောင်-ဒေါ်မြကြင်)တို့၏ သားသမက်၊ (ဒေါ်ခင်ကြည်ကြည်)၏ ခင်ပွန်း၊ (ဦးစံမြင့်-ဒေါ်မြင့်မြင့်ရီ)၊ (ဦးမျိုးမြင့်)-ဒေါ်ခင်ဆွေ၊ ဦးအုန်းမြင့်-ဒေါ်တင့်တင့်ကြည်၊ (ဦးတင့်ဆွေ)-ဒေါ်နွဲ့နွဲ့ဝေ၊ ဦးအေးဟန်-(ဒေါ်ခင်မြမြ)တို့၏ ညီ/မောင်၊ ဒေါ်စုစုကျော် (MSDN Co., Ltd.)၊ ဒေါ်ဇင်မာကျော် (MGJEA)၊ ဦးမျိုးကိုကို (3rd Officer, AZIMUTH Co., Ltd.)-ဒေါ်အိကြာဖြူ (Secretary, MKI)၊ ဒေါ်သီတာထွေး (MMIE Co., Ltd.)-ဦးအောင်ကျော်မြင့် (Enjoy Myanmar Co.,Ltd.)၊ ဦးဇော်ရဲလင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်ဇွဲမြင့်မြတ်သော်၊ မဆုရတီစံ၊ မပိုးလမင်းဖြူတို့၏အဘိုး၊ တူ/တူမ ၁၃ ယောက်တို့၏ဦးလေး ဦးကျော်မြင့်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးမြင့်(ခ) ကရင်
**(ညောင်လေးပင်)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
### အသက်(၈၀)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ်(၃၆)နေ (ဦးသင်-ဒေါ်မြစိန်)တို့၏သား၊ ဦးနန္ဒမျိုး (မြို့နယ်တရားသူကြီး၊ မြောက်ဥက္ကလာပမြို့နယ်)-ဒေါ်အိအိသွယ်၊ ဦးစိုးနိုင် (CNG ဆိုင်တာဝန်ခံ၊ ပုလဲ)-ဒေါ်မေစု၊ ဦးသူရိန်မျိုး-ဒေါ်စန်းစန်းခိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးခုနစ်ယောက် တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်တင်တင်နွဲ့ (ရုံးအုပ်၊ ပြည်သူ့အင်အားဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း ဦးမျိုးမြင့်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၀၅ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## အဲဂ်နက်ဒေါ်ကျင်ရွှေ
### အသက်(၇၁)နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်ရတနာအိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၀)နေ (ဦးရွှန်-ဒေါ်ဝီဂန်)တို့၏ သမီးကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ မြောက်ပိုင်းရပ်ကွက်၊ ချမ်းသာအေးလမ်းနေ ဦးကြည်အောင်-ဒေါ်သီသီအေး၊ (ဦးဆန်နီ)၊ ထိုင်ဝမ်နေ ဦးထမ်းရှောင်-ဒေါ်သင်းသင်းခိုင်၊ လှည်းကူးမြို့နေ ဦးဂျော်နီ-ဒေါ်ဥမ္မာအေး၊ ထောက်ကြန့်မြို့ ချမ်းသာအေးလမ်းနေ ဦးဂျော်ဂျီ-ဒေါ်မြတ်မြတ်စိုး၊ စစ္စတာရ်ဘီဘီအားနား(S.J.A)၊ ဒေါ်မော်လီ၊ ဒေါက်တာမောင်မောင်သိန်း-ဒေါ်ဇင်ရှန်းမန်း၊ ဦးအောင်လေး-ဒေါ်စန်းစန်းငွေး၊ ဒေါ်ခင်လှအေးတို့၏ အစ်မကြီး၊ တူ/တူမ ၁၂ ယောက်၊ မြေးနှစ်ယောက်တို့၏ အဘွားအဲဂ်နက်ဒေါ်ကျင်ရွှေသည် ၂၅-၅-၂၀၁၉ (စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် မှော်ဘီမြို့ ရွှေနှလုံးတော် ကက်သလစ်ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး သဂြိုဟ်မည်ဖြစ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဦးခင်မောင်စန်း
**(ငှက်ဖျားတိုက်ဖျက်ရေးမှူး-ငြိမ်း)**
### အသက်(၅၆)နှစ်

တိုက်ကြီးမြို့နေ (ဦးကျော်ခ-ဒေါ်တင်ဦး)တို့၏ သား၊ မော်လမြိုင်မြို့ သိပ္ပံလမ်းနေ (ဦးစံတင်-ဒေါ်ထွန်းစိန်)တို့၏ သားသမက်၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ၊ ရှမ်းပိုင်းရပ်ကွက်၊ အမှတ်(၉၇)နေ ဒေါ်နန်းမေမေရီ (အထက်တန်းသူနာပြု၊ ဝါးနက်ချောင်းတိုက်နယ်ဆေးရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်ဇွန်ထက် (Asia World Co.,Ltd)၊ မသံယောဇဉ် (သူနာပြု၊ ဗဟိုအမျိုးသမီးဆေးရုံ)တို့၏ ဖခင်သည် ၂၅-၅-၂၀၁၉ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရှမ်းပိုင်းသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

**သင့် သွေး ဖြင့်**
**အ သက် ကယ် ပါ**

## ဒေါ်မြရီ
### အသက်(၈၈)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ (၂)လမ်းအရှေ့၊ အမှတ်(၁၂၀/က)နေ (ဦးကျော်ငြိမ်း)၏ ဇနီး၊ ဦးသိန်းထွန်း-ဒေါ်လှငွေ၊ ဦးထွန်းဆွေ-ဒေါ်ခင်ကျော့ (မြန်မာ့ပုလဲလုပ်ငန်း)၊ ဦးမောင်မောင်နိုင်-ဒေါ်သီသီမြင့်၊ ဦးပြုံးချို-ဒေါ်ရင်ရင်လှတို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၅-၅-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဖေသန်း (ဆကာကြီး)
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဗဟိုသုတေသနလုပ်ငန်းအဖွဲ့**
### အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဆကာကြီးမြို့နေ (ဦးအေးဖေ-ဒေါ်စိန်တင့်)တို့၏ သား၊ (ဦးမောင်နီ-ဒေါ်သောင်း)တို့၏ သားသမက်၊ (ဒေါ်အုန်းသင်)၏ တူ/သား၊ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၄၂၀၂)၊ အခန်းအမှတ်(၀၅)နေ ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းညွန့်-ဒေါ်ဆွေဆွေသန်း၊ ဦးအောင်အောင်သန်း-ဒေါ်စိုးစိုးမြင့်၊ ဒေါ်ဝေဝေသန်း(ဒု-ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန-နေပြည်တော်)၊ ဦးမောင်မောင်သန်း၊ (ဦးဝင်းသန်း)တို့၏ ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၅-၅-၂၀၁၉ ရက် ည ၁၀း၂၀ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မေမေသီ (ခ) ဒေါ်တင်ကြည် (၈၅) နှစ်
**အ.ထ.က ချောင်းဆုံ၊ အ.ထ.က-၂ ရန်ကင်း၊ အ.လ.က-၃ ရန်ကင်း၊ ကျောင်းဆရာမ**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၁၂၁)၊ အခန်း(၇)နေ [ဦးဝင်းမောင် (ဗိုလ်တထောင်မြို့နယ်၊ အင်ဂျင်နီယာ)]၏ဇနီး၊ မွန်ပြည်နယ်၊ ဘီလူးကျွန်း ချောင်းဆုံမြို့နေ (ဦးထွန်းသင်-ဒေါ်သန်းကြွယ်)တို့၏သမီး၊ ဦးကျော်မျိုးဦး၊ ဦးဝင်းမော်(တရားလွှတ်တော်ချုပ်ရှေ့နေ)-ဒေါ်ခင်အေးမော်(အလက-၄ ရန်ကင်း၊ ငြိမ်း)၊ ဦးမင်းထွဋ်အောင် (MOGE)-ဒေါ်နုခေါင်၊ ဦးရဲထွဋ်အောင်၊ ဦးနိုင်ကိုကိုလတ်(Super A.K)၊ ဦးလှမိုးနိုင်-ဒေါ်ခင်ဥမ္မာဖြိုး၊ ဦးဘချစ်(ဥက္ကဋ္ဌ၊ ပြည်ခိုင်ဖြိုးပါတီ၊ ရန်ကင်းမြို့နယ်)-ဒေါ်ခင်မြတ်မြတ်မိုး(ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ)တို့၏မိခင်၊ ဒေါက်တာဇာနည်သောင်း-ဒေါက်တာတင်ထက်ခိုင်၊ မဆွေယုနိုင်(Goshu-A1)၊ မောင်အောင်ရဲထွဋ် (ဧတ္တ-စက်ဘာ့ပူ)-မခင်ငြိမ်းချမ်းအောင် (ဧတ္တ-စင်ကာပူ)၊ ဒေါက်တာဆုရည်နှင်း (သင်္ဃန်းကျွန်းစံပြဆေးရုံကြီး)၊ မောင်ကောင်း ဆက်သန့်(M.I.U)၊ ဂျွန်ဇော်တောင် (အထက-၁၊ ရန်ကင်း)၊ စတီဗင်ဆိုင်းနော်(အထက-၁၊ ရန်ကင်း)တို့၏အဘွား၊ မဆုသက်မှူးနိုင် (ILBC)တို့၏ဘွား ဘွားကြီးသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ည ၁၀း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းပို (အလိန်လည်)
### အသက်(၇၉)နှစ်
**လက်ထောက်ငွေစာရင်းအရာရှိ(ငြိမ်း)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ (ဦးရွှေလှ-ဒေါ်ကြင်ဝေ)တို့၏ သား၊ (ဦးသိန်း-ဒေါ်မြိုင်)တို့၏ သားသမက်၊ (ဦးလှချစ်-ဒေါ်နှင်းညွှန့်)၊ [ဒေါ်အုံးကြွေ(ခ)ဒေါ်တာ]၊ (ဦးမျိုးတင့်ဝေ)-ဒေါ်အေးသန့်၊ (ဦးမြင့်ရီ-ဒေါ်ညို)၊ (ဒေါ်တင်ယုံ)၊ ဒေါ်မြသောင်း၊ ဦးသန်းချို-ဒေါ်သန်းသန်းတို့၏ မောင်/ညီ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၉၇၆)နေ (ဒေါ်သန်းသန်းသိန်း)၏ ခင်ပွန်း၊ ဦးရဲသန်း-ဒေါ်မေစန်းထွေးတို့၏ ဖခင်၊ မောင်အောင်ရဲဦး၏အဘိုး ဦးသန်းပိုသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း
### အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးဟန်တင်-ဒေါ်စောရီ)တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးဝင်းနိုင်(ခ)ကိုချို-ဒေါ်ခင်ငွေးမြင့်တို့၏ အစ်မ၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ်(၄၁၄)နေ ဦးခင်သန်း(ညောင်တုန်းမြို့နယ်တရားသူကြီး-ငြိမ်း)၏ ဇနီး၊ ဦးဇော်နိုင်ဦး-ဒေါ်လွင်လွင်ဦး၊ ဦးကျော်ဇေယျ-ဒေါ်ခင်သီတာထွန်း၊ ဦးဝင်းနိုင်ဦး-ဒေါ်ထားစန္ဒာ၊ ဦးသန်းဦး-ဒေါ်မျိုးသန္တာ၊ ဦးနန္ဒကိုကို-ဒေါ်ဥမ္မာသောင်း၊ ဦးဝဏ္ဏမောင်မောင်-ဒေါ်ဖြူမာလွင်၊ ဦးအောင်ကျော်စွာ-ဒေါ်အေးစုနန္ဒာတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၂၅-၅-၂၀၁၉ (စနေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# တိုယိုတာကုမ္ပဏီ မြန်မာနိုင်ငံ၌ မော်တော်ကားစက်ရုံ တည်ဆောက်မည်



တိုယိုတာကုမ္ပဏီ၏ မော်တော်ကားစက်ရုံတစ်ရုံကို တွေ့ရစဉ်။

**ရန်ကုန် မေ ၂၆**

ဂျပန်နိုင်ငံအခြေစိုက် Toyota Motor Corp. သည် မြန်မာနိုင်ငံ၌ မော်တော်ကားစက်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်နေကြောင်း သိရသည်။ မော်တော်ကားစက်ရုံတည်ဆောက်မည့် တရားဝင်ကြေညာချက်ကို ယခုလအကုန်တွင် ထုတ်ပြန်နိုင်ပြီး စက်ရုံတည်ဆောက်မှုကို ယခုနှစ်အတွင်း စတင်မည်ဖြစ်သည်။

**တပ်ဆင်သွားမည်**

မော်တော်ကားစက်ရုံမှာ သီလဝါအထူးစီးပွားရေးဇုန်၌ တည်ရှိမည်ဖြစ်ပြီး ဂျပန်နှင့် အနီးအနားရှိ နိုင်ငံများမှ တင်သွင်းသည့် အစိတ်အပိုင်းများဖြင့် pickup ထရပ်ကားများ တပ်ဆင်သွားမည်ဖြစ်သည်။

**နှစ်ဆကျော် ပိုမိုများပြား**

မကြာသေးမီအချိန်က မြန်မာနိုင်ငံတွင် စီးပွားရေးအရ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နှစ်စဉ် ဂျီဒီပီနှုန်းမှာ ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ကားသစ် ၁၇၅၀၀ ခန့် ရောင်းချခဲ့ရသော်လည်း အဆိုပါပမာဏမှာ ယခင်နှစ်ကထက် နှစ်ဆကျော် ပိုမိုများပြားခဲ့သည်။ တိုယိုတာကုမ္ပဏီသည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် ခရီးသည်တင်ယာဉ်နှင့် လုပ်ငန်းသုံးကား ၂၀၀၀ ခန့် တင်ပို့နေသော်လည်း မြန်မာနိုင်ငံကို အလားအလာ အလွန်ကောင်းမွန်သော ဈေးကွက်တစ်ခုအဖြစ် ရှုမြင်ထားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

## ရန်ကုန်မြို့၌ ကျင်းပသည့် (၃၆) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတွင် အားကစားသမား ၈၀၀ ကျော်ပါဝင်


ရန်ကုန်မြို့၌ (၃၆) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပစဉ်။

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများပါဝင်သော (၃၆) ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးအားကစားလှုပ်ရှားမှု စက်ဘီးစီးနင်းပွဲကို အင်းစိန်မြို့နယ် အင်းစိန်နံ့သာကုန်းပန်းခြံအနီး ကျင်းပရာ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက ယနေ့နံနက် ၆ နာရီတွင် သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

တာအလွှတ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ စက်ဘီးစီးအားကစား ဝါသနာရှင် အမျိုးသား အမျိုးသမီး စုစုပေါင်း

**စာမျက်နှာ ၉ ကော်လံ ၄ သို့** ✪



## အာဆီယံကျောင်းသားအားကစားပွဲအတွက် လူရွေးပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၂၆**

၂၀၁၉ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ရေကူး စသည့် အားကစားနည်းများ လူရွေးချယ်ပွဲ ဒုတိယနေ့ကို **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❖


**ကြေးမုံ ယနေ့ဖတ်စရာ**

**ချယ်လ်ဆီးအသင်းနည်းပြ ဆာရီ ဂျူဗင်တပ်အသင်းနည်းပြဖြစ်လာမည်**

စာမျက်နှာ » ၉

**တရုတ်အီလက်ထရွန်နစ်လုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည်**

စာမျက်နှာ » ၁၈


## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

(မေ ၂၆ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**


MYANMA TOURISM BANK

မြန်မာ့ခရီးသွားဘဏ်

"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"

Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682

Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com